
mgyoe.com

သခင်မြသန်း

# ဦးသူတော်နဲ့ ကိုသစ္စာ



mgyoe.com

mgyoe.com

သခင်မြသန်း၏ မူကွဲလက်ရာ
ဂျပန်ခေတ်နောက်ခံဝတ္ထု၊

# သခင်မြသန်း

# ဦးသူတော်နဲ့
# ကိုသစ္စာ



ANB0135
4,500.00KS

mgyoe.com

mgyoe.com

ဦးသူတော်နဲ့ ကိုသစ္စာ၊ သခင်ပြုသန်း
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၂၄ မျက်နှာ၊ ၁၃ ·၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၄၊ စာပေလောကစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

ဦးသုတော်နဲ့ တိုသစ္စာ

သခင်မြသန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

## (၁)

သစ်ပင်ကြီး ဝုန်းခနဲလဲသွားသောအခါ သစ်ပင်ပေါ်က မျောက်တွေ ကျွမ်းထိုးမှောက်ခုံ ပိုးလိုးပက်လက် ကျကုန်လေတော့၏။ သင်္ဘောကြီး နစ်သောအခါ သင်္ဘောပေါ်နေသော ကြွက်ကလေးတွေ ကစဥ့်ကလျား ရေထဲ ကူးပြေးကြရ၏။

သစ်ပင်ပေါ် တက်ရောက်နေထိုင်ကြသော်လည်း ထိုမျောက် သတ္တဝါတို့ သစ်ပင်ကြီးကို စိုက်ပျိုးထူထောင်ခဲ့ခြင်း မဟုတ်ချေ။ သစ်ပင်ပေါ်တက်ရောက် မှီတင်းနေထိုင်စဉ် အတွင်းတွင်လည်း ထိုသစ်ပင် ရှင်သန်ကြီးထွားရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် မည်သို့မျှ အကျိုးပြုခြင်းမရှိပေ။

သင်္ဘောကြီးအတွင်း မှီတင်းနေထိုင်သော ကြွက်တို့သည်လည်း ထိုသင်္ဘော မပေါက်မကွဲ၊ ရေမယိုရေးနှင့် မနစ်မြုပ်စေရေးအတွက် မည်သို့မျှ ဆောင်ရွက်ပေးနိုင်စွမ်းမရှိချေ။

သစ်ပင်ကြီးလဲသဖြင့် မြေကြီးပေါ် ဝုန်းခနဲကျလာသည့် မျောက်သတ္တဝါတို့အနက်မှ တစ်ကောင်သောမျောက်သည် မချိမဆံ့ဖြစ်ရာကနေ

mgyoe.com

mgyoe.com


အခြားအဖော်သဟဲတို့ မည်သို့ရှိလေသနည်းဆိုကာ အားခဲပြီး ခေါင်းထောင်ကြည့်လိုက်၏။

သစ်ကိုင်းပိ၍ လျှာထွက်နေသော မျောက်ရော၊ တစ်ခေါင်းလုံး ကြေသွားသောမျောက်ရော၊ အူထွက်သေနေသော မျောက်ရော။

နောက်ပြီး ပေါင်ကျိုး၊ ခြေကျိုး၊ လက်ကျိုး၍ မထနိုင်သော မျောက်တွေရော။

မချိတရိ နာကျင်သည့်ဒဏ်ကြောင့် အော်မြည်နေသည့် မျောက်တွေရော။

တစ်ချိန်ကထောင်၍ ယခုလဲနေသော သစ်ပင်ကြီးအကြားက အကျနာ၍ မချိတရိဖြစ်နေရသော မျောက်သတ္တဝါတို့ ကြုံရပုံက အမြင်မတော်ချေ။

မချိတရိနှင့်ပင် ခေါင်းထောင်ကြည့်လိုက်မိသေး၏။

အစက သည်အပင်ကို အမြင့်ဆုံးထင်ခဲ့သော်လည်း ယခုမဟုတ်တော့။ အစက သည်သစ်ပင် အခိုင်ဆုံးထင်ခဲ့သော်လည်း ယခုမဟုတ်တော့။

ခုတော့ တခြားသစ်ပင်တွေ သိပ်ကိုမြင့်နေပကော။

## (၂)

**မင်းကတော် ကျွန်ပုံပေါက် ချွေးလောက်မကောင်း။**

အမြင့်က ကျတော့ နာသည်။ သို့သော် အကျနာသူအား မြေကြီးပေါ်က နေ ဆီးကြိုဂါရဝပြုရင်း ကောင်းချီးသြဘာပေးကြပုံက သည်လိုသာလျှင် တည်း။

အမြင့်ကကျသမို့ အကျနာကာ မချိမဆံ့ဖြစ်နေရှာသူအား ကောင်းချီးသြဘာပေးဖို့အတွက် ဤသို့သော ဆိုရိုးစကားကို လူကြီးသူမတို့ ထားရှိခဲ့ကြ၏။

**မင်းကတော် ကျွန်ပုံပေါက် ချွေးလောက်မကောင်း။**

လူတစ်ယောက် ဆင်းရဲဒုက္ခရောက်နေပုံကို တွေ့သောအခါ အများအားဖြင့် သနားကရုဏာ သက်ရောက်တတ်ကြ၏။

သို့သော် ထိုသူတစ်ယောက် ဒုက္ခရောက်နေပုံကို မြင်တွေ့ရသောအခါ

mgyoe.com

mgyoe.com


တွင်မူ သနားကရုဏာ သက်ရောက်ခြင်း မရှိရုံသာမက လူအပေါင်းများစွာတို့ သူ့ကိုကြည့်ကာ ဝမ်းသာလို့တောင် နေကြ၏။

သူတော် ခွေးကျ ကျပကော။

ဒုက္ခဆင်းရဲ ရောက်ရရှာသော ထိုပုဂ္ဂိုလ်အား တွေ့မြင်ကြသူ လူအများက အဲသည်လိုစကားကိုပင် ဝမ်းသာအားရ ပြောလိုက်ကြသေး၏။

မင်းကတော် ကျွန်ပုံပေါက် ခွေးလောက်မကောင်း။

ဒုက္ခရောက်နေသူအပေါ် ကရုဏာတရားမပွားတဲ့အပြင် သူတစ်ပါး ဒုက္ခကိုကြည့်ကာ ဝမ်းသာလို့တောင် နေကြ၏။

တွေ့လား၊ သူတော်ဘယ်လိုဖြစ်နေပလဲ။ ခုတော့ ထမင်းတစ်လုတ်စားရဖို့အတွက် ဘယ်လောက်အခက်အခဲ တွေ့နေပလဲ။

ကောင်းတယ်၊ သိပ်ကောင်းတယ်။

ဝမ်းသာသကွာ၊ သိပ်ကို ဝမ်းသာတယ်။

ကိုသူတော် ထမင်းတစ်လုတ်စားရဖို့ ခက်ခဲနေပုံကိုကြည့်ပြီး ဝမ်းသာမဆုံးဖြစ်ကာ သည်လိုများပင် သြဘာပေးလိုက်ကြသေး၏။

## (၃)

'ထမင်းတစ်လုတ်စားရဖို့အတွက် ဘယ်လောက် ခက်ခက်ခဲခဲလုပ်ရကိုင်ရတယ်ဆိုတာကို ခင်ဗျား ခုထိ နားမလည်သေးဘူးလား'

မျက်နှာငယ်နှင့် အောက်ကျို့ပြောလာသည့်ဒုက္ခသည် ကိုသူတော်အား လူငယ်တစ်ယောက်က သည်လိုအော်ငေါက် ပြောလိုက်၏။

ကိုသူတော် တော်တော့်ကို ဝမ်းနည်းကြေကွဲသွားမိ၏။

ဩော်... အစတုန်းက ငါနဲ့တွေ့ကြရင် သူတို့တစ်တွေ မာရေကျောရေ ပြောဝံ့ဖို့ နေနေသာသာ၊ ခေါင်းကိုတောင် သိပ်မော့ပြီး စကားပြောရဲကြတာ မဟုတ်ဘူး။ အစက ဒီလို ဘယ်ဟုတ်မလဲ၊ ငါ့ကို ရိုရိုသေသေ စကားပြောခဲ့ကြရတဲ့လူတွေ၊ ခုတော့။

ကိုသူတော်သည် ကြီးစွာသော ဝမ်းနည်းခြင်း အစိုင်အခဲ ရင်ဝယ်စွဲလာသဖြင့် လေးလံစွာဖြင့် သူ့ဘာသာ စိတ်ထဲကနေ မချိတရိ သည်လိုပြောလိုက်မိသော်လည်း မတတ်သာသဖြင့် ထပ်ကာ ပြောရပြန်လေသည်။

mgyoe.com

mgyoe.com


'ငါ အဆင်မပြေသေးတဲ့အခါမို့ မင်းကို အကူအညီတောင်းတာပါကွာ၊ အခု ညစာမပြောနဲ့ မနက်စာတောင်မှ မစားရသေးပါဘူး။ များများမဟုတ်တောင်မှ ငွေငါးကျပ်လောက်ရရင် တော်ပါပြီ။ စိတ်ချပါ၊ မင်းဆီက ချေးတဲ့ပိုက်ဆံကို ငါ ဆက်ဆက်ပြန်ဆပ်မှာပါကွာ'

ဝမ်းဗိုက်ကဗလာ၊ စားစရာနတ္ထိမို့ မချိလှသည့်အတွက် သူ့ညီငယ်လောက်အရွယ် အိမ်နီးနားချင်းတစ်ယောက်ထံ ကိုသူတော် အောက်ကျို့ကာ ငွေချေးပါသော်လည်း ထိုလူငယ်ထံမှ ငွေထွက်မလာဘဲ မညှာမတာပြောရက်သည့်စကားသံသာ ထွက်ပေါ်လာလေသည်။

ဩော် ခုနေအခါ ငွေငါးကျပ်၊ တစ်ဆယ်ဆိုတာလောက်တောင် ရဖို့ခဲယဉ်းနေပါကလား။

ကိုသူတော်မှာ ဆွေမရှိ၊ မျိုးမရှိမဟုတ်ချေ။ ဆွေမျိုးရင်းချာ အချို့ရှိသောကြောင့် ကြီးတော်အိမ်ပေါ် တက်နေခဲ့လေသည်။

သူတို့ထံလာရောက်နေထိုင်သော တူတော်မောင်အား ကြီးတော်တို့ လင်မယားက သူတို့စားရသလို ကျွေးမွေးထားခဲ့၏။ ဟင်းကောင်းစားနိုင်သောအနပ်တွင် သူတို့စားရသလိုပင် ဟင်းကောင်းနှင့်၊ ဟင်းကောင်းမစားနိုင်သောအခါတွင်လည်း စားရသမျှဟင်းနှင့် သူတို့စားသလိုပင် ကျွေးခဲ့၏။

ကြီးတော်ယောကျ်ား ဦးရွှေအိုးမှာ လက်လုပ်လက်စားဖြစ်၍ နေ့စာနေ့၊ ညစာည၊ အလျဉ်မီအောင် မနည်းရှာစားနေရသူဖြစ်ချေသည်။ အသက် ၁၄–နှစ်ရွယ်၊ ၁၁ နှစ်ရွယ်နှင့် ခုနစ်နှစ်ရွယ် သားသမီးသုံးယောက်ရှိပြီး အိမ်ပိုင်မရှိသောကြောင့် အိမ်ငှားနေရသည်ဖြစ်ရာ ကြီးတော်ယောကျ်ားတစ်ဦးတည်း၏ လုပ်စာနှင့် မလုံလောက်သဖြင့် တစ်ဖက်တစ်လမ်းကနေ ကြီးတော်ပါ အလုပ်လုပ်နေရသေး၏။

ချွတ်ခြုံကျလာသော ကိုသူတော်သည် ဤမိသားစုထံ လာရောက်မှီခိုနေထိုင်ခဲ့လေသည်။

ငါ့မှာ ဆွေနဲ့မျိုးနဲ့ပဲ။

ထမင်းကျွေးမယ့်လူ ရှိသေးတာပဲ၊ နေစရာလည်း ရှိနေတယ်။

ကြီးတော်တို့အိမ် ရောက်စတွင် စိတ်ထဲက သည်လိုပြောပြီး ကြီးတော်လင်မယား၏လုပ်စာကို မြိန်မြိန်စား၍ နေလိုက်၏။

mgyoe.com

mgyoe.com


စားလို့ကောင်း၊ အိပ်လို့ကောင်း။

နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဘကြီးနှင့် ကြီးတော်တို့ ဝမ်းရေးအတွက် အလုပ်ထွက်လုပ်နေကြသော်လည်း ကိုသူတော်မှုကား နေဖင်ထိုးမှ အိပ်ရာက ထလေ့ရှိ၏။ နံနက်စာ စားပြီးသောအခါ တစ်ရေးတစ်မော အိပ်ပျော်သွားပြန်လေတော့၏။

အိပ်ရာကနိုး၍ ဝမ်းဗိုက်ဆာနေသော်လည်း ထမင်းက အသင့်မရှိသေး။

ဘကြီးနှင့် ကြီးတော်တို့ လုပ်တုန်းကိုင်တုန်း၊ ရှာဖွေတုန်းဖြစ်သောကြောင့် ထမင်းမချက်ရသေးချေ။ ဘကြီးတို့၏သားကြီး ဩရသ ၁၄ နှစ်ရွယ် မောင်ကံအေး ကျောင်းကပြန်လာမှပင် ရေခပ်ခြင်း၊ ထမင်းအိုးတည်ခြင်း စသော အိမ်မှုကိစ္စများကို ပြုလုပ်ရလေသည်။

ညနေ ၅ နာရီခန့်တွင်မှ အလုပ်ကပြန်လာသော ဘကြီးနှင့် ကြီးတော်တို့ ဝယ်ယူလာသည့် ဟင်းချက်စရာကလေးများကို ချက်ပြုတ်၍ ၆ နာရီလောက်တွင် ညစာထမင်းကို ဝိုင်းဖွဲ့စားသောက်ကြရ၏။

ဘယ်လိုပဲ စားရစေကာမူ ထမင်းဝိုင်းတွင် သူ့အတွက် ထမင်းပန်းကန်ရှိနေပြီးလျှင် မိသားစုတို့စားရသည့်အတိုင်း သူသည် စားရ၏။ ငါးဟင်းချက်လျှင် ငါးဟင်း၊ ပဲဟင်းချက်လျှင် ပဲဟင်း၊ ငါးပိချက်နှင့် လွေးရလျှင်လည်း ငါးပိချက်နှင့်။

နောက်ပြီး ဘကြီးနှင့် ကြီးတော်တို့၏ ဆေးလိပ်ခွက်ထဲတွင် အသင့်ရှိနေသည့် ဆေးပေါ့လိပ်ကိုလည်း ယူသောက်လိုက်၏။ မတတ်သာလို့ဆေးပေါ့လိပ်သောက်ရတာ၊ သောက်ချင်တာက စီးကရက်။

မိုးချုပ်ပြီဆို တခေါခေါ အိပ်ပျော်သွား၏။ မနက်မိုးလင်း၍ ဘကြီးနှင့်ကြီးတော်တို့ အလုပ်ခွင်ဆင်းသွားပြီးနောက် အတော်ကြီးကြာမှ အိပ်ရာကနိုးလေ့ရှိ၏။

သူ့အနေနှင့် အကြံအစည် အပေါက်အလမ်းမတည့်ခင် မှိုခိုနေရတာဟူသော စကားကိုမူ ကိုသူတော် မကြာခဏ ပြောလေ့ရှိပေသည်။ တစ်နေ့နေ့ ဟန်ကျလာမှာပေါ့ဟူ၍လည်း ကြုံးဝါးပြောဆိုတတ်သေးသည်။

ဘကြီးနှင့် ကြီးတော်တို့သည် ဘုရားဟောဖြစ်သည့် မင်္ဂလာတရားအရ ဆွေမျိုးသားချင်း၏ဝတ္တရားကို ထမ်းဆောင်သောအားဖြင့်

mgyoe.com

mgyoe.com


စားရမဲ့၊ သောက်ရမဲ့ဖြစ်နေသော မိမိတို့၏တူသားအား တတ်နိုင်သမျှ ကျွေးမွေးထားကြ၏။

သို့သော် ကြီးတော်ယောက်ျားက စေတနာ သဒ္ဓါတရား ခေါင်းပါး၏။

ရက်အတန်ငယ်ကြာသောအခါ ကိုသူတော်အား အိမ်ပေါ်တွင် ထမင်း တင်ကျွေးထားရသည်ကို မသဒ္ဓါသလို အသွင်လက္ခဏာတွေပြကာ ငြူစူ လာလေသည်။

ကြီးတော်ကတော့ ဩော် သူ့ခမျာ အကြံအစည်အပေါက်အလမ်း မတည့်သေးလို့ နေရရှာတာ၊ နေပါစေဦးဆိုကာ ခင်ပွန်းသည်အား ဖျောင်းဖျ ပြောဆိုထားရှာသည်။

သို့သော် ရက်အနည်းငယ်ကြာလျှင် ကြီးတော်ပါ ငြူစူလာပြန်လေ တော့၏။

'ထမင်းတစ်လုတ်စားဖို့ ရှာရ၊ ဖွေရ၊ လုပ်ရ၊ ကိုင်ရတာ လွယ်ကူတယ် မှတ်သလား' ဟူ၍ ဘကြီး ပြောလာပါလေသည်။

ကိုသူတော်ဆိုသူကား အသက်မွေးဝမ်းကျောင်းပညာ ဆို၍ ဘာတစ်ခုမျှ တတ်ကျွမ်းခြင်း မရှိချေ။ ထို့ကြောင့် ထမင်းတစ်လုတ် စားဖို့အတွက် သူ့ခမျာ ဘာမျှမလုပ်တတ်၊ မကိုင်တတ် ဖြစ်နေရှာပေသည်။ လက်မှုပညာလည်း မတတ်၊ အရောင်းအဝယ်လည်း မတတ်၊ ဉာဏစွမ်းအား အသုံးပြုရသော ကျွမ်းကျင်မှုပညာ တစ်စုံတစ်ရာလည်း တတ်ကျွမ်းနားလည်ခြင်း မရှိချေ။

ကာယအလုပ်တစ်ခုခုလုပ်ဖို့ ဆိုသည်ကလည်း သူ့အဖို့ ခက်၏။ ခက်သမှ တော်တော့်ကိုခက်၏။ အဘယ့်ကြောင့်ဆိုသော် အထည်ကြီးပျက် လို ဖြစ်နေသောကြောင့်တည်း။

'သူတော်ရေ၊ မင်း ဒီလိုချည်းနေလို့ ဘယ်ဖြစ်မလဲ၊ တစ်ခုခုလုပ်ဦးမှ ပေါ့'

ဘကြီးဖြစ်သူ ဦးရွှေအိုး သည်လိုပြောလာသောအခါ

'ကျွန်တော် လုပ်မလို့ပါပဲ၊ အဆင်မပြေသေးလို့ နေတာ' ဟု ကိုသူတော် ပြန်၍ပြောလိုက်၏။

ဝင်ငွေမလိုချင်ဘဲ ဘယ်ရှိပါ့မလဲ။

မတတ်သာလို့ နေရသေးတာပေါ့။

mgyoe.com

mgyoe.com


# (၄)

ဘကြီးတော် ဦးရွှေအိုးဆိုသူကား စေတနာသဒ္ဓါတရား ခေါင်းပါးသူပါတည်း။

'မင်းအတွက် အလုပ်တစ်ခုပြောလာခဲ့ပြီဟေ့၊ အလုပ်လုပ်ဖို့ ပြင်ပေတော့'

ဘကြီးတော်က အဲသည်လို ပြောဆိုလာလေပြီ။ ကြီးတော်လည်း ဝမ်းသာသွားရှာသည်။

'ငါ့တူ အလုပ်ရမယ်ဆိုတော့ ကြီးတော် ဝမ်းသာသပေါ့'ဟူ၍ ဒေါ်စောလှကလည်း ဝမ်းသာအားရ ပြောလိုက်၏။

သည်လို သတင်းကောင်းကြားရသော်လည်း ကိုသူတော်၏ မျက်နှာဝယ် ဝမ်းသာရွှင်ပျော်သည့် အရိပ်လက္ခဏာ ပေါ်ထွက်မလာချေ။

ဘကြီးမျက်နှာတစ်လှည့်၊ ကြီးတော်ကိုတစ်လှည့် ကြည့်ကာ ကြောင်ကြောင်ငေးငေးနှင့်သာ နားထောင်နေလေသည်။

'အလုပ်ရရင် လုပ်မယ်မဟုတ်လား'ဟု တစ်ခါ ဦးရွှေအိုး ထပ်၍ မေးလိုက်၏။

'ဘာအလုပ်ရမှာလဲ'

ဤကား ကိုသူတော်၏ နှုတ်ဖျားမှ မြည်လာသော တန်ပြန်မေးခွန်းတည်း။

'ငါလုပ်တဲ့ ဝပ်ရှော့မှာ လူတစ်ယောက်လိုနေတယ်။ ဒီအလုပ်လိုချင်လို့ လာပြောကြတာ မနည်းတော့ဘူး။ အလုပ်ရှင်က ငါ့မျက်နှာထောက်ထားလို့ မင်းကိုသွင်းဖို့ သဘောတူတာ'

ဦးရွှေအိုး၏ စကားကို ကြားရသောကြောင့် ကိုသူတော် ဝမ်းသာအားရဖြစ်သွားသည် ထင်ပါသလား။

ဝမ်းသာဖို့ဝေးရော၊ မျက်နှာများတောင် ပျက်သွားပေသေးသည်။ သို့ကြောင့် –

'ဟာ အဲဒီအလုပ် ကျွန်တော် လုပ်တတ်တာမှ မဟုတ်ဘဲ' ဆိုသောစကားသာလျှင် ကိုသူတော်၏ ပြန်ကြားချက် ဖြစ်လာခဲ့လေသည်။

'လုပ်ရင်း သင်သွားရမှာပေါ့ကွာ။ ငါရော ငါနဲ့အတူ လုပ်နေတဲ့ ကိုဘိုး

mgyoe.com

mgyoe.com


သိန်းကပါ မင်းကို ကြပ်မတ်ခိုင်းရင်း သင်ပေးသွားမှာပါ။ ဖောက်စက်လှည့်ပြီး သံဖောက်တာ၊ သံဖြတ်လွှဆွဲပြီး သံဖြတ်တာ၊ ရပစ်ရိုက်တာတို့ ဆိုတာတွေ မခက်ပါဘူး။ တော်တော်တန်တန် အားရှိတဲ့ယောကျာ်းမှန်ရင် ဘယ်သူမဆို လုပ်နိုင်တဲ့ အလုပ်မျိုးပါကွာ။ တခြားဟာတွေ ဘယ်လိုလုပ်ရမယ်ဆိုတာကိုလည်း ငါတို့ပြပေးသွားမှာပေါ့'

ဘကြီးတော် ဤသို့ပြောကာ ကိုသူတော်၏မျက်နှာကို အကဲခတ်သလိုကြည့်ရင်း ဆက်၍ပြောလေသည်။

'နေ့စားကွ၊ အခု အလုပ်စဝင်ဝင်ချင်း တစ်နေ့သုံးမတ်ရမယ်၊ အလုပ်ကျွမ်းကျင်တာနဲ့အမျှ နေ့တွက်တိုးလာမှာ သေချာတယ်။ အဲဒါ ငါ့မျက်နှာကြောင့်ရတာ'

ထိုရောအခါ ကြီးတော် ဒေါ်စောလှ ဝမ်းသာအားရဖြစ်ကာ ဝင်ပြောလေတော့၏။

'ငါ့တူကြီး အလုပ်အကိုင်နဲ့ ဝင်ငွေနဲ့ ဖြစ်လာတော့မယ်၊ ဝင်ဝင်ချင်း တစ်နေ့သုံးမတ်ဆိုတာ မနည်းဘူး။ နောက် တစ်လ၊ နှစ်လဆို တစ်ကျပ်နှစ်ကျပ် ရလာမှာ'

ကြီးတော်ဖြစ်သူ ဝမ်းသာအားရပြောသော်လည်း တူတော်မောင်မှုကား မျက်စိမျက်နှာ မသာမယာ ဖြစ်နေရှာလေသည်။ ဘကြီးဖြစ်သူက သူ့ကို အလုပ်ရအောင်၊ ဝင်ငွေရအောင် အတတ်နိုင်ဆုံး ကြိုးစားကူညီခြင်း ဖြစ်သော်လည်း သူ့အနေနှင့်တော့ သည်စကား ပြောလာခြင်းမှာ သူ့ကိုအထင်သေးလို့ ပြောတာပဲဆိုကာ နှိမ့်ချခံရခြင်း၊ စော်ကားခံရခြင်းဟူ၍ ထင်မှတ်ကာ စိတ်မချမ်းမသာ ဖြစ်သွားလေတော့သည်။

'ကဲ လုပ်မယ်မဟုတ်လား၊ မနက်ဖြန်မနက် ငါနဲ့အတူလိုက်ပြီး အလုပ်ဆင်းပေတော့။ မနက်ဖြန်ကစပြီး တစ်နေ့ သုံးမတ် ဝင်ငွေရှိသူ ဖြစ်လာပြီ'

ဤသို့ပြောသည့် ဦးရွှေအိုး၏ စကားကြောင့် သူ့ခန္ဓာထဲမှာ သွေးဆုတ်သွားသလိုဖြစ်ကာ တစ်မျက်နှာလုံး ဖြူရော်သွားလေသည်။ မျက်ခုံးကို တွန့်၍ နှာခေါင်းရှုံ့ကာမဲ့ပြီး ကိုသူတော် မခံချိ မခံသာ ပြန်ကြားသောစကားကို ဘကြီးနှင့် ကြီးတော်တို့ ကြားလိုက်ရသည်ကား

'ဟာဗျာ ဒီလိုအောက်တန်းကျတဲ့အလုပ်ကို ကျွန်တော်လိုလူ လုပ်နိုင်ပါ့

mgyoe.com

mgyoe.com


မလား' ဟူသော စကားတည်း။

သူ့စကားက ဘကြီး၏ ခန္ဓာထဲတွင် ရှိနေသမျှ သွေးတွေ ယောက်ယက်ခတ် ဆူပွက်လှုပ်ရှားသွားအောင် မီးတင်ပေးလိုက်သလို ရှိသောကြောင့် ဘကြီး၏ မျက်နှာတစ်ပြင်လုံး နီမြန်းလာရုံမက အသားတွေပါ ဆတ်ဆတ်တုန်လာလေတော့၏။

'ဟင်း အောက်တန်းကျတဲ့ အလုပ် ဟုတ်လား။ အလုပ်မရှိတော့ မရှိသေးလို့ဆိုတယ်၊ အလုပ်ရအောင် ရှာပေးပြန်တော့ အောက်တန်းကျတာမို့ မလုပ်ချင်ဘူးတဲ့။ ဟေ့ ငါ ဒီအလုပ် လုပ်စားနေတာကို မင်းမသိဘူးလား။ ဒီလို အောက်တန်းကျတဲ့အလုပ် လုပ်နေရသူရဲ့ လုပ်စာကို ကပ်စားနေတာကော အောက်တန်းမကျဘူးလား'

ဒေါသနှင့်ပြောသည့် ဘကြီး၏စကားသံသည် အိမ်ခန်းကလေးအတွင်း မုန်တိုင်းဆင်သလို မြည်ဟိန်းသွားလေသည်။

ဒေါ်စောလှ ပျာပျာသလဲနှင့် ခင်ပွန်းကိုတစ်လှည့်၊ တူတော်မောင်ကို တစ်လှည့်ကြည့်ကာ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေလေတော့၏။

'မောင်သူတော်က အလုပ်ရွေးတာကိုး။ မတတ်သာတဲ့အခါ ရရာလုပ်ရမှာပေါ့ကွယ်။ ကောင်းရောင်း ကောင်းဝယ် လုပ်စားတာ ဘာရှက်စရာရှိသလဲ၊ ခိုးဝှက်လိမ်ညာတာသာ ရှက်စရာကောင်းတာကွဲ့။ နောက်ပြီး ကိုယ့်မှာ ဝင်ငွေမရှိတဲ့အတွက် သူများအောက်ကျို့ရတာက ပိုပြီးရှက်စရာ ကောင်းသေးတယ်'

သုံးယောက်အကြားတွင် အတန်ကြာ ဘာမျှမပြည်ဘဲ တိတ်ဆိတ်နေပြီးနောက် အတော်ကလေးကြာမှပင် ဒေါ်စောလှ၏ အသံ ယခုလို မြည်လာနိုင်ခြင်းဖြစ်ချေသည်။

အိမ်ရှေ့ခန်း ကြမ်းပြင်၌ ခင်းထားသည့် ဖျာပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော ဦးရွှေအိုးသည် နောက်ထပ် တစ်စုံတစ်ရာ မပြောတော့ဘဲ တစ်ဖက်လှည့်ပြီး ဆေးပေါ့လိပ် မီးခိုးထောင်းထောင်းထအောင်သာလျှင် ဖွာရှိုက်နေတော့၏။

ကိုသူတော်သည် ဘကြီးမျက်နှာကို ရဲရဲမကြည့်ဝံ့တော့သဖြင့် တွေဝေငေးငိုင်စွာ ထိုင်နေရာက ကြီးတော်အား ဝမ်းနည်းစွာကြည့်ကာ

mgyoe.com

mgyoe.com


'ကြီးကြီးရယ်၊ ကျွန်တော် တခြားအပေါက်အလမ်း ရှာနေပါတယ်' ဟူ၍သာ ပြောရရှာလေသည်။

ထိုအခါ ကြီးတော်ဖြစ်သူ ခေါင်းတဆတ်ဆတ် ညိတ်ရင်း မှတ်ချက်ချလိုက်လေတော့၏။

'အင်း အထည်ကြီးပျက်များ တယ်ခက်သကိုး'

ထိုစဉ် ဦးရွှေအိုး ထိုင်ရာမှ ဝုန်းခနဲထပြီး ပြောဆိုသွားသည်ကား အောက်ပါစကား ဖြစ်လေသတည်း။

'မင်းကတော် ကျွန်ပုံပေါက် ခွေးလောက်မကောင်း'

## (၂)

တော်တော်လည်း စေတနာသဒ္ဓါတရား ခေါင်းပါးတဲ့ ဘကြီးပဲ။

ရက်အနည်းငယ်ကြာသောအခါ ဘကြီးက ကိုသူတော်အား ကျွေးမထားနိုင်ဘူးဆိုသော စကားကို အားမနာ၊ပါးမနာ ပြောလိုက်လေတော့၏။

ဝပ်ရှော့အလုပ်ကို စိတ်မဝင်စားလျှင် အရောင်းအဝယ် လုပ်မလားဟု မေးခဲ့ပေသေးသည်။

စီစဉ်ပေးနိုင်သမျှသော အရောင်းအဝယ် လုပ်ငန်းဆိုတာကလည်း သေးသွေးဖွဲဖွဲကလေးတွေသာမို့ အထည်ကြီးပျက်လို ဖြစ်နေသော ထိုသူအဖို့ သိမ်ငယ်သည်ဆိုကာ မလုပ်လိုခဲ့ချေ။

တစ်ချိန်တွင် တန်ခိုးထွားကာ သူတစ်ပါးအပေါ် အာဏာပြ၍ ပလွှားစွာ နေခဲ့သူအဖို့ သိမ်ငယ်စွာ အသက်မွေးဝမ်းကျောင်း လုပ်နေရပုံကို သူတကာမြင်မှာတွေးပြီး ရှက်ခြင်း၊ ရွံ့ခြင်းကြောင့် ဟိုဟာလည်း မလုပ်ချင်၊ သည်ဟာလည်း မလုပ်လိုဖြစ်ကာ တောင်မကျ မြောက်မရောက်နှင့် ခွကျနေရရှာလေသည်။

ကျောင်းပညာ အရည်အချင်းက ခုနစ်တန်းပင် မအောင်ခဲ့။ အသက်မွေးဝမ်းကျောင်းပညာဆိုလို့လည်း ဘာတစ်ခုမျှပင် မတတ်။

လက်ကြောတင်းအောင်လည်း လုပ်မစားချင်။

အိမ်မှုကိစ္စမှာကော ဘယ်လိုလဲ။

ဘကြီးရော ကြီးတော်ပါ နေ့စာနေ့၊ ညစာည နပ်မှန် စားနိုင်ဖို့အရေး

mgyoe.com

mgyoe.com


အတွက် အလုပ်ထွက်လုပ်နေရ၏။ ကလေးသုံးယောက်စလုံး ကျောင်းတက်ကြရ၏။ ကလေးငယ်တို့ ကျောင်းမှ ပြန်လာသောအခါတွင်မှ ထင်းခွဲ၊ ရေခပ်စသည့် အိမ်မှုကိစ္စအလုပ်များကို လုပ်ကိုင်ကြရ၏။

သူလို လူတစ်ယောက်အနေနှင့် သည်လို အိမ်မှုကိစ္စမျိုးတွေကို ဝင်ရောက် ကူညီလုပ်ကိုင်ပေးဖို့ဆိုသည်ကလည်း သိမ်ငယ်သည်ဆိုကာ မလုပ်လိုခဲ့ချေ။ သို့ကြောင့် ဘာဆိုဘာမျှ ဝင်၍ မလုပ်ခဲ့။

ကျွေးမထားနိုင်တော့ဘူးဟူ၍ ဘကြီးက ဗြောင် ဖွင့်ပြောလိုက်ပေပြီ။

သဒ္ဓါဖို့ တော်တော်ကောင်းသည့် သည်လိုလူစားကို သဒ္ဓါကြည်ဖြူစွာ မကျွေးနိုင်သော ဘကြီးတော် ဦးရွှေအိုးအား ဉာတကာနဥ္စသင်္ဂဟော ဆိုသည့် မင်္ဂလာတရား ခေါင်းပါးသူဟူ၍ အပြစ်ဆိုရလေမည်လား။

ဘကြီးအိမ်က ထမင်းမကျွေးတော့သောကြောင့် ထမင်းတစ်လုတ်စားရဖို့ အလွန်တရာ ခက်ခဲလာရလေတော့၏။

သို့ကြောင့် သူ့ထက် အသက်များစွာငယ်သော အသိလူငယ်တစ်ဦးထံ ငွေချေးပါမည့်အကြောင်း တိုးလျှိုးတောင်းပန်ရခြင်း ဖြစ်ချေသည်။ ထိုအခါ လူငယ် သူ့ကိုပြောလိုက်သည်က ထမင်းတစ်လုတ်စားရဖို့အတွက် ဘယ်လောက် ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း လုပ်ရ၊ ကိုင်ရတယ်ဆိုတာကို ခုထိ ခင်ဗျား နားမလည်သေးဘူးလားဆိုသော စကားတည်း။

အသက် ၂၇ နှစ်ကျော်အရွယ် ကိုသူတော်ဆိုသူ၏ ပုံပန်းက လူပေါ်ကြော့ သဏ္ဌာန်ဆောင်လေသည်။ ဘယ်အခါမဆို ပိုးလုံချည်၊ ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနှင့် သားနားစွာ ဝတ်စားဆင်ယင်လေ့ရှိပေသည်။

သူ့တစ်သက်တာ၌ ထမင်းတစ်လုတ်စားဖို့ရာ ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့ရခြင်း မရှိချေ။

ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပြီး ကြီးပြင်းလာခဲ့သူ ဖြစ်၏။ မိဘရှိစဉ်တုန်းက မိဘလုပ်စာ စားနေခဲ့ပြီး မိဘတွေ မရှိသောအခါတွင်လည်း အပေါက်ကောင်းတွေ့ကာ အစားချောင်လာခဲ့ရ၏။

အရပ်မနိမ့်မမြင့်၊ အသားဖြူပြီး လူရည်သန့်လေသည်။ နဖူးကျဉ်းသော်လည်း မျက်နှာသွယ်၍ ခေါင်းကဆံပင်ကို သေသပ်စွာ ဖြီးထားလေ့ရှိရုံမက မျက်နှာကို ပေါင်ဒါသ၍လည်းကောင်း၊ စနိုးသော်လည်းကောင်း လူးထား

mgyoe.com

mgyoe.com


သဖြင့် သူ့မျက်နှာ ဖွေးဖွေးဖြူနေလေ့ရှိ၏။ ထိုမျှသာမက သူ့အနားကပ်လိုက်လျှင် သင်းရနံ့လှိုင်သော ရေမွှေးနံ့ကို ရှူရှိုက်ရသေး၏။ နဖူးကျဉ်းပေမင့် မျက်နှာသွယ်သောကြောင့် နှာတံရှည်ပြီးလျှင် မျက်ပေါက်ကျဉ်းသော်လည်း ပါးစပ်ပေါက် အလွန်ကျယ်လေသည်။

အမြင်ကျဉ်းသော်လည်း အစားကြီးသူတည်း။

အစားကောင်းကြိုက်တတ်၍ အဝတ်ကောင်းကိုသာ ဝတ်လေ့ရှိသော်လည်း အလုပ်ကိုကား လက်ကြောတင်းအောင် လုပ်ကိုင်ဖူးခြင်းမရှိချေ။

ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားလာသည့် အကြားမှာပင် ကိုသူတော်တစ်ယောက် ကောင်းစားလိုက်သေး၏။ ကောင်းစားလာသောအခါ လူပေါ်ကြော့ ကိုသူတော် ပိုမိုဂိုက်တင်းလာခဲ့၏။ တော်တော်တန်တန် လူကိုဆိုလျှင် အဖက်မတန်ဟု သဘောထား၏။ လူတကာနှင့် ဆက်ဆံရာ၌လည်း ဆက်ဆံရေးက ဆိုးဝါး၏။

ချောင်ချောင်နေပြီး ချောင်ချောင်စားလိုသူတို့ လျှောက်သောလမ်းကား အချောင်လမ်းသာတည်း။

ချောင်ချောင်နေ၊ ချောင်ချောင်စားရုံနှင့် မရောင့်ရဲနိုင်သေးဘဲ ကောင်းစားသထက် ကောင်းစားလိုသော လိုအင်ဆန္ဒကြီးမားသူတို့အဖို့ လိမ်တာ၊ ညာတာ၊ ကလိမ်ကျတာ၊ ညစ်ပတ်တာ၊ ယုတ်မာပက်စက်တာတွေပါ လုပ်ရစမြဲ ဖြစ်ချေသည်။

အစပထမ မိမိရပ်ရွာ၌ စတင်ဖွဲ့စည်းသော မီးသတ်အဖွဲ့ထဲ ဝင်လေသည်။ ထိုခေတ်ကာလတွင် မီးသတ်အဖွဲ့များကို အရပ်သားတို့ဘာသာ ဖွဲ့စည်းထူထောင်ကြရပြီး ရန်ပုံငွေကို အရပ်သားတို့ထံမှပင် ကောက်ခံစုဆောင်းရလေသည်။

ရန်ပုံငွေ ကောက်ခံသောအခါ ငွေကြေးတတ်နိုင်သူတို့က များများထည့်ဝင်ကြ၏။ ချမ်းသာကြွယ်ဝ၍ အိမ်ကြီးအိမ်ကောင်းနှင့်နေနိုင်သူများ၊ ကုန်ဆိုင်ကြီးတွေနှင့် ပွဲရုံတွေ၊ လုပ်ငန်းကိုင်ငန်း ကြီးကြီးကျယ်ကျယ်ရှိသူတွေ အနေနှင့် မီးလောင်လျှင် ပိုမိုဆုံးရှုံးရမည်ဖြစ်သောကြောင့် ရန်ပုံငွေကို အခြားအရပ်သားထက် ပိုမိုထည့်ဝင်ခဲ့ကြ၏။ ကျန်အရပ်သားတို့သည်လည်း မီးဘေးကာကွယ်ရေး၊ မီးလောင်လျှင် ငြိမ်းသတ်ရေး စသည်တို့မှာ ၎င်းတို့၏

mgyoe.com

mgyoe.com


အရေးပင်ဖြစ်သောကြောင့် တတ်အားသမျှ ရန်ပုံငွေထည့်ဝင်ကြသဖြင့် မီးသတ်အဖွဲ့ကြီးမှာ ရန်ပုံငွေတောင့်တင်းနေလေသည်။

ကိုသူတော် တော်တာတစ်ခုတော့ရှိ၏။

လူ့လောကတွင် လူတွေအများကြီးရှိနေသော်လည်း လူတိုင်းတွင် သည်လိုအရည်အချင်းမျိုး မရှိချေ။ သည်လိုအရည်အချင်းရှိသူကား သည်လိုဘက်တွင် ထူးချွန်သူ အနည်းငယ်သာ ဖြစ်ချေသည်။

ထူးချွန်သူမို့ ထင်ပါရဲ့။

မီးသတ်အသင်းကို ဝင်ပြီး မကြာခင်မှာဘဲ ကိုသူတော် လူတွင်ကျယ်ဖြစ်လာပါပေသည်။ အသင်းကိစ္စအဝဝကို မနေမနားလုပ်သည်။ ဝယ်စရာ၊ ခြမ်းစရာ၊ ငွေကြေးသုံးစွဲစရာကိစ္စ ဟူသမျှ သူသာလျှင် ကိုင်တွယ်ဆောင်ရွက်လာခဲ့ရလေသည်။

တစ်ဆယ်ကုန်လျှင် တစ်ဆယ့်ငါးကျပ်စာရင်းပြ၍ ပစ္စည်းဝယ်စရာရှိလျှင် ရောင်းသူထံမှရော၊ အသင်းကငွေကိုပါ နှစ်ဖက်ခွပြီး ခေါင်းပုံဖြတ်လေသည်။ အကြောင်းပြချက်တစ်ခုခုနှင့် စရိတ်ကြေးငွေထုတ်သောအခါတွင်လည်း တကယ်ကုန်ကျသည်ထက် ပို၍ထုတ်၊ ပို၍စာရင်းပြလေ့ရှိပေသည်။

သည်တော့ကာ ကိုသူတော် အသုံးအစွဲ ချောင်နေလေတော့၏။

အသင်းနှင့်ပတ်သက်သည့် လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု မနေမနားဆက်တိုက်လုပ်သောကြောင့် မီးသတ်အဖွဲ့တွင် အလွန့်ကို အလုပ်လုပ်သူအဖြစ် အများတကာက သူ့ကိုမြင်တွေ့နေရ၏။

သူလုပ်လေသမျှ အလုပ်တိုင်း ငွေကြေးမသုံးမစွဲဘဲ လုပ်လို့ရသောအလုပ်မဟုတ်ချေ။ သူလုပ်လေသမျှ ငွေနဲ့ လုပ်ရသော အလုပ်တွေချည်းဖြစ်ခဲ့၏။

ရန်ပုံငွေတောင့်တင်းသော မီးသတ်အဖွဲ့ကြီးဖြစ်သည့် အားလျော်စွာလိုအပ်သမျှ ပစ္စည်းပစ္စယများကို ပြည့်စုံစွာ ဝယ်ယူထားနိုင်ရုံသာမက ရန်ပုံငွေ တော်တော်များများ သိုမှီးထားရှိနိုင်သော အဖွဲ့ကြီးဖြစ်လေသည်။

သို့ဖြင့် အသင်းကော်မတီသို့ ကိုသူတော် အကြံကောင်းတစ်ရပ် တင်ပြလိုက်လေသည်။

mgyoe.com

mgyoe.com


ငွေကို အသေသိမ်းဆည်းထားခြင်းထက် ထိုငွေကို တိုးပွားအောင်လုပ်ဖို့ စီမံကိန်းတစ်ရပ် ရေးဆွဲတင်ပြလိုက်ခြင်းတည်း။

သည်မှာဘက်၌ အရည်အချင်းထက်သော ကိုသူတော်၏ ကြိုးစားမှုကြောင့် သူတင်ပြသော စီမံကိန်းကို ကော်မတီက လက်ခံအတည်ပြုပြီး သကာလ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက် ချမှတ်ပေးလိုက်လေတော့၏။

ကိုသူတော် ရေးဆွဲတင်ပြသည့် စီမံကိန်းကား အသင်းပိုင် ငွေငါးရာကို အလကားမထားဘဲ လက်ဖက်ရည်ဆိုင်ဖွင့်လျှင် ထိုဆိုင်မှရရှိသော အမြတ်ဖြင့် ရန်ပုံငွေတိုးပွားလာမည်ဆိုသည့် သောဂဗေဒ စီမံကိန်းကြီးတစ်ရပ် ဖြစ်ပါပေသတည်း။

မီးသတ်အသင်း ရန်ပုံငွေအတွက် ဖွင့်သောဆိုင်ဖြစ်သဖြင့် အရပ်သူအရပ်သားတို့ အားပေးကြပါဟု တိုက်တွန်းနှိုးဆော်လျှင် တွင်ကျယ်စွာ ရောင်းရမည်၊ အသင်းသားတွေလည်း မိမိတို့ အသင်းဆိုင်ကိုပင် အားပေးကြရမည် စသော အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ဝေဝေဆာဆာ၊ သဘောကျစရာကောင်းအောင် အမွှမ်းတင်ထားသော စီမံကိန်းအား ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မတီဝင် အများစုက လက်ခံအတည်ပြုလိုက်၏။

အရေအတွက်အားဖြင့် တစ်ဒါဇင်မျှရှိသော ကော်မတီအဖွဲ့ဝင်များအနက် နှစ်ယောက်တည်းကသာ ကန့်ကွက်သောကြောင့် ကိုသူတော်၏ အဆိုပြုချက် အောင်မြင်သွားခဲ့၏။

သို့ဖြင့် မီးသတ်အသင်းပိုင် လက်ဖက်ရည်ဆိုင်ကြီး မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွန်းလာပါလေသတည်း။

ဆိုင်ကို ကြီးကြပ်အုပ်ချုပ်ရသော မန်နေဂျာကြီးဆိုသူကား အခြားသူမဟုတ်၊ စီမံကိန်းရေးဆွဲ တင်ပြသူ ကိုသူတော်ဆိုသူပင်ဖြစ်ကြောင်းကို ရှင်လူအများတို့ တွေ့မြင်လာရ၏။

မြို့ပေါ်တွင် လူသိများ ထင်ရှားသော ဂုဏ်သရေရှိ လူကြီးမင်းတစ်ဦးအား မီးသတ်အသင်းဥက္ကဋ္ဌအဖြစ် တင်မြှောက်ထားကြ၏။

ကိုသူတော်သည် အသင်းထဲရောက်သည့်အချိန်မှစပြီး ဥက္ကဋ္ဌကြီးအပေါ် ဂါရဝကြီးစွာ ထားခဲ့၏။ ဥက္ကဋ္ဌကြီးအား အလွန်တရာရိုသေ ကိုင်းရှိုင်းရုံ

mgyoe.com

mgyoe.com


သာမက မြှောက်ပင့်ပြောဆိုခြင်းနှင့် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် ပြုခြင်းအားဖြင့် ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားလာခဲ့၏။ သို့ဖြင့် ဥက္ကဋ္ဌကြီး သူ့ကို သဘောကျလာပြီး ကိုသူတော်အား လူယုံ လက်စွဲတော်ကြီးအဖြစ် သဘောထားလာလေတော့၏။

ရပ်ထဲ ရွာထဲ၌ အသင်းတစ်သင်း ဖွဲ့စည်းထူထောင်သည်ဆိုလျှင် လူချမ်းသာ ဂုဏ်သရေရှိ လူကြီးမင်း တစ်ဦးဦးအား ရပ်ပြအဖြစ် ဥက္ကဋ္ဌတင်မြှောက်လေ့ရှိသည်မှာ သမားရိုးကျ လုပ်နည်းလုပ်ထုံးလို ဖြစ်နေခဲ့လေသည်။ အများအားဖြင့်လည်း ထိုအသင်း ဥက္ကဋ္ဌကြီးဆိုသူများသည် လူကြီးလုပ်ရသည်ဆိုခြင်းကို ဂုဏ်ယူလိုသူများဖြစ်သောကြောင့် အသင်းကိစ္စနှင့်ပတ်သက်၍ ငွေကုန်ကြေးကျခံစရာရှိလျှင်လည်း အကုန်ခံတတ်၏။

အမြှောက်ကြိုက်သူများလည်း ဖြစ်၏။

အမြှောက်ကြိုက် ဥက္ကဋ္ဌကြီးအား ကောင်းကောင်း မြှောက်ပင့်ပြီး အလိုက်သိစွာ ပေါင်းတတ်သောကြောင့် ကိုသူတော် တစ်ခုခုလုပ်လိုသည်ဆိုလေတိုင်း ဥက္ကဋ္ဌကြီးက ငြင်းပယ်ခြင်းမပြုဘဲ သဘောတူ ခွင့်ပြုလိုက်သည်ချည်းဖြစ်ချေသည်။

အသင်းပိုင် လက်ဖက်ရည်ဆိုင်ကြီး စည်ကားမြိုင်ဆိုင်လာသလောက် ဝင်ငွေကောင်းနေပြီးလျှင် ဝင်ငွေကောင်းသလောက်လည်း ကိုသူတော် ပို၍ ပို၍ စားသာလာခဲ့၏။

မီးသတ်ဝတ်စုံ ဝတ်ထားသည်ကို ကြည့်မလား။

ကိုသူတော် စတိုင်အလွန်တင်းနေသည်ကို တွေ့ရ၏။

အရပ်ဝတ် ဝတ်ထားသည်ကို ကြည့်မလား။

ကိုသူတော် ပိုးလုံချည် တရွှမ်းရွှမ်းနှင့်။

သူ့အသွင်က ကြော့နေသည်။ ခေါင်းကဆံပင်ကို ဆီမွှေးလူးပြီး ကြော့နေအောင် သ ထားရုံမက မျက်နှာတစ်ပြင်လုံး ပေါင်ဒါ၊ စနိုးလူးထားသဖြင့် ဖွေးဖွေးဖြူလျက်ရှိ၏။ ရေမွှေး ဆွတ်ထားသောကြောင့် သူ့ကိုယ်မှာ သင်းရနံ့ လှိုင်လေတော့၏။

ဤသို့ဖြင့် သုံးနိုင်၊ စားနိုင်ရုံမက ပေါ်ကြော့နေနိုင်လာခဲ့၏။

တစ်ခုခု လုပ်စရာရှိလျှင် စားသာသည်။ သို့ကြောင့် ဟိုဟာမဟုတ်

mgyoe.com

mgyoe.com


သည်ဟာ၊ သည်ဟာမဟုတ် ဟိုဟာ စသည်ဖြင့် လုပ်ငန်းတစ်ခုခု ဖော်ထုတ်လုပ်ကိုင်နိုင်မည့် လမ်းစကိုသာ တွင်တွင်ရှာနေခဲ့လေသည်။

ဤကား ကိုသူတော်လျှောက်သော လမ်း၏ အစတည်း။

## (၆)

မီးသတ် အသင်းဥက္ကဋ္ဌကြီးဖြစ်သူ ဦးချစ်မောင်မှာ အမြောက်ကြိုက်သူဖြစ်သည့်အတိုင်း လက်စွဲတော် ကိုသူတော်၏မြှောက်ပင့်ခြင်းခံရသည်ကို ကျေနပ်နှစ်သိမ့်နေရုံသာမက အသင်းကပါ ဥက္ကဋ္ဌကြီး ဥက္ကဋ္ဌကြီးနှင့် ခေါ်သည်ကို ကြားရသော နားအရသာတွေ့ပြီး သူ့ကိုယ်သူ ကြည်နူးသည်ထက်ကြည်နူးလာခဲ့၏။

မီးသတ်အသင်းသားတို့သာမကဘဲ အခြားသူတွေကလည်း သူ့ကိုဥက္ကဋ္ဌကြီးဟူ၍ ခေါ်ဝေါ်လာသောကြောင့် ပိုမိုကြည်နူးသာယာနေလေသည်။ သူ့ကို ဥက္ကဋ္ဌကြီးခေါ်မှ ကြိုက်မှန်းသိရှိလာကြသောကြောင့် အသင်းကိစ္စနှင့်ဆက်ဆံရာတွင်သာမကဘဲ စီးပွားရေးကိစ္စနှင့် ဆက်ဆံကြရသူများရော အခြားကိစ္စတို့နှင့် ဆက်ဆံကြသူများကပါ ဦးချစ်မောင်အား ဥက္ကဋ္ဌကြီးဟူ၍ခေါ်ပြောလာခဲ့ကြလေသည်။

သူနှင့် ဆက်ဆံရသမျှ လူတိုင်းလိုလို ဥက္ကဋ္ဌကြီးဟူ၍ ခေါ်လာသည်တစ်ကြောင်း၊ ကိုသူတော် အနားကပ်ပြီး အဆက်မပြတ် မြှောက်ပေးလာသည်တစ်ကြောင်းကြောင့် ဥက္ကဋ္ဌကြီး ဦးချစ်မောင်သည် ပို၍ ပို၍ ဘဝင်မြင့်လာလေတော့၏။

မီးသတ်အသင်း အစည်းအဝေးများတွင်သာလျှင် ဦးချစ်မောင် မိန့်ခွန်းပြောရရုံမဟုတ်တော့ဘဲ သည်မှာဘက်တွင် စွမ်းရည်ကောင်းသော ကိုသူတော်၏ မြှောက်ထိုးပင့်ကော် စီစဉ်ပေးမှုကြောင့် အခြားသော ရပ်မှု ရွာမှုကိစ္စများ ပေါ်ပေါက်လာလျှင်လည်း ဥက္ကဋ္ဌကြီး ဦးချစ်မောင် ထိုအခမ်းအနားများသို့ သွားရောက်ကာ မိန့်ခွန်းစကား မြွက်ကြားလာရ၏။ မင်္ဂလာဆောင်များမှာပင်လည်း မင်္ဂလာစကားပြောကာ မိန့်ခွန်းခြွေလာခဲ့ရ၏။

ဤသို့ဖြင့် ဦးချစ်မောင် ဘဝင်မြင့်ရောဂါ ပိုမိုသည်းသန်လာပြီးလျှင် သူ့ကိုယ်သူ ဇရာမခေါင်းဆောင်ကြီးဟူ၍ပင် အထင်ရောက်ရှိလာလေသည်။

mgyoe.com

mgyoe.com


ဘဝင်မြင့်ရောဂါဟူသည်ကား ဘယ်သောအခါမှ အလိုအလျောက် လျော့ပါးသက်သာခြင်း မရှိနိုင်ဘဲ တရိပ်ရိပ် တက်သထက်တက်ကာ တစ်နေ့တခြား သည်းသန်ပြင်းထန်လာတတ်သော ရောဂါမျိုးသာဖြစ်ချေသည်။ ပိုင်ပိုင်နိုင်နိုင် ဆွဲချပစ်နိုင်သော အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်မလာမချင်း ထိုရောဂါ ကျသည်မရှိချေ။

မိမိကိုယ်ကိုယ် ခေါင်းဆောင်ကြီးဟူ၍ ထင်မှတ်လာနေသည့် ဘဝင်မြင့်ရောဂါ ပိုမိုသည်းသန်လာသောကြောင့် မီးသတ်အသင်း ဥက္ကဋ္ဌကြီး ဦးချစ်မောင်သည် ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဒိစတြိတ်ကောင်စီ လူကြီးအရွေးခံရန် စိမ်စိုင်းပြင်းလေတော့၏။

ကိုသူတော်ကလည်း ဥက္ကဋ္ဌကြီး ရွေးကောက်ပွဲဝင်မည်ဆိုသည်မှာ အလွန်တရာ သင့်လျော်လျောက်ပတ်ပါပေသည် ဆိုကာ မြှောက်ပေးရုံသာမက မိမိဆရာသမားအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပါမည်၊ အရိုးကြေကြေ အရေခန်းခန်းလုပ်ပါမည်ဆိုသည့် ကတိကိုလည်း အားတက်သရော ပေးလေသည်။

ထိုစဉ်ကာလတွင် မြူနီစီပယ်လူကြီး၊ ဒိစတြိတ်ကောင်စီလူကြီး၊ တောင်းကော်မတီနှင့် မင်းတိုင်ပင်အမတ် အရွေးခံနိုင်သူများမှာ လူချမ်းသာ လူကုံထံများသာလျှင် လူကြီးဖြစ်ဖို့ အရည်အချင်းပြည့်ဝသူများ ဖြစ်နေသည်။ သို့ဖြင့် ရောဂါသည်းသန်ပြင်းထန်လာသော လူချမ်းသာ ဦးချစ်မောင် ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲ ဝင်ပါလေတော့သည်။

ဦးချစ်မောင် အရွေးခံသောအခါ ကိုသူတော် အားကြိုးမာန်တက် ဆောင်ရွက်၏။

မဲဆွယ်တရားပွဲလုပ်ဖို့၊ လက်ကမ်းကြော်ငြာရိုက်ဖို့၊ ပိုစတာရိုက်ဖို့၊ ကပ်ဖို့၊ မဲဝယ်တန်လျှင် ဝယ်ဖို့၊ ကျွေးတန် မွေးတန်သူများကို ကျွေးမွေးဖို့ လိုအပ်သမျှစရိတ်ကြေးငွေဆိုလျှင် ကိုသူတော်ကို ထုတ်ပေးခဲ့ရ၏။

သို့ဖြင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုပြုလုပ်နေသော တစ်ချိန်လုံး ကိုသူတော် ဖြိုးနေပေတော့၏။

ငွေဆိုတာ ရှားပါးတဲ့အရာ မဟုတ်ပါဘူး။

လွယ်လွယ်ရနိုင်တဲ့ အရာတစ်မျိုးပါပဲ။ ငွေရဖို့ ဘယ်မှာခက်လို့လဲ။

mgyoe.com

mgyoe.com


ဤကား ကိုသူတော်၏ စိတ်ဝိညာဉ်မှာ တွယ်ကပ်လာသော အသိတရား ဖြစ်ချေသည်။

ကိုသူတော်မှာ ဘယ်အခါမဆို ငွေကြေးပြတ်လပ်သည်မရှိတော့ဘဲ အစဉ်အမြဲ ငွေရွှင်လျက် ရှိလေသည်။

လောကကြီးမှာ ပါးရည်နပ်ရည်ရှိသူမှန်လျှင် သက်သောင့်သက်သာ ငွေဝင်နိုင်သည်။ ကောင်းစားချမ်းသာလာနိုင်သည်။ သို့ကြောင့် ပါးနပ်လိမ္မာဖို့သာလိုသည်ဟူ၍ သဘောထားကာ ကောင်းစားချမ်းသာဖို့ကိုသာလျှင် ကြိုးစားအားထုတ်နေသည့်အတိုင်း ကိုသူတော်တစ်ယောက် ကောင်းစားလာသည်ကို လူတကာတို့ တွေ့မြင်လာခဲ့ကြလေသည်။

ငွေကုန်ကြေးကျခံနိုင်ခြင်းနှင့် အသိုင်းအဝိုင်း ကောင်းခြင်းကြောင့် ဥက္ကဋ္ဌကြီး ဦးချစ်မောင်သည် အခြားယှဉ်ပြိုင် အရွေးခံသူတို့ထက် မဲအရေအတွက် ပိုမိုရရှိသဖြင့် ဒိစတြိတ်ကောင်စီ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး ဒိစတြိတ်ကောင်စီလူကြီး ဖြစ်လာလေတော့၏။

ထိုမျှနှင့် ဦးချစ်မောင် မရောင့်ရဲနိုင်သေး၊ ကိုသူတော်ကလည်း ဆွပေးနေသည့်အတွက် ဒိစတြိတ်ကောင်စီအဖွဲ့တွင် ဥက္ကဋ္ဌရာထူးရအောင် ဆက်လက်ကြိုးစားပြန်လေသည်။

ဘယ်အတွက်မဆို လိုတာ ငွေပဲဖြစ်၏။

ငွေနှင့် ဖန်ဆင်းလျှင် ဆိတ်ကနေ ဆင်ဖြစ်နိုင်လေသည်။ သို့ကြောင့် ငွေကိုသွန်သုံး၍ ကြိုးစားလိုက်သောအခါ ဦးချစ်မောင် ဒိစတြိတ်ကောင်စီ ဥက္ကဋ္ဌကြီး ဖြစ်လာလေတော့၏။

ဝဝဖိုင့်ဖိုင့် ဗိုက်ရွဲရွဲနှင့် မျက်ခုံးကောင်းပြီး နှာတံပေါ်၍ ခံ့ညားသော မျက်နှာထားရှိသူ ဦးချစ်မောင်အဖို့ ယခုအခါ မီးသတ်အသင်း ဥက္ကဋ္ဌဆိုသော ရာထူးမှာ အသေးအဖွဲသာ ဖြစ်သွား၏။ ခေါင်းပေါင်းစတထောင်ထောင်နှင့် တောင်ရှည်ပုဆိုးရင်ဖုံးအင်္ကျီတို့ဝတ်ကာ ဒိစတြိတ်ကောင်စီဥက္ကဋ္ဌကြီးအဖြစ် ပွဲထွက်လာပုံက အလွန်တရာ ထည်ဝါလာခဲ့၏။

ဦးချစ်မောင်၌ စွဲကပ်နေသောရောဂါက ဥက္ကဋ္ဌကြီးရောဂါ ဖြစ်သောကြောင့် ဒိစတြိတ်ကောင်စီ ဥက္ကဋ္ဌကြီး ဖြစ်လာသောအခါတွင်မှ နေသာထိုင်သာရှိလာလေတော့၏။

mgyoe.com

mgyoe.com


ရေမြင့်တော့ ကြာတင့်သည်။ ဦးချစ်မောင်ကိုမှီကာ ကိုသူတော် အလွန်အကြူး ကောင်းစားလာလေသည်။

ဒိစတြိတ်ကောင်စီဥက္ကဋ္ဌကြီး၏ အပါးတော်မြဲ ဦးသူတော်သည်လည်း အလွန်တရာ ထည်ဝါလာခဲ့၏။

ထည်ဝါသည်ဆိုရုံမျှဖြင့် ကိုသူတော်၏ပုံဟန်ကိုဖော်ပြလျှင် လုံလောက်ခြင်းမရှိသေးချေ။ သူ့အသွင် ပို၍ပို၍ ထူးခြားလာနေပုံကြောင့် ကိုသူတော်ထောင်နေပြီဆိုမှ သူ့ပုံကို ဖော်ဖို့ လုံလောက်သောစကားလုံး ဖြစ်လာခဲ့ရ၏။

လူပေါ်ကြော့ ကိုသူတော်၊ ကောင်းစားလာသော ကိုသူတော်၊ ထည်ဝါနေသော ကိုသူတော်၊ ဒါတွင်မက ထောင်ထောင်လွှားလွှားဖြစ်နေသော ကိုသူတော်။

ခရိုင်အတွင်းဝယ် မြောက်မြားစွာသော လုပ်ငန်းတွေကို ဒိစတြိတ်ကောင်စီက ချုပ်ကိုင်ရလေသည်။ လမ်းဖောက်၊ လမ်းပြင်၊ တံတားဆောက်၊ ဈေးဆောက် စသော ကိစ္စတို့အတွက် ကန်ထရိုက်တာတို့ထံမှ တင်ဒါခေါ်ယူရခြင်း၊ ကူးတို့လိုင်စင်ကအစ မြောက်မြားစွာသော ကိစ္စများတွင် ဒိစတြိတ်ကောင်စီ ဥက္ကဋ္ဌကြီးက အာဏာပိုင်ခြင်း၊ ဒိစတြိတ်ကောင်စီဈေးများကို အုပ်ချုပ်ရခြင်း စသော အခွင့်အာဏာသည် ရွှေဖြစ်၊ ငွေဖြစ် တန်ခိုးစွမ်းအင်ရှိသော ဓာတ်လုံးရသလို ဖြစ်လာခဲ့လေသည်။

သို့ကြောင့် ဤဓာတ်လုံးဖြင့် ရွှေဖြစ်၊ ငွေဖြစ် လုပ်ကြ၏။

ရွေးကောက်ပွဲဝင်တာရော၊ ချယ်ယာမင်နေရာရဖို့ပါ ငွေကို ရေလိုသွန်သုံးခဲ့ရတာကြောင့်ရော တော်တော်များများ လျော့ပါးသွားသည့် ငွေအိတ်ကြီးကို ပြန်ဖြည့်ရပေမည်။

ထိုစဉ်က ငွေကြေးကြွယ်ဝသူတို့သည်လည်းကောင်း၊ အစိုးရငွေများကိုလည်းကောင်း ဆာလာအိတ်နှင့် ထည့်လေ့ရှိကြ၏။ သို့ကြောင့် လျော့နေသော ဆာလာအိတ်ထဲသို့ ငွေဒင်္ဂါးများ ထပ်ဖြည့်နိုင်ရုံမကဘဲ ငွေဒင်္ဂါးအပြည့်ဖြည့်ထားသော ဆာလာအိတ်တွေ တစ်အိတ်ပြီးတစ်အိတ် ထပ်မံတိုးပွားလာဖို့အတွက် လက်ဝယ်ရရှိထားသော ဓာတ်လုံးဖြင့် ရွှေဖြစ်၊ ငွေဖြစ် လုပ်ရလေတော့၏။ ထိုဓာတ်လုံးကား အခွင့်အာဏာဆိုသော အရာတည်း။

ဓာတ်လုံးကိုင်ပြီး ရွှေဖြစ်၊ ငွေဖြစ် လုပ်ရာတွင် ဥက္ကဋ္ဌကြီးအတွက် အသုံး

mgyoe.com

mgyoe.com


တည့်ဆုံး လူသည်ကား အပါးတော်မြဲ ကိုသူတော်ပါတည်း။

သူနှင့် ဆက်သွယ်ကြိုးစားမှ ကိစ္စပြီးမြောက်နိုင်သောကြောင့် လိုင်စင်စီများ၊ ကန်ထရိုက်တာများသည် ကိုသူတော်နှင့် ဆက်ဆံကြရ၏။ စီးပွားရေးသမားဟူသည်ကား အခွင့်အရေးပေးနိုင်သူထံသို့ မလွဲမကင်းသာ သွားရောက်ဆက်ဆံကြရ၏။ ထိုသူအား သင့်တင့်လျောက်ပတ်သော ရိုသေကိုင်းရှိုင်းမှုပြုရုံသာမက ကြိုက်တတ်သောအစာကိုလည်း တင်းတိမ်သည်အထိ ခွံ့ရ၏။

လာဘ်ထိုးသည် ဆိုရာ၌ ငွေတစ်မျိုးတည်းနှင့် လုံလောက်သည် မဟုတ်ချေ။

ညှော့ခံကျွေးမွေးရသေး၏။ သာမန်ညှော့ခံမှုမျိုးအပြင် အထူးတလည်ညှော့ခံပြုစုခြင်းလည်း လိုအပ်၏။

အရက်ကြိုက်သလား။ မိန်းမကြိုက်သလား။

နောက်ပြီး တခြား ဘယ်လိုပစ္စည်းကလေးများ ကြိုက်တတ်သေးသလဲ။

အရက်ရော၊ မိန်းမရော၊ အခြား အဖိုးတန် လက်ဆောင်ပစ္စည်းတွေရော စုံလို့။

အစုံပေးရပြီးနောက် ငွေကိုလည်း အလုံးအခဲပေးလိုက်ရသေး၏။ ကိုသူတော်ထံ ချဉ်းကပ်သောအခါ အရိုအသေလည်းပေး၊ ကြိုက်တတ်တာ အကုန်ပေး၍ ပြုစုပြီး ငွေလည်းပေးရသည့်တိုင်အောင် အောက်ကျနောက်ကျနိုင်လွန်းလှသဖြင့် အလွန်တရာ သည်းခံတတ်သော စီးပွားရေးသမားများပင်လျှင် ကြာသော် သည်းမခံနိုင်တော့ဘဲ အံတကြိတ်ကြိတ် ဖြစ်လာခဲ့ရ၏။

သို့သော် မကင်းနိုင်သောကြောင့် မချစ်သော်လည်း အောင့်ကာနမ်းကြရလေသည်။

ဆက်ဆံရာဝယ် အထက်စီးကသာ အမြဲနေခဲ့ရသောကြောင့် ဘဝင်မြင့်သထက် မြင့်လာခဲ့လေသည်။

ဘဝင်မြင့်လေလေ မောက်မာထောင်လွှားလေလေ။ ကောင်းစား ချမ်းသာလေလေ ပိုမို ပလွှားလာလေလေ။

သို့ကြောင့် လူတကာ သူ့ကို ရွံမုန်းလာကြ၏။

တစ်ယောက်တည်းသာမဟုတ်၊ နှစ်ယောက်စလုံးကိုပင် မုန်းကြ၏။

mgyoe.com

mgyoe.com


ဒိစတြိတ်ကောင်စီတွင် အာဏာရပြီး နှစ်ခါလည် အကြာလောက်မှာပင် ဦးချစ်မောင် တိုက်သစ်ကြီးဆောက်ပြီး မော်တော်ကား ဝယ်စီးလေတော့၏။ စီးပွားတက်ခြင်းကို အကြောင်းပြချက်ထုတ်ပုံမှာကား ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း တိုးတက်အောင်မြင်လာသောကြောင့် ဟူ၍ဖြစ်၏။ ထိုမျှသာမက ထီပေါက်သည် ဟူ၍လည်း ပြောဆို သတင်းလွှင့်လိုက်ပေသေး၏။

သည်တော့ အများတကာက ရေများရာ မိုးရွာတာကိုး ဟူ၍သာ ပြောကြ၏။

သူသာမက ကိုသူတော်ကလည်း တစ်ပတ်ရစ် မောရစ်ကားကလေး ဝယ်စီးပြီး ဂိုက်ထွားနေလေသည်။

ဦးချစ်မောင်အား ဥက္ကဋ္ဌကြီးဟူ၍ မလွဲမကင်းသာ ခေါ်နေကြရသည့် အကြားကနေ ကိုသူတော်အား ဥက္ကဋ္ဌလေးဟူ၍ ထေ့ထေ့ငေါ့ငေါ့ ခေါ်ဝေါ် လာကြလေတော့၏။

ဥက္ကဋ္ဌလေးနဲ့အလျင်မတွေ့ဘဲ ကိစ္စမပြီးနိုင်ဘူး။ ဥက္ကဋ္ဌလေးဆိုတာ ဥက္ကဋ္ဌကြီးရဲ့ စားဦးစား။ သူ့ကို အလျင်ခွဲ့ပြီးမှသာ ခင်ဗျား ကိစ္စ ဥက္ကဋ္ဌကြီးဆီ ရောက်နိုင်တယ်။

ဥက္ကဋ္ဌလေးနဲ့ မပြေလည်ရင် ဥက္ကဋ္ဌကြီးဆီမှာ ကိစ္စမပြီးနိုင်ဘူး၊ စသည် စသည်ဖြင့် သူတို့နှင့် မကင်းနိုင်သူအများတို့ အချင်းချင်း စိတ်ချဉ်စွာ ပြောဆို သံများ ထပ်ကာထပ်ကာ ပေါ်ထွက်လာလေသည်။

သို့သော်လည်း နောက်ဆုံး လူအများတို့ မှတ်ချက်ချသံ ဤသို့ ပေါ် ထွက်လာခဲ့လေ၏။

ခွေးရူးကောင်းစား တမွန်းတည်း ဟူသတည်း။

ဥက္ကဋ္ဌကြီးရော၊ ဥက္ကဋ္ဌလေးပါ လာဘ်စားမှုနှင့် ထောင်နန်းစံမြန်းသွားရ လေတော့၏။

ဦးချစ်မောင်က သုံးနှစ်။ ဦးသူတော်က နှစ်နှစ်။

ထိုသူနှစ်ဦး ထောင်ကျသွားပြီဆိုသော သတင်းကို ကြားရသောအခါ ဝေနေယျသတ္တဝါအများတို့ ဝမ်းသာအားရ ဖြစ်ကာ ကောင်းပေ့ကွာ ဟူ၍ ကောင်းချီးထောမနာပြုသည့် အသံများ ဘဝဂ်လျှံအောင် ပေါ်ထွက်လာ သည်။

mgyoe.com

mgyoe.com


ဝမ်းသာအားရ ဖြစ်သော်လည်း အချို့ မကျေမချမ်း ပြောလိုက်ကြသေး၏။

ဥက္ကဋ္ဌလေးကို ဥက္ကဋ္ဌကြီးထက် ပိုပြီး နှစ်များများချဖို့တောင် ကောင်းသတဲ့။

မေတ္တာထားကြပုံ သည်လိုပါတည်း။

သစ်ပင်ကြီး ဝုန်းခနဲ လဲသွားသောအခါ သစ်ပင်ပေါ်က မျောက်တွေ ပိုးလိုးပက်လက် ကျွမ်းထိုးမှောက်ခုံ ကျကုန်လေတော့၏။ ဥက္ကဋ္ဌကြီး ဦးချစ်မောင်ဆိုသည့် သစ်ပင်ကြီး ဝုန်းခနဲ လဲသွားသောကြောင့် ထိုသစ်ပင် အကိုင်းပေါ်တက်၍ မှီတင်းနေထိုင်သူ ကိုသူတော်သည်လည်း ကျွမ်းထိုးမှောက်ခုံ ကျလာခဲ့ရ၏။

သည်လို အကျမျိုးက နာသည်။ အမြင့်ကကျတော့ နာသည်။

အစက သည်သစ်ပင် အမြင့်ဆုံး ထင်ခဲ့သော်လည်း ယခု မဟုတ်တော့။

အခုတော့ တခြားသစ်ပင်တွေ ပိုမြင့်နေပကော။

## (၇)

ထမင်းမကျွေးနိုင်တော့ဘူး ဟူသော စကားကို ဘကြီးဖြစ်သူ ဦးရွှေအိုးက အားမနာ ပါးမနာ ပြောလိုက်ပြီးပေပြီ။

ဩော် စေတနာသဒ္ဓါတရား တော်တော်လည်း ခေါင်းပါးပါကလား။

ဥတကာနဉ္စ သင်္ဂဟော ဆိုတဲ့ မင်္ဂလာတရားကိုမှ ဘကြီးတော်သူ အမှုမထားလေရော့သလား။

ထမင်းမကျွေးနိုင်တော့ဘူးဟူ၍ ပွင့်လင်းစွာပြောပြီး နောက်တစ်ပတ်ကြာသောအခါ ဘကြီးတော် ဦးရွှေအိုးသည် မထောက်မညှာ နောက်ထပ်တစ်ခါ ပြောပြန်လေသည်။

အိမ်မှာလည်း မထားနိုင်တော့ဘူး ဆိုသည့် စကားဖြစ်ချေသည်။

မင်းလိုကောင်မျိုး အိမ်မှာလက်ခံထားရတာ ကျက်သရေတုံးသတဲ့။

ငါ ဆင်းရဲနေတဲ့အခါမို့ ဒီလိုပြောတာ။ လူတွေ တော်တော်ဆိုးတယ်၊ ဆင်းရဲနေတုန်းမှာ အဖက်မလုပ်ချင်ကြဘူး။ ငါ ကောင်းစားနေတုန်းကဖြင့် ငါ့ကိုတွေ့ရင် ရိုရိုသေသေ ပြောကြ၊ ခေါ်ကြတယ်။ ကြွပါဦး၊ သုံးဆောင်ပါဦး၊

mgyoe.com

mgyoe.com


နဲ့ ကျွေးကြ၊ မွေးကြတာ သောက်သောက်လဲနေတယ်။ ဆင်းရဲတဲ့အခါများ မှာဖြင့် ကျွေးမွေးဖို့ဝေးရော၊ အဖက်တောင် မလုပ်ချင်ကြဘူး။

ဟယ် လောက လောက။

ကိုသူတော် သည်လိုများပင် ကြုံးဝါးမိသေး၏။

သို့သော် သူ့ကိုအိမ်ကနှင်ချပြီးနောက် ဘကြီးရော ကြီးတော်ပါ နှစ်ယောက်လုံး ပြောမိကြသည်ကား အောက်ပါအတိုင်းတည်း။

'စားစရာမရှိမှ တို့ဆီလာတယ်၊ ချွတ်ခြုံကျခါမှ ဒီကိုလာပြီး ဆွေမျိုး ချင်း၊ ဘာချင်းဆိုတဲ့ စကားပြောလာတယ်။ နောက်ပြီး အလိုက်ကန်းဆိုးမသိ လာစားနေတယ်'

ထိုမျှသာမကသေး။ နောက်တစ်ခါဆက်သည့် စကားက ကိုသူတော် ၏ စရိုက်လက္ခဏာကို ပိုမိုပေါ်လွင်သွားစေလေတော့၏။

'ကောင်းစားနေတုန်းကဖြင့် ငါတို့ဆီ ခြေဦး လှည့်ဖော်တောင်မရဘူး'

'ကောင်းစားနေတုန်းကဆိုရင် ငါတို့ကို ဆွေရယ် မျိုးရယ်လို့ သတိ တောင် မရဘူး၊ ငါတို့လို ဆင်းရဲတဲ့လူတွေနဲ့ ဆွေမျိုးတော်တယ်ပြောရမှာ ကိုတောင် သူက ရှက်သေးတယ်'

သို့မို့ကြောင့် ကြီးတော်တို့၏ အိမ်ပေါ်က ဆင်းလာခဲ့ရ၏။ ထောင်က လွတ်လာပြီး အထည်ကြီးပျက်လိုဖြစ်ကာ ကိုယ့်ဘာသာ အသက်မွေးဝမ်း ကျောင်း ဘာတစ်ခုမျှ မလုပ်နိုင်၊ ဘကြီးအိမ်ကလည်း နှင်ချလိုက်ပြန်သဖြင့် အခက်တွေ့နေသော ကိုသူတော်သည် လူငယ်တစ်ယောက်ထံ ငွေချေးလေ တော့၏။

'ထမင်းတစ်လုတ်စားဖို့အတွက် ဘယ်လောက် ခက်ခက်ခဲခဲ လုပ်ရ၊ ကိုင်ရတယ်ဆိုတာကို ခင်ဗျား ခုထိ နားမလည်သေးဘူးလား'

ထိုလူငယ် အားမနာတမ်းပြောလိုက်သည့် စကားကြောင့် ကိုသူတော် တော်တော့်ကို ဝမ်းနည်းကြေကွဲသွားမိသော်လည်း မတတ်သာသဖြင့် ထပ် အောက်ကျို့တောင်းပန်ရှာပြန်သည်။

'ငါ အဆင်မပြေသေးတဲ့ အခါမို့ပါကွာ။ ဒါကြောင့် အကူအညီတောင်း တာပါ။ အခု ညစာမပြောနဲ့ မနက်စာတောင်မှ မစားရသေးဘူး။ များများ မဟုတ်တောင်မှ ငွေငါးကျပ်၊ ငါးကျပ်လောက်ဆို တော်ပါပြီ။ စိတ်ချ၊ မင်းဆီ

mgyoe.com

mgyoe.com


ကချေးတဲ့ပိုက်ဆံကို ငါ ဆက်ဆက်ပြန်ဆပ်ပါ့မယ်'

ထိုအခါ လူငယ် ပြန်ပြောပုံကို နားထောင်ကြည့်ကြပါဦး။

'ခင်ဗျား ဘာအလုပ်လုပ်ပြီး ဝင်ငွေဘယ်လောက်ရနေလို့ ပြန်ဆပ်နိုင်မှာလဲ။ လက်ကြောတင်းအောင် လုပ်မစားချင်တာကြောင့် အလုပ်မလုပ်တဲ့လူ၊ အလုပ်မလုပ်လို့ ဝင်ငွေမရှိတဲ့သူက ချေးငွေပြန်ဆပ်မယ်ဆိုတာ ကျုပ်ယုံနိုင်ပါ့မလား'

အဲသည်လို၊ သည်လို ပြောလိုက်၏။

သြော် အဖြစ်ကယ်ဆိုးတယ်၊ ဆိုးတယ်။

မင်းကတော် ကျွန်ပုံပေါက်တော့ ခွေးလောက်မှ မကောင်းပါကလား။

❖

mgyoe.com

mgyoe.com

# အခန်း (၂)

## (၁)

ဒုက္ခဆင်းရဲ တွေ့နေရသူအား ကရုဏာမထားရုံသာမက လူလုံးမလှ ဖြစ်နေရှာသည့် ကိုသူတော်အား ကြည့်ကာ လူပေါင်းများစွာတို့ ဝမ်းသာလို့ တောင်နေကြ၏။

လူတွေ တော်တော်ဆိုးတယ်။

တော်တော်ဆိုးတဲ့ လူတွေ။

နာကြည်းသဖြင့် ကိုသူတော် သူ့ဘာသာ သည်လိုရေရွတ်နေမိ၏။

ထမင်းတစ်လုတ်စားဖို့လည်း မလွယ်။ နေစရာတောင် မရှိ၊ ဝတ်ထားသည့် အဝတ်ကလည်း ပြောင်ပြောင်ရောင်ရောင် မရှိသောဘာဝ။

ဟိုတုန်းကများဆိုရင် ပေါ်ကြော့အသွင်နှင့် ကြော့နေ၊ ပျံနေသည်။

ယခုတော့လည်း နွမ်းပါးလိုက်သည့် ဖြစ်ခြင်း။

နွမ်းပါးသူအား သနားမဖက်ရုံသာမက နှိမ်လိုက်ကြသေးသည်။ အမြင့်က ကျလာသူအား ဖေးကူထူမဖို့ ဝေးရော၊ ဖနောင့်နှင့် ဝိုင်းပေါက်သလိုပင် နှိမ်လိုက်ကြသေး၏။ သို့မို့ကြောင့် မြင်မြင်သမျှသူတို့အား စိတ်နာရုံသာ

mgyoe.com

mgyoe.com


မက လောကကြီး မကောင်းပါဘူးဆိုကာ လောကကိုပါ စိတ်နာလိုက်သေး၏။

လူတွေက သူ့အပေါ် ဘာကြောင့် သည်လိုသဘောထားကြလေသလဲ ဆိုသည်ကို မှန်ကန်စွာ မစူးစမ်းသည့်အတွက် အကြောင်းမှန်ကို မသိ။ သူ့အပြစ် သူမမြင်ဘဲ သည်လိုဖြစ်ရသည့်အတွက် တစ်ပါးသူတို့အားသာ လျှင် အပြစ်တင်လိုက်ချင်သေး၏။

သည်ရပ်၊ သည်ရွာမှာ နေဖို့ မကောင်းတော့ပါဘူး။

တစ်ချိန်တစ်ခါက ပလွှားစွာ နေလာခဲ့ပြီးခါမှ သည်အရပ်၊ သည်ဒေသ၌ သည်မျှ နွမ်းပါးစွာ ပြန်နေရစဉ် လူတကာတို့၏ စက်ဆုပ် ရွံမုန်းစွာ ကြည့်ရှုခံရခြင်း၊ ရှုတ်ချပြစ်တင်ခြင်း၊ ပြောင်လှောင်သရော်ခံရခြင်း၊ နှိမ့်ချခံရခြင်းတို့ကြောင့် သည်ရပ်၊ သည်ရွာမှာ နေလိုစိတ် ကုန်ခန်းလာရ၏။

တစ်ရွာမပြောင်း သူကောင်းမဖြစ်။

အဲသည်လိုပြောကာ အရပ်တစ်ပါး ထွက်ခွာသွားတော့မည် ပိုင်းဖြတ်လိုက်လေသည်။

တကယ်တော့ လောကကြီး မကောင်းတာမဟုတ်၊ လောကကြီးက သူလိုလူကို လက်သင့်မခံလိုကြောင်း အတိအလင်း ထုတ်ဖော်ပြသလာသော ကြောင့် နေမဖြစ်တော့ခြင်းတည်း။

တစ်ရွာမပြောင်း သူကောင်းမဖြစ် ဟူသည့် ဆိုစကားကို ခုတော့ ကိုသူတော် ထပ်တလဲလဲ ပြောလာခဲ့ရ၏။

မွေးရပ်မြေကို စွန့်ခွာတော့မည် ဟူ၍ မလွဲသာသဖြင့် ဆုံးဖြတ်ရသော်လည်း တွယ်မိသော သံယောဇဉ်ကြိုးကို ဖြတ်ရမည်မို့ အသည်းနာရပြန်လေသည်။

တခြားလူတွေ ကရုဏာမထားတာ မပြောနှင့်။

ချစ်သူဇနီးလောင်းကပါ ရက်စက်လေအားသဖြင့် ပို၍အသည်းနာရ၏။

လူလတ်တန်းစား မိဘမှ ပေါက်ဖွားသည့် ချောမောလှပသော မိန်းမပျိုတစ်ဦးအား စွဲလမ်းခုံမင်မိသောကြောင့် ကြင်ရာသက်ထား ဇနီးမယား အရာမြှောက်ဖို့ရာ ဆန္ဒပြင်းပြလာခဲ့၏။ သို့ကြောင့် မိဘလို သဘောထားသည့် ဥက္ကဋ္ဌကြီး ဦးချစ်မောင်အား မိမိအလိုဆန္ဒကို ထုတ်ဖော်ကာ စေ့စပ်ကြောင်း

mgyoe.com

mgyoe.com


လမ်း တောင်းရမ်းပေးဖို့ ပန်ကြား ပြောဆိုလိုက်၏။

အသက် ၂၀ ပြည့်ရုံသာရှိပြီး ဖူးပွင့်စပန်းလို စိုပြည်လန်းဆန်း၍ လှပ ကြော့ရှင်းသော ရုပ်ရည်ဆင်းဆောင်သူ မိန်းမပျိုတစ်ဦး ဖြစ်ချေသည်။

သူ့အမည် လှဲ့လှဲ့ဟူ၍ ခေါ်လေသည်။

လှဲ့လှဲ့ကို မျက်စိကျနေသည်မှာ ကြာပေပြီ။ လှဲ့လှဲ့၏ ဖခင်မှာ အလယ် အလတ်တန်း အစိုးရအမှုထမ်းတစ်ဦးဖြစ်၏။ ဥက္ကဋ္ဌကြီးကတော် ဒေါ်အေးမူ နှင့် လှဲ့လှဲ့ မိခင်တို့ သိကျွမ်းခင်မင်ကြ၏။

ဖြစ်ရမှာပေါ့ကွာ။

မိမိ၏ အသေးစားကိုယ်ပွားလိုဖြစ်နေသူက တောင်းလို့ပေးပါ၊ ရမ်းလို့ ပေးပါဟု ပန်ကြားသောအခါ ဥက္ကဋ္ဌကြီး ခေါင်းညိတ်ပြီး ဖြစ်ရမှာပေါ့ကွာ ဟု ဆိုလိုက်၏။

မဖြစ်နိုင်စရာမရှိ၊ ဖြစ်ရမည်ဟူ၍ ဥက္ကဋ္ဌကြီးရော ဥက္ကဋ္ဌလေးပါ နှစ် ယောက်စလုံး ယုံကြည်သည့်အတွက် အစပထမ ဒေါ်အေးမူမှတစ်ဆင့် ကြောင်းလမ်းကြည့်လိုက်၏။

ဦးချစ်မောင်၏ အရှိန်အဝါကြီးခြင်း၊ ကိုသူတော်ကိုယ်တိုင် ကောင်းစား နေခြင်းကြောင့် လှဲ့လှဲ့၏ မိဘများက သမီးချောအား ကိုသူတော်နှင့် ထိမ်း မြားပေးစားရန် သဘောတူပါသည်ဟူ၍ ပြန်ကြားခဲ့လေသည်။

လှဲ့လှဲ့အား မြင်တွေ့ရသူတို့၏စိတ်တွင် သည်မိန်းမပျိုအား လှဂုဏ် မောက်သူဟူ၍ ထင်မှတ်မိခြင်းမှာကား သူ၏ လှပကြော့ရှင်းမှုကို မနာလို ချင်လောက်အောင် ဖြစ်ရသောကြောင့်တည်း။

သည်လို အပျိုချောကိုရတော့မည်မို့ ကိုသူတော် ပျော်တပြုံးပြုံး မော် မဆုံး ရှိနေခဲ့၏။

ငါဆိုတဲ့ ငါ။

နှယ်နှယ့် ငါမဟုတ်။

ငါသူတော် လူတော်၊ ငါတော်တာကြောင့် ဒီအခြေရောက်ပြီး ဒီလိုအဖိုး တန်မိန်းမချောကိုရဖို့ ဖြစ်လာတာ။

ကြည်နူးနှစ်သိမ့်စွာဖြင့် သည်လိုများပင် ထပ်ခါတလဲ ကျူးရင့်နေမိပေ သေး၏။

mgyoe.com

mgyoe.com


မင်္ဂလာဆောင်ဖို့ တိုင်ပင်ညှိနှိုင်းနေဆဲမှာပင် ဆရာတပည့် နှစ်ယောက်လုံး လာဘ်စားမှုဖြင့် အဖမ်းခံရကာ ထောင်နန်းစံမြန်းသွားရလေတော့၏။

သတို့သားအဖြစ် မော်ကြွားခြင်းမပြုနိုင်၊ မြို့ပေါ်ရွာပေါ်မှ ငုပ်လျှိုးကွယ်ပျောက်၍ ထောင်သားဘဝကျရောက်သွားရသည်မို့ ထောင်ထဲမှာသာ ဝပ်တွားနေရလေတော့၏။

မိန်းကလေးရှင်တို့ကရော မိန်းမပျိုကပါ သူ့ကိုလှည့်မကြည့်ဘဲ ကျောခိုင်းထားလိုက်၏။

'တော်သေးရဲ့ တော်သေးရဲ့'

'မလွန်ခင်မို့ တော်သေးရဲ့၊ မှားတော့မလို့ကွာ သီသီလေး၊ လွန်ပြီးမှဖြစ်ရင် ဒုက္ခ ဒုက္ခ'

လှဲ့လှဲ့ မိဘများ စုတ်သပ်ကာ သည်လိုပြောမိသည်ကား ဘေးအန္တရာယ်ကြုံရအံ့ဆဲဆဲတွင် ကံကောင်းထောက်မသောကြောင့် အန္တရာယ်မှ သီသီလေးလွတ်လာသလို ထိတ်လန့်တကြား ပြောလိုက်ကြခြင်းတည်း။

'လှဲ့လှဲ့ရယ် မောင့်အချစ်ရယ်'

ဝမ်းနည်းကြေကွဲ လှိုက်လှဲစွာဖြင့် လှဲ့လှဲ့အား သည်လိုခေါ်ပြီးမှ ဆက်၍ပြောလေသည်။

'လှဲ့လှဲ့ မောင့်အချစ်ရယ်၊ မောင့်ဘဝအခြေမလှတဲ့အခါ ပိုပြီး ညှာတာထောက်ထားသင့်ပါလျက်နဲ့ ဒီလိုမဟုတ်ဘဲ သဘောထားပြောင်းသွားတာကြောင့် မောင် အသည်းနာမိသကွယ်'

တကယ့်ကို အသည်းနာနေသည့်အတွက် မချိတင်ကဲ ဝမ်းနည်းလှိုက်လှဲစွာပင် ပြောလိုက်၏။

'မောင်ရယ်၊ ဘာရယ်ဆိုတဲ့ အသုံးအနှုန်းတွေနဲ့ ကျွန်မကို လာပြောမနေပါနဲ့'

ဤကား သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲကာ မာကျောစွာ ပြန်ပြောလိုက်သော လှဲ့လှဲ့စကားတည်း။

သည်စကားက လုံသွား။ အနာပေါက်နေသော အသည်းကို လုံသွားနှင့်ဆောင့်ထိုးခံလိုက်ရသည့်အလား ကိုသူတော် ဆတ်ဆတ်လူးသွား၏။

'စိမ်းရက်တဲ့ မစိမ်းကားကြီးရယ်၊ အချစ်စစ် အချစ်မှန်ဆိုတာ ဆိုးတူ

mgyoe.com

mgyoe.com


ကောင်းဖက် သဘောထားနိုင်ရမယ် မဟုတ်လား၊ ခုတော့ ခုတော့ကာ'

နာကြည်းခံပြင်းလွန်းသောကြောင့် ရင့်ရင့်သီးသီး ပြန်ပြောလိုက်ချင်သည့်တိုင်အောင် စိတ်ကိုချုပ်တည်းလျက် မချိတရိ စကားနာထိုးရုံမျှလောက်သာလျှင် ခြစ်ခြစ်ခြုတ်ခြုတ် ပြောရရှာလေသည်။

မျှော်လင့်ချက်ကို ရုတ်တရက် စွန့်လွှတ်ဖို့ အလွန့်ကို ခက်၏။ သည်မျှခုံမင်စွဲလမ်းခဲ့ရသူအား ဘယ်မှာလွယ်လွယ် လက်လွှတ်ခံနိုင်ပါမည်နည်း။ သို့ကြောင့် အသနားခံလျှင် ညွတ်ပျောင်းလာလေမည်လားဆိုကာ ကြိုးစားပြောဆိုပြန်လေသည်။

'မောင့်ဘဝ အခြေကောင်းနေတုန်းကဖြင့် လဲ့လဲ့မိဘတွေက သမီးနဲ့ပေးစားဖို့ ကြည်ဖြူခဲ့တယ်၊ သဘောတူခဲ့တယ်။ ကံမကောင်း အကြောင်းမလှလို့ ဆင်းရဲသွားတာနဲ့တစ်ပြိုင်နက် သဘောထားပြောင်းသွားတယ်ဆိုတာ ကောင်းနိုင်ပါ့မလား၊ ဒါ လူမျက်နှာမကြည့် ငွေမျက်နှာသာကြည့်တာပဲ။ ဂုဏ်ပကာသနနဲ့ ငွေကိုသာ မက်တတ်တာ မကောင်းပါဘူး။ ထားပါတော့လေ လူကြီးမိဘတွေအနေနဲ့ စိတ်သဘောပြောင်းသည့်တိုင်အောင် အချစ်အနေနဲ့ စိတ်ထားမပြောင်းသင့်ပါဘူး။ အချစ်စစ် အချစ်မှန်ဖြစ်ကြောင်းပြဖို့ကောင်းတယ်။ မွန်မြတ်တဲ့ အချစ်စိတ် မွေးမြူနိုင်ကြောင်း အခုလိုအချိန်မှာ အထင်အရှားပြဖို့ မကောင်းဘူးလား'

သည်လိုပြောလျှင်ဖြင့် သနားလာတန်ကောင်းရဲ့ဟု အောက်မေ့၏။ သို့ကြောင့် ပြောပြောဆိုဆို လဲ့လဲ့မျက်နှာကို မျှော်လင့်ခြင်းကြီးစွာ ကြည့်လိုက်၏ ။

သို့သော် ထင်သာထင် မဝင်ဘူး ကျောင်းအမဆိုတာလိုသာ တွေ့ရ၏။

မျက်နှာလွှဲနေရာကနေ လဲ့လဲ့ ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်၏။ မျက်နှာထားတင်းရုံသာမက ရင်ထဲက တစ်ဆို့ခြင်းမရှိဘဲ ရင်ရှင်းစွာ ပြောလိုက်သောစကားဖြစ်သောကြောင့် ပီပီပြင်ပြင် ရှိသည့်အပြင် ပြတ်သားပွင့်လင်းသော စကားလုံးတွေ ဖြစ်နေလေတော့၏။

'အမှန်ပဲ၊ ကျွန်မမိဘတွေ သဘောတူခဲ့တာ အမှန်ပဲ၊ လူမျက်နှာကြည့်ပြီး သဘောတူခဲ့တာ မဟုတ်တာလည်း မှန်ပါတယ်၊ တချို့ လူကြီးမိဘတွေအနေနဲ့ ငွေတို့၊ ဂုဏ်တို့ကို အဓိကထားကြည့်တတ်ကြတယ်၊ ဒီမှာလေ

mgyoe.com

mgyoe.com


ရှင့်မျက်နှာ၊ ကိုသူတော်မျက်နှာ အနုတ်လက္ခဏာ၊ ငွေကြေးဥစ္စာဆိုရင် ဘာကျန်သေးသလဲ၊ ဘာမှမကျန်တော့ဘူး။ အခု ဒါကိုနုတ်လိုက်တော့ ရှင် အလကားလူဆိုတာ ပေါ်လာကြောင်း သူတို့တွေ့သွားကြပြီလေ'

'ပြောရက်လိုက်တာ အချစ်ရယ်' မောဟိုက်စွာဖြင့် ကိုသူတော် သည်လို ဆိုလိုက်မိလေသည်။

'အဲဒါကြောင့်မို့ သူတို့သဘောထား ပြောင်းလဲသွားကြတာပဲ၊ ကျွန်မ အနေနဲ့ကတော့ အစကတည်းက ရှင့်ကိုချစ်ခဲ့တာမှ မဟုတ်ဘဲ၊ မိဘတွေက နားချပေမဲ့ ကျွန်မ လက်မခံခဲ့ပါဘူးရှင့်၊ ရှင်ကသာ ရှင့်ကိုယ်ရှင် ထင်တစ် လုံးနဲ့ ငါပိုင်ပြီ အောက်မေ့နေတာကိုး၊ ရှင့်ကို လက်မခံနိုင်ဘူးလို့ ကျွန်မ အစကတည်းက ငြင်းပယ်နေခဲ့တယ်၊ မိဘတွေက ဓွတ်အတင်းပေးစားရင် လည်း ကျွန်မ မယူဘူး ဆုံးဖြတ်ထားခဲ့ပြီးသား။ ကျွန်မချစ်သူနောက် လိုက် ပြေးတော့မလို့ ကျွန်မချစ်သူကို လာခိုးပါလို့ မှာနေတာ၊ သူလာမခိုးသေး လို့သာ၊ အဲဒီတော့ အချစ်စစ် အချစ်မှန်ဆိုတဲ့စကားတွေ လာပြောနေစရာ မလိုဘူး'

ပြောရက်သည်မှ နည်းနည်းမှမညှာတမ်း ပြောရက်သောကြောင့် ကိုသူ တော်၏ ဝမ်းတွင်းသားမှန်သမျှ သိမ့်သိမ့်ခါအောင် လှုပ်ရှားသွားရလေတော့ ၏။

'ဟင် အစက ဒီလိုမပြောခဲ့ဘဲ ခုမှပြောတာ၊ ခုမှပြောတာ။ အချစ်စစ် အချစ်မှန် မဟုတ်လို့ ဒီစကားမျိုး ခုမှပြောတာ၊ စိမ်းကားရက်စက်တဲ့ မစိမ်း ကားကြီး၊ ခုမှ ဒီစကားပြောလာတယ်'

မချိတရိ ရှိုက်လွန်းလှသဖြင့် ကိုသူတော် ဤစကားကို ကြိတ်ကြိတ်ခဲခဲ ပြောမိလေတော့၏။

'အစက ရှင့်ကို ဘာမှပြောနေစရာ မလိုဘူး။ ကျွန်မ မိဘကို ပြန်ပြော ပြီးနေပြီ'

'မဟုတ်ဘူး မဟုတ်ဘူး၊ လဲ့လဲ့ မိဘတွေက ဖြစ်ရမယ်လို့ စကားပြန် ပြီးသား၊ အခု ဒီလိုပြောတာ ကျုပ်ဘဝအခြေမလှတာ မြင်ခါမှ သဘော ထား ပြောင်းသွားလို့ပါ'

'တော်ပါတော့ရှင် ဒီစကားပြောမနေပါနဲ့၊ ပြန်ပါတော့'

mgyoe.com

mgyoe.com


'မသနားတော့ဘူးလား၊ အခိုက်အတန့် အခြေမလှလို့ ကျုပ် ဒီအတိုင်း နေမယ့်လူစား မဟုတ်ပါဘူး။ စဉ်းစားပါဦး၊ သနားသင့်ပါတယ်။ တစ်ဖက်သားကို သနားသင့်ပါတယ်'

'မသနားဘူး၊ လဲသေတောင် မသနားဘူး'

ကိုသူတော်သည် မျှော်လင့်ချက် မစွန့်နိုင်သေးသဖြင့် ချုပ်တည်းသည်းခံကာ စကားနာထိုးရုံသာထိုး၍ အသနားခံနေပါသော်လည်း တစ်ဖက်သားက နည်းနည်းမျှမထောက်ထားတော့ကြောင်း တွေ့လာရသဖြင့် သည်းခံခြင်းဆိုသော ကန်ပေါင်ကို မကျိုးမပေါက်အောင် ထိန်းထားနိုင်စွမ်း ကုန်ဆုံးသွားရလေတော့သည်။

'သစ္စာမရှိတဲ့ မစိမ်းကားကြီး ချစ်သစ္စာသွေဖည်တဲ့ ပုံပြားမကြီး မင့်မိဘတွေဟာလည်း လူကြီးမပီသ၊ ကတိမတည်သူတွေ ခုတစ်မျိုး ခုတစ်မျိုး အပြောင်းအလဲမြန်တဲ့ဟာတွေ'

ဒေါသနှင့်ပြော၍ မျက်မှောင်ကြုတ် အံကြိတ်ကာ ကြည့်လိုက်၏။

'သွားပါတော့'

'ခုတော့ ရက်စက်ပြီပေါ့လေ ဟင်း'

'ကဲ သွားပါ စကားမရှည်ပါနဲ့၊ ရှင့်စကားကို ဒီလောက်နားထောင်နေတာတောင် လွန်လှပြီရှင့်၊ ရှင့်ကို ပြတ်ပြတ်သားသား ပြန်ပြောချင်လို့သာ ဒီလိုနားထောင်နေခဲ့တာ'

အံသွားချင်း တအားဖိကြိတ်သောကြောင့် တဂျိဂျိအသံပင်လျှင် ကိုသူတော်ဆီက မြည်လာသော်လည်း လဲ့လဲ့မူကား မဲ့ပြုံးသာလျှင် ပြုံးလိုက်၏။

'သိမယ်၊ သူတော် ဘယ်လိုလူစွမ်းလူစရှိတယ်ဆိုတာ တစ်နေ့သိကြရမယ်'

နောက်ဆုံး သည်မျှသာ ကြိမ်းဝါးကာ ကိုသူတော် ဆုတ်ခွာလာခဲ့ရလေသည်။

နေရပ်ဒေသမှ ထွက်ခွာသွားသောအခါတွင်မူ ကိုသူတော် လက်တစ်ဖက်ကိုမြှောက်၍ လက်သီးဆုပ်ကာ ကြုံးဝါးသွားသေး၏။

'ဟယ် လောက လောက၊ နင့်အကြောင်း ငါသိပကော'

ဖာတစ်လုံးခေါင်းကျား မင်းသားဟူ၍ပင် သူ့ကိုယ်သူ အောက်မေ့ကာ

mgyoe.com

mgyoe.com


ကြုံးဝါးပစ်လိုက်၏။ လူတွေဟာ မရှိရင်တစ်မျိုး၊ ရှိရင်တစ်မျိုး သဘောထား ကြတယ်ဟူ၍လည်း သူ့ဘာသာ အကြိမ်ကြိမ်အခါခါ ပြောဆိုနေမိလေ တော့၏။

လောကကြီးကို စိတ်နာသည်ဟူ၍လည်း အတန်တန်အခါခါ ပြော လိုက်ပေသေး၏။

လောကဇာတ်ခုံမှာ သူ့ကိုယ်သူတော့ ဇာတ်လိုက်ထင်နေသကိုး။

## (၂)

ဦးချစ်မောင်နှင့် ဒေါ်အေးမူတို့ စေ့စပ်ကြောင်းလမ်းခဲ့ပြီး။ လဲ့လဲ့၏ မိဘ များက သဘောတူညီကြောင်း ပြန်ကြားခဲ့သည် မှန်သော်လည်း လဲ့လဲ့ကမူ ကိုသူတော်ဆိုသူအား ယူပါမည်ဟူ၍ ကတိပေးခြင်း မပြုချေ။

မိဘများ နားချလာသောအခါ လဲ့လဲ့က မယူလိုဆိုကာ ငြင်းပယ်လာခဲ့ ၏။

သို့သော် ထပ်မံနားချလျှင် မိဘစကားကို နားထောင်လာလိမ့်မည်ထင် သောကြောင့် ဦးချစ်မောင်တို့အား ဖြစ်ရပါစေမည်ဟူ၍ပင် ပြောထားခဲ့လေ သည်။

သို့ကြောင့် လဲ့လဲ့ဆိုသည်မှာ သူ့ဇနီးလောင်းဟူ၍ ကိုသူတော် အောက် မေ့နေပေသည်။ မိဘတို့က သဘောတူသည်ဆိုသောကြောင့် ထိုအိမ်သို့ ဝင်ထွက်သွားလာကာ လဲ့လဲ့နှင့် နီးနီးကပ်ကပ် ချစ်ကျွမ်းတဝင်နေဖို့ ကြိုးစားခဲ့ သော်လည်း လဲ့လဲ့ကမူ ရှောင်ဖယ်ဖယ်သာ လုပ်နေခဲ့လေသည်။

ချစ်တင်းနှောဖို့ အစချီသောအခါ မချစ်နိုင်ပါဟု လဲ့လဲ့ပြန်ပြောသည် ကို မူနေတာဟု သဘောထားခဲ့၏။ အနားကပ်မခံခြင်းကို ရှက်အားပိုနေ သောကြောင့်ဟူ၍သာ အောက်မေ့နေမိ၏။

အစကတည်းက ရှင့်ကိုချစ်တာမဟုတ်ဘူးဆိုသည်မှာ မှန်သောစကား ကို လဲ့လဲ့ဆိုခြင်းသာလျှင် ဖြစ်ချေသည်။

လဲ့လဲ့မှာ ချစ်တဲ့သူရှိပြီးသား။

သို့သော် အိမ်ထောင်ပြုကြဖို့ အချိန်ကာလကို စဉ်းစားသောအခါ သင့် တင့်လျောက်ပတ်သော အချိန်တစ်ချိန်ကို စောင့်စားရဦးမည်ဟူ၍ နှစ်ဦးလုံး

mgyoe.com

mgyoe.com


သဘောတူ ညှိနှိုင်းမိလေသည်။

သူတို့နှစ်ဦးမှာ ငယ်ချစ်ဦးများ ဖြစ်ကြ၏။

လူ့ဘဝ၏အစ ကလေးသူငယ်ဘဝကတည်းက တစ်ဦးကိုတစ်ဦး ခင်မင်တွယ်တာလာခဲ့သည်။ ကစားဖော်ကစားဖက်၊ ကျောင်းသွားဖော် ကျောင်းသွားဖက် ဖြစ်ရုံမက တစ်ယောက်အနွံအတာ တစ်ယောက်ခံလာသူများဖြစ်သောကြောင့် တွယ်တာမှု ကြီးမားသည်ထက် ကြီးမားလာခဲ့၏။

သူငယ်ချင်းချစ်နှင့် ချစ်ခဲ့ရာကနေ အပျို၊ လူပျိုဖြစ်လာသောအခါ သမီးရည်းစားချစ်သို့ ကူးပြောင်းသွားလေသည်။

သို့ကြောင့် သူတို့အချစ်က သိမ်မွေ့သည်။ နက်နဲသည်။ သံယောဇဉ်နှောင်ဖွဲ့မှု ကြီးမားသည်။

ကိုသူတော်က သူ့ကိုလိုချင်သဖြင့် မျက်နှာကြီးပုဂ္ဂိုလ်တစ်ဦးမှတစ်ဆင့် သူ့မိဘများထံ ကြောင်းလမ်းလာရာ မိဘများကလည်း သဘောတူသည်ဆိုကာ သူ့အား နားချလာနေကြောင်း၊ သူ့အနေနှင့်တော့ ငယ်ချစ်ဦးကလွဲ၍ ဘယ်သူ့ကိုမှ ယူမည်မဟုတ်ကြောင်း ချစ်သူအား ပြောဖူးလေသည်။ သူ့ချစ်သူကလည်း သူ့အချစ်ကို ယုံကြည်စိတ်ချကြောင်း ပြောလေသည်။

ထို့နောက် တစ်ဖန် မိမိက လက်မခံ ငြင်းဆန်ပါလျက် မိဘစကားနားထောင်ရမည်ဆိုကာ ဇွတ်အတင်းပေးစားဖို့ စီမံစိုင်းပြင်းနေသည်။ အတင်းအဓမ္မပေးစားမည်ဆိုပါက သူ့အနေနှင့် ငယ်ချစ်ဦးနောက်သို့ အပြီးအပိုင်လိုက်ရန်သာရှိတော့သည်။ အကျပ်အတည်း ကြုံတွေ့ရသောအချိန်ရောက်လျှင် ခိုးလုည့်ပါဟူ၍ ချစ်သူအား ပြောပြထားပြီးဖြစ်ချေသည်။

လဲ့လဲ့တစ်ယောက် အထုပ်ပိုက်ကာ၊ စောင်ပိုက်ကာနှင့် ခိုးရာလိုက်ဖို့ အသင့်ပြင်နေသည်ဆိုခြင်းကိုဖြင့် ကိုသူတော် မသိနိုင်အောင် ရှိနေရှာလေသည်။

ငယ်ချစ်ဦးမှာ လဲ့လဲ့နှင့် သက်တူရွယ်တူဖြစ်သည်။ ကိုသူတော်မူကား လဲ့လဲ့ထက် ငါးနှစ်ခန့်ကြီးလေသည်။

သက်ထွန်း။

ငယ်ချစ်ဦးအမည် သက်ထွန်းဟူ၍ခေါ်လေသည်။ အသွင်သဏ္ဌာန်ကြန်အင်လက္ခဏာတွင် ကိုသူတော်နှင့် တစ်မျိုးစီဖြစ်သည်။

mgyoe.com

mgyoe.com


လူပေါ်ကြော့မဟုတ်၊ ချမ်းသာကြွယ်ဝသူလည်း မဟုတ်ချေ။ ကြံ့ခိုင်သန်မာ၍ မျက်နှာထားတည်ကြည်သလောက် အကြောင်းကိစ္စတစ်ခု ပေါ်လာလျှင် နက်နဲစွာ စဉ်းစားဆုံးဖြတ်တတ်လေသည်။ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးပြီဆိုလျှင် ထိုဆုံးဖြတ်ချက်ကို ခိုင်မာစွာ စွဲကိုင်တတ်လေ့ရှိသူ ဖြစ်ချေသည်။ ပြတ်သားစွာ ပြော၍ ပြတ်သားစွာ လုပ်တတ်သူဖြစ်သည်။

သို့ကြောင့် ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်၊ ကျောင်းသွားဖော် ကျောင်းသွားဖက် သူငယ်ချင်းအဖြစ် ချစ်ခင်တွယ်တာလာခဲ့သော ထိုသူအား အရွယ်ရောက်သောအခါ လေးစားလာခဲ့မိလေသည်။

မိဘတွေကဖြင့် မရမကပေးစားဖို့ ကြံစည်နေကြပြီ။ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရပါစေ၊ ထမင်းရည်အတူလျက်ရပါစေ၊ ဘဝတစ်သက်တာမှာ ကိုယ်ချစ်သောသူနှင့်သာ လက်တွဲသွားဖို့ ချစ်သစ္စာမဏ္ဍိုင် ခိုင်ခိုင်စိုက်ထားပြီးပြီမို့ သစ္စာမဏ္ဍိုင် မယိုင်လဲဘူး၊ ခိုင်မြဲတယ်။ ဘဝအခြေအနေ မပေးသေးပေမဲ့လည်း မောင့်နောက်လိုက်တော့မယ်၊ ခိုးလှည့်ပါတော့ ဟူ၍ လဲ့လဲ့ပြောခဲ့သည်။

မဖြစ်သေးဘူး။ မဖြစ်ဘူး တဲ့။

မိန်းကလေးက ခိုးလှည့်ပါဆိုတာတောင်မှ ထိုသူက မဖြစ်သေးဘူးဆိုကာ နောက်တွန့်နေခဲ့သည်။

ဘာလဲ။

မရဲဘူးလား။

ဘာကိုကြောက်တာလဲ။

ကိုသူတော်တို့ အသိုင်းအဝိုင်းကို ကြောက်တာလား။ ဒါမှမဟုတ် ဘဝခရီးကို ရဲရဲမလျှောက်ဝံ့လို့ နောက်တွန့်လေသလား။ ကြီးမားနက်နဲသော အချစ်၏ပင်မြစ်က ဘယ်တော့မျှ မကျွတ်အောင် ခိုင်ခိုင်တွယ်ပြီး အချစ်ပင်ရှင်သန်ပြီးသားမို့ ချစ်သူနှင့်အတူဆိုလျှင် ဘဝခရီးမှာ ဘာကိုမှ မကြောက်ဘူးဆိုကာ လက်တွဲသွားတော့မည်။ ထမင်းရည် အတူလျက်ရပါစေ၊ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရပါစေ၊ လိုက်မယ်၊ ခိုးလှည့်ပါဆိုပါလျက် ထိုသူက မခိုးရက်ချေ။

ငြင်းသာ ငြင်းပါ။ အဲဒီလူကို ဘယ်နည်းနဲ့မှ မယူဘူးလို့ ငြင်းသာငြင်း။

mgyoe.com

mgyoe.com


လဲ့လဲ့ ကလေးတစ်ယောက်မှမဟုတ်ဘဲ၊ အရွယ်ရောက်နေပြီပဲ။ ကိုယ့်လွတ်လပ်ခွင့်ကို ဖြောင်တိုက်ယူပါ။ ထွက်ပြေးဖို့ မကြံပါနဲ့ဦး။

သက်ထွန်း သည်လိုပြောရုံမက ဘဝခရီးရဲ့ ကြမ်းတမ်းမှုကို တွက်မိတာမှန်သော်လည်း အဲဒီဘဝခရီးလမ်းကို ချစ်သူနဲ့ အတူလျှောက်သွားဖို့ မရဲလို့မဟုတ်။ သတ္တိနည်းလို့မဟုတ်။ ကိုသူတော်တို့ အသိုင်းအဝိုင်းကို ကြောက်လို့လည်း မဟုတ်ဘူး။ သူ့မှာ ရည်မှန်းချက်ရှိနေသေးလို့။ လောလောဆယ်မယူသေးဘဲ သင့်တင့်လျောက်ပတ်တဲ့ အချိန်တစ်ချိန် ရောက်အောင် စောင့်ဖို့ အစကတည်းက ပြောခဲ့တာ။ ဒါကြောင့် စောင့်ပါဦးဆိုကာ ခိုးရာလိုက်ဖို့ ခေါ်မလာသောကြောင့်သာလျှင် လဲ့လဲ့တစ်ယောက် မိဘအိမ်မှာ ရှိနေသေးခြင်းဖြစ်လေသည်။

ဇွတ်အတင်း တိုက်တွန်းနေကြသည်ဖြစ်သော်လည်း ဇွတ်ငြင်းရတော့မည်ဟူ၍သာ ပိုင်းဖြတ်ထားရ၏။

အကျပ်ကိုင်လာလျှင် တစ်မျိုးတစ်ဖုံ ကြံစည်ရမည်ဆိုကာ စောင့်ဆိုင်းနေဆဲမှာပင် ကိုသူတော်တစ်ယောက် ရုတ်တရက် အမြင့်ကကျပြီး ပြန်မထနိုင်ဖြစ်သွားသဖြင့် လဲ့လဲ့အဖို့ အနှောင့်အယှက်ကင်းဝေးသလိုဖြစ်ကာ စိတ်ချမ်းသာမှု ရရှိလာခဲ့၏။

သက်ထွန်းက သူ့မှာ ရည်မှန်းချက်ရှိသည့်အတွက် ချစ်သူနှင့် စုလျားရစ်ပတ် လက်ထပ်ဖို့အရေး ယခုမကြိုးစားနိုင်သေး ဟူ၍ ဆိုခဲ့၏။ သင့်တင့်လျောက်ပတ်သော အချိန်တစ်ချိန် ရောက်မှ လက်ထပ်ကြတာပေါ့ဟု ပြောခဲ့၏။

လူ့ဘဝမှာ ရည်မှန်းချက်ဆိုသည်ကား ကိုယ့်ချစ်သူနှင့်အတူနေရေးဆိုတာတစ်ခုတည်း ထားဖို့မဟုတ်။ ချစ်သူနှင့် စုလျားရစ်ခွေ အတူနေသောအခါ အိမ်ထောင်ရေးအတွက် ပြည့်စုံဖူလုံအောင် တည်ဆောက်ဖို့အရေးတစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ခြင်းလည်း မဟုတ်သေး။ မိမိရည်မှန်းချက်ဆိုသည်ကား တစ်ယောက်ကောင်း အထွတ်အထိပ်ရောက်ဖို့၊ ကောင်းစားဖို့ သက်သက်မဟုတ်။ လူတစ်ယောက်အနေဖြင့် လူ့ဘဝတွင် ထို့ထက်ပို၍ မွန်မြတ်သော ရည်မှန်းချက် ထားရှိဖို့လိုသေးသည်ဟူ၍ သက်ထွန်းပြောဆိုခဲ့လေသည်။

mgyoe.com

mgyoe.com


နေရာကျလိုက်လေခြင်း။

ကိုသူတော် ဒုက္ခရောက်သွားတာ ချစ်သူနှစ်ယောက်အဖို့ အလွန့်ကို နေရာကျသွားခြင်းပင်တည်း။

(၃)

သည်မြို့၊ သည်ရွာ၊ သည်အရပ်ဒေသ တည်းဟူသော လူ့ရိပ်မြုံတွင် ကိုသူတော်တစ်ယောက်ကိုသာ မတွေ့ရတော့ရုံသာမဟုတ်ဘဲ လဲ့လဲ့၏ငယ်ချစ်ဦး သက်ထွန်းကိုလည်း အများတကာတို့ မတွေ့မမြင်ရသည်မှာ ကာလအတန် ကြာညောင်းခဲ့ပြီ ဖြစ်လေသည်။

လဲ့လဲ့အနေနှင့်မူ မချစ်မနှစ်သက်သူကိုရော၊ ချစ်သူကိုရော ဘယ်သူ့ကိုမျှ မမြင်မတွေ့ရတော့ဘဲ နှစ်ဦးလုံးနှင့် ဝေးကွာသွားလေတော့၏။

အပိယေဟိ၊ ဝိပ္ပယောဂေါ ဒုက္ခောဆိုသည့် မချစ်မနှစ်သက်သူနှင့် အတူနေ၍ တွေ့ရမည့်ဒုက္ခက ကင်းဝေးသွားသော်လည်း ချစ်သူနှင့်အတူနေရခြင်းဆိုသည့် သုခချမ်းသာကိုလည်း ခံစားရခြင်း မရှိသေးချေ။

ဖော်ကွာကင်းတဲ့ မယ့်သဥ္စာ၊ ပျိုမေ တစ်ကိုယ်တည်း မျှော်နေရှာ။

အဲသည်လို အမျှော်စိုက်တေးဆိုပြီး အချိန်ရှိသရွေ့ လွမ်းဖျား လွမ်းနာကျနေရလောက်အောင်လည်း မဖြစ်ခဲ့။

တစ်ခါတစ်ခါ ချစ်သူကို လွမ်းမိသည်မှန်သော်လည်း သင့်တင့်လျောက်ပတ်သော အချိန်တစ်ချိန်ရောက်သောအခါ တူနှစ်ကိုယ် အတူနေဖို့ပြောဆိုကတိသစ္စာပြုထားကြပြီ ဖြစ်သောကြောင့် ယခု အချိန်အခါ မသင့်သေးသဖြင့် အတူမနေရသေးခြင်းသာ ဖြစ်သည်ဆိုကာ ဖြေနိုင်ခဲ့လေသည်။

ကြာပကော။ ဘယ်သောအခါ ပေါ်လာမလဲ။

တစ်ခါတစ်ခါတော့လည်း သည်လိုလွမ်းရသေး၏။ သို့သော် တစ်နေ့ပေါ်လာမည် ဆိုသည်ကိုကား ခိုင်မာစွာပင် ယုံကြည်ထား၏။

မိုးအာကာမှာ ဆန်းစသော်တာ ပေါ်လာသည်ကို တွေ့မြင်ကြရ၏။ ထို့နောက် မိုးထက်ဝဠာ၌ လမင်းထိန်ထိန် သာလာလေတော့၏။ ပြီး တစ်ဖန်လဝန်းကွယ်သွား၏။

လင်းချည်တစ်ခါ၊ မှောင်ချည်တစ်လှည့်။

mgyoe.com

mgyoe.com


နွေးရာက အေး၊ အေးရာက ပူကာ ရာသီတွေပြောင်း၍ အချိန်ကာလ ကြာညောင်းသောအခါ အဖြစ်သနစ်တွေလည်း ပြောင်းလဲလာခဲ့၏။

အရှိန်အဟုန် ပြင်းထန်သည့် လေပြင်းမုန်တိုင်းကြီး တိုက်ခတ်လေတော့ ၏။ မုန်တိုင်းကြောင့် ရောမ သစ်ပင်ကြီးတစ်ပင် ဝုန်းခနဲ လဲကျသွား၏။

အစက သည်အပင်ကြီး အခိုင်ဆုံး ထင်ခဲ့သော်လည်း ယခု မဟုတ်တော့။

တိုက်ခတ်လာသည်က စစ်မုန်တိုင်း။

ပြင်းထန်သော စစ်မုန်တိုင်းသည် အဆောက်အအုံ အချို့ကို ဖြိုလှဲဖျက်ပစ်သည်နှင့် တစ်ချိန်တည်းမှာပင် အချို့သောအရာများကိုလည်း သယ်ယူဆောင်ကြဉ်းလာလေသည်။ ဟိုနေရာက လွင့်လာသော အရာသည် သည်နေရာ လာကျတတ်၏။ ရေပြင်ပေါ်ကလှေ ကုန်းပေါ်ရောက်လာ၍ အမြင့်ကစိန်ဖူး မြေခချင်လည်း ခသွားလေ့ရှိ၏။

မုန်တိုင်း၏ ဆောင်ကြဉ်းမှုက သည်လိုရှိ၏။

သည်ရပ် သည်ရွာက လွင့်ပါးသွားသူတစ်ဦးအား စစ်မုန်တိုင်းက ပို့ဆောင်လိုက်သဖြင့် သည်နေရာ ပြန်ရောက်လာပြန်လေတော့၏။

ကြည့်စမ်းပါဦး သူ့ကို။

ကက်ဦးထုပ်ဆောင်းကာ ကာကီရှပ်လက်ရှည် ဝတ်၍ မြင်းစီးဘောင်းဘီ ဝတ်ပြီး ခါးမှာ ဓားရှည်ကြီးချိတ်လို့။

ဒါတွင် မကသေး။ ဝင်ချက်စတာ ရိုင်ဖယ်သေနတ်ကိုလည်း နောက်ကျောမှာ သိုင်းလွယ်ထားလိုက်ပေသေး၏။

သည်တစ်ခါ ပုံတစ်မျိုးနှင့် ပေါ်လာသည်။ လူသာလျှင် ပုံသဏ္ဌာန် ပြောင်းလဲလာရုံ မဟုတ်ဘဲ နာမည်ပါ အသွင်ပြောင်းလာလေသည်။

ဗိုလ်သူတော် တဲ့။

ဗမာ့လွတ်လပ်ရေး တပ်မတော် သို့မဟုတ် ဘီအိုင်အေများ ဟင်္သာတမြို့တွင်း ဝင်ရောက်လာသောအခါ ကိုသူတော်တစ်ယောက် ပါလာသည်ကို အများတကာတို့ တွေ့မြင်ကြရတော့၏။

ဘယ်လိုက ဘယ်လို ကိုသူတော် စစ်ဗိုလ်ဖြစ်လာလေသလဲဆိုတာ မြို့သူမြို့သားတို့ အံ့သြစွာပင် ကြည့်ရှုနေကြ၏။

mgyoe.com

mgyoe.com


သူ့အား ကြည့်နေသူတွေဘက် ပြန်လှည့်ကြည့်လိုက်ပုံကား စစ်နိုင်အောင် တိုက်လာသော သူရဲကောင်းကြီး ဂိုက်မျိုးနှင့်။

မြင်ကြရဲ့လား။ ငါ့ကို မြင်ပလား။

ပါးစပ်က မပြောသော်လည်း လမ်းဘေးတစ်ဖက်တစ်ချက်စီတွင် ရပ်ကြည့်နေကြသော လူထုပရိသတ်များအား ကိုသူတော် ပြန်ကြည့်ပုံကသည်လိုမေးသည့်အလား ရှိလေသည်။

ဟယ် သူတော်တစ်ယောက် ဘယ်လိုက ဘယ်လို ပါလာတာလဲ။

အောင်မယ်လေး ဓားရှည်ကြီး ခါးမှာချိတ်လို့ပါလား။

အောင်မာ မြင်းစီးဘောင်းဘီကြီးနဲ့ ဟ။

စစ်ယူနီဖောင်းဝတ်ထားပြီး စစ်သွေး စစ်မာန် ဆောင်ကာ ရင်ကော့၊ ခေါင်းမော့ပြီး လျှောက်လှမ်းလာသော်လည်း ကိုယ်ခန္ဓာက ပျော့ပျောင်းနွဲ့နှောင်းနေသည်ကို တွေ့ရ၏။ သို့သော် တောင့်တင်းသန်မာသော အသွင်ကို ရရှိအောင် အားမာန်စိုက်ကာ လျှောက်လှမ်းလာခဲ့၏။

ဂျပန်ပြည်တွင် စစ်ပညာသင်ကြားလာခဲ့သော ရဲဘော်သုံးကျိပ်တို့ ဦးစီးကာ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ယိုးဒယားပြည်မှာ ဖွဲ့စည်းထူထောင်ခဲ့စဉ်က တပ်မတော်သားဦးရေ အနည်းငယ်နှင့် စတင်ခဲ့ရပြီး ဂျပန်အင်ပီရီရဲလ်စစ်တပ်ကြီး မြန်မာပြည်တွင်း ချင်းနင်းဝင်ရောက်သည့်အခါ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်သည်လည်း တစ်ပြိုင်တည်း ဝင်ရောက်လာခဲ့၏။

လွတ်လပ်ရေး လိုအင်ဆန္ဒ ပြင်းပြနေသော မြန်မာပြည်သူတို့သည် စိတ်ဓာတ်တက်ကြွလျက်ရှိပြီး ဘီအိုင်အေကို သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ရုံသာမက ချီတက်လာသော ဘီအိုင်အေတပ်ထဲသို့ အားသွန်ခွန်စိုက် ဝင်ရောက်ပြီး ဆက်လက်လိုက်ပါလာခဲ့ခြင်းအားဖြင့် ဘီအိုင်အေတပ်မှာ လူဦးရေ တိုးတက်များပြားလာခဲ့၏။

အချို့ဒေသများတွင်ဆိုလျှင် ကိုယ့်ဘာသာလူစုပြီး ဘီအိုင်အေ ရောက်လာလျှင် ဝင်ရောက်ရန် စောင့်စားနေလေ့ရှိကြ၏။ စိတ်ဓာတ်တက်ကြွနေသူအများအပြားသည် မိမိတို့ ရပ်ရွာသို့ ဘီအိုင်အေ ရောက်လာသည်နှင့် တစ်ပြိုင်နက် အားတိုက်ခွန်တိုက် ဝင်၍လိုက်ကြ၏။ ဝင်လာသူတို့အား စစ်

mgyoe.com

mgyoe.com


ယူနီဖောင်းကိုလည်းကောင်း၊ လက်နက်ကိုလည်းကောင်း တပ်ကနေ ပေးနိုင်စွမ်းမရှိသဖြင့် ကိုယ့်ဘာသာကိုယ် ရရာစစ်ဝတ်စုံကို ရှာဖွေဝတ်ဆင်သူက ဝတ်ပြီး အချို့ လုံချည်တိုတိုဝတ်၍ လက်မောင်းတွင် ဘီအိုင်အေ လက်ပတ်ပတ်ပြီး လိုက်ပါလာရ၏။ လက်နက်ဆိုလျှင်လည်း ရရာလက်နက်စွဲကိုင်လာကြ၏။

သည်လိုအချိန်အခါတွင် တကယ်တမ်း တိုက်လို၊ ခိုက်လို၊ တိုင်းပြည်အတွက် အသက်စွန့်လိုသောကြောင့် မျိုးချစ်စိတ်ဓာတ် တက်ကြွပြီး ဝင်ရောက်လိုက်ပါသူတွေရှိသလို ရောင်တော်ပြန်တွေလည်း ပါလာကြလေသည်။

လူထုများ စိတ်ဓာတ်တက်ကြွနေချိန်ဖြစ်သောကြောင့် တိုက်လို၊ ခိုက်လို၍ ဝင်ရောက်လိုက်ပါလာသည်ဆိုသူတိုင်းအား ကြိုဆိုလက်ခံကြသည်သာဖြစ်လေသည်။ သို့ကြောင့် ဝင်လာသမျှသူတို့ကို အသေအချာ စိစစ်ခြင်း မပြုနိုင်ဘဲ ဝမ်းမြောက်ဝမ်းသာ လက်ခံသည်သာ များလေသည်။

အချို့သောနေရာ ဒေသများမှာဆိုလျှင် ကိုယ့်ဝတ်စုံ ကိုယ်ရှာဝတ်ပြီး ကိုယ့်ဘာသာ ရာထူး၊ အဆင့်၊ တံဆိပ် ပြုလုပ်တပ်ဆင်ကာ နောက်လိုက်တစ်ယောက်နှင့်အတူ မိမိဗိုလ်ကြီး ဘယ်သူ ဘယ်ဝါဆို၍ ကိုယ့်ကိုယ်ကိုယ်ဗိုလ်အဖြစ် ကင်ပွန်းတပ်ပြီး လှည့်လည်သွားလာနေသူတွေလည်း ပေါ်ပေါက်ခဲ့လေသည်။

စပ်ကူးမပ်ကူးအချိန်ဖြစ်သောကြောင့် အရာရာ သောကောရောကောဖြစ်နေလေတော့၏။

အချို့နေရာများမှာဆိုလျှင် ရာထူးအဆင့်တံဆိပ်ကို မိမိဘာသာတပ်ပြီး ဗိုလ်ကြီး ဘယ်သူဘယ်ဝါဆိုကာ အာဏာပြနေသူတွေ၊ လူထုပစ္စည်းများကို အနိုင်အထက်သိမ်းယူ၍ ကိုယ်ကျိုးရှာသူတွေ၊ လူထုအား စော်ကားမော်ကားပြုသူတွေ ပေါ်ပေါက်နေသည့်အတွက် ထိုသို့သော သူများအားနောက်မှ ဖမ်းဆီးအရေးယူကာ သေဒဏ်ပေးလိုက်ရသောကိစ္စတွေ မြောက်မြားစွာပင် ရှိခဲ့၏။

လူထုတွေ စိတ်ဓာတ်တက်ကြွနေချိန်ဖြစ်သောကြောင့် တိုင်းပြည်အတွက် တိုက်မယ်၊ ခိုက်မယ်ဆိုသော စကားမှာ ဖက်ရှင်ဖြစ်နေသည်။

mgyoe.com

mgyoe.com


သည်စကားကို လူတကာ ပြောဆိုလာလေသည်။

တိုင်းပြည်နှင့် လူမျိုးအတွက် ကျွန်တော့်ကိုယ်ခန္ဓာကို ပေးလှူပါတယ်။ အရိုးကြေကြေ အရေခန်းခန်း တိုင်းပြည်တာဝန်ထမ်းဆောင်မယ်။ အသက်စွန့်တိုက်ခိုက်မယ်။

ဤကား ကိုသူတော်ပြောကြားသော စကားတည်း။

နေရပ်ဌာနီ၌ ဆက်လက်မနေနိုင်တော့သဖြင့် လွင့်ပါးသွားသူ ဤပုဂ္ဂိုလ်သည် အကွက်ကောင်းကို အမြဲချောင်းနေသည့် အားလျော်စွာ ရောဝတီမြစ်ရိုးတစ်လျှောက် ချီတက်လာသော တပ်တစ်တပ်ကို တစ်နေရာမှာ တွေ့သောအခါ ဤသို့လျှင် သစ္စာနှံလိုက်လေတော့၏။

လူပေါင်းများစွာတို့ အားတက်သရောနှင့် တပ်ထဲဝင်နေသည်ကို တွေ့ရသောကြောင့် ငါ့အတွက်လည်း အကွက်ကောင်းတွေ့ပြီဆိုကာ ရောယောင်ပါဝင်လိုက်ခြင်း ဖြစ်လေသည်။

တပ်ထဲရောက်သည်နှင့် တစ်ပြိုင်နက် စတိုင်ကျဆုံးဖြစ်အောင် ဝတ်ဖို့ အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ ဖိနပ် စသည်တို့ကို မရအရရှာဖွေလေတော့၏။ နောက်ပြီး ခါးမှာချိတ်ဖို့ ဓားရှည်ကိုလည်း ရအောင်ရှာလိုက်၏။

သည်လိုနေရာမျိုးမှာ ကိုသူတော် လူတော်မဟုတ်လော။

တပ်ထဲ ဝင်ရောက်ပြီးနောက် တိုတောင်းသော ရက်ပိုင်းအတွင်းမှာပင် ကိုသူတော် လူတွင်ကျယ် ဖြစ်လာပါလေသည်။

စိတ်ဓာတ် တက်ကြွသဖြင့် ဝင်ရောက်လာသူတွေက ရိုးရိုးသားသား လုပ်ကိုင်ကြသော်လည်း အချောင်သမားတွေမူကား အခွင့်အရေးကိုသာ ရှာဖွေကြလေသည်။

ကိုသူတော်၏ အင်္ကျီကော်လာ တစ်ဖက်တစ်ချက်တွင် လိုင်းသုံးလိုင်းနှင့် ကြယ်ပွင့်တစ်ပွင့်ရာထူးတံဆိပ်ကို ချိတ်ထား၏။ ၎င်းမှာ သူ့ဘာသာ ပန်းထိမ်ဖိုတစ်ခုတွင် အော်ဒါပေး အလုပ်ခိုင်းပြီး သူ့ဘာသာတပ်ဆင်သည့် တံဆိပ်သာလျှင် ဖြစ်၏။

ထိုတံဆိပ်ကိုချိတ်ပြီး ဟိုတပ်ဖွဲ့၊ သည်တပ်ဖွဲ့၊ ရှေ့ကချီသောတပ်နှင့် နောက်ကချီသောတပ် စသည်တို့ကို ကူးရင်းသန်းရင်း ယောင်တောင်ပေါင်တောင်လုပ်ကာ သူ့ကိုယ်သူ ဗိုလ်အဖြစ် ဖန်ဆင်းရာမှ ထိုတံဆိပ်ကို အမြဲ

mgyoe.com

mgyoe.com

ချိတ်နိုင်သွားခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် အများတကာတို့က သူ့ကို ဗိုလ်ကြီးသူတော်ဟူ၍ ခေါ်ဝေါ်ကြရလေသတည်း။

အင်္ဂလိပ်စစ်တပ်များ ဆုတ်ခွာသွားပြီဖြစ်၏။ မြစ်ကြောင်းချီတပ်တွင် လမ်းကဖြတ်လိုက်လာခြင်း ဖြစ်သောကြောင့် ဤမည်သော ဗိုလ်ကြီးကား တိုက်ပွဲတစ်ပွဲတလေတွင်မျှ ပါဝင်တိုက်ခိုက်ဖူးခြင်း မရှိချေ။

အကယ်၍ တိုက်ပွဲဝင်စရာရှိသည် ဆိုလျှင်လည်း စစ်သူကြီးအသွင် ဝတ်ဆင်ထားသော ကိုသူတော် လိုက်ပါခြင်း ပြုလိမ့်မည်မဟုတ်ပေ။ အကြောင်းတစ်စုံတစ်ရာပြပြီး ရှောင်ဖယ်နေမည်သာလျှင် ဖြစ်၏။

ဗိုလ်ကြီးသူတော်ကား စစ်တိုက်ဖူးသော စစ်ဗိုလ်မဟုတ်ချေ။

သို့သော် နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့် တိုက်ခိုက်နေသူဆိုသည့် စကားကိုကား တွင်တွင်ပြောနေသူပါတည်း။

## (၄)

လာလေပြီ။

ခေါင်းကနေ ခြေဖျားအဆုံးထိ ကြည့်လိုက်သောအခါ သည်လိုလျှင် တွေ့မြင်နိုင်လေသည်။

ကာကီစိမ်း ကက်ဦးထုပ်ဆောင်းလို့။ သုံးလိုင်းကြယ်တစ်ပွင့် တံဆိပ်ကြီးချိတ်လို့။

ခါးပတ်ပတ်ပြီး ဓားရှည်ကြီး ချိတ်ဆွဲထား၏။ ကာကီဇင်ပိတ်နှင့် ချုပ်ထားသော မြင်းစီးဘောင်းဘီဝတ်ထား၏။

နောက်ပြီးတော့ ဘွတ်ရှူးကြီးနှင့်။

အဲသည်ပုံသွင်နှင့် စတိုင်ထုတ်ကာ လျှောက်လှမ်းလာသူ ဗိုလ်ကြီးသူတော်အား လမ်းပေါ်တွင် တွေ့ရသူတို့က တအံ့တသြ ကြည့်ရှုနေကြ၏။

သူဘယ်လိုဖြစ်လာတာလဲ။ တစ်ခါ ကောင်းစားလာပြန်ပြီလား။

လူအချို့ အချင်းချင်း သည်လိုပြောကာ သူ့ကို မျက်လုံးအပြူးသားနှင့် ကြည့်ကြသောအခါ ရင်ကော့ပြီး ပို၍ ဂိုက်ပေးသွားလိုက်၏။

ဈေးကြီးကို ပြန်လည်ဖွင့်လှစ်ထားပြီ ဖြစ်သောကြောင့် အရောင်းအဝယ်
mgyoe.com

mgyoe.com


ဖြစ်ထွန်းစည်ကား နေလေသည်။ ဈေးနားတစ်ဝိုက်တွင် လူစည်ကားသော ကြောင့် မိမိဘယ်ပုံကြီးပွားလာသည် ဆိုခြင်းကို အများတကာတို့ မြင်တွေ့ စေလိုသောကြောင့် ဈေးတစ်ဖက်ကို ပတ်သွားသည့် မြင့်မားသော ရေကာ တာကြီးပေါ်တွင် ထောင်ထောင်ကြွားကြွား လျှောက်လှမ်းလာခဲ့၏။

မြင်ကြပြီလား။

တစ်ချိန်တုန်းက သူ့အပေါ် အထင်သေးခဲ့သူတို့အား ငါ ဘယ်လိုလူ စားဆိုတာ မြင်ကြပြီလားဟူ၍ ပြသောအားဖြင့် ဂိုက်ထွားထွားနှင့် လျှောက် လှမ်းလာခဲ့ရာ ဈေးသည်တစ်ယောက်နှင့် ဆိုက်ကားသမားတစ်ဦး အကျောက် အကန်ပြောကာ စကားများ ရန်ဖြစ်နေသောနေရာ ရောက်လာခဲ့လေသည်။

ဗိုလ်ကြီး သူတော်သည် ခါးထောက်ရပ်ပြီး ထိုသူနှစ်ဦးအား သူ့အနား လာရန် ခေါ်ယူလိုက်လေတော့၏။

ဘာအကြောင်းနှင့် စကားများရန်ဖြစ်နေကြသလဲ ဆိုသည်ကို မေးမြန်း ပြီး ဖျန်ဖြေပေးဖို့မဟုတ်၊ သို့မဟုတ် အဆုံးအဖြတ်တစ်ခုပေးဖို့ ခေါ်ယူ လိုက်ခြင်း မဟုတ်ချေ။

သူ့အလုပ်က မေးခွန်းထုတ်ဖို့ မဟုတ်၊ မိန့်ခွန်းခြွေဖို့သာဟု နားလည် ထား၏။

သို့ကြောင့်။

'ဟေ့ မင်းတို့နှစ်ယောက်လုံး မြန်မာတွေ မဟုတ်လား။ ဒီအချိန်ဟာ မြန်မာချင်း ရန်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူးကွ။ အမျိုးသားချင်း သွေးစည်း ရမယ့် အချိန်ဆိုတာကိုမှ နားမလည်ကြဘူးလား' ဟူ၍ မာဆတ်စွာ အော် ငေါက်ပြောဆိုလိုက်၏။

ဤကား ဗိုလ်ကြီးသူတော်၏ မိန့်ခွန်းပဏာမ ဖြစ်ချေသည်။

ဈေးသည်မှာ အသက် ၃၅ နှစ်ရွယ် ပိန်လှီသော ယောကျာ်းတစ်ယောက် ဖြစ်၏။ ဆိုက်ကားသမားမှုကား အသက် ၃၀ ခန့် ဗလကောင်းသော်လည်း ဝတ်ထားသောအဝတ်က မွဲညစ်ပြီး လူပုံနွမ်းသူဖြစ်၏။

'ဒီအချိန်ဟာ တို့မြန်မာတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရမယ့်အချိန်၊ ကိုယ့်အမျိုးသားချင်း တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းရမယ့်အချိန်ကွ။ အမျိုးသားအချင်းချင်း ရန်ဖြစ်နေရမယ့်အချိန် မဟုတ်ဘူး။ ဒီလိုအချိန်မှာ

mgyoe.com

mgyoe.com


မြန်မာချင်း ဖြစ်ပါလျက်ကယ်နဲ့ မင်းတို့နှစ်ယောက် ရန်ဖြစ်နေကြတယ်။ ဟော့ မြန်မာအမျိုးသားချင်း စိတ်ဝမ်းကွဲပြားမှုဖြစ်တာကို ငါ မလိုလားဘူးကွ။ ကဲ ဖြစ်ဦးမလား၊ မြန်မာချင်းဖြစ်ဦးမလား'

ဗိုလ်ကြီးသူတော် နားလည်သော အမျိုးသားညီညွတ်ရေး သဘောတရားဆိုသည်ကား သည်လိုသာလျှင် ဖြစ်ချေသည်။ အရှေ့အာရှစစ်ကြီးဖြစ်ခါနီးတွင် အမျိုးသားညီညွတ်ရေး လိုအပ်သည်ဆိုသည်ကား ဗမာ့ထွက်ရပ်ဂိုဏ်းဆိုသည်ကို ဖွဲ့စည်းပြီး ခေါင်းဆောင်များ ညီညွတ်ရေးတရားဟောသည့်အကြောင်းကို ခေတ်ပျက်ချိန်တွင် မျိုးချစ်ပုဂ္ဂိုလ်အသွင် ဆောင်ယူလာသော ကိုသူတော် သဲ့သဲ့ကြားခဲ့ရဖူးလေသည်။ ယခုအချိန်လို အမျိုးသားစိတ်တက်ကြွနေချိန်၌ မိမိကိုယ်ကို နိုင်ငံနှင့် လူမျိုးအတွက် ပေးလှူထားပါသည်ဆိုပြီး နေရာဝင်ယူလိုက်သောအခါ နိုင်ငံရေးစကားပြောမှ ဖြစ်မည်ဆိုပြီး သည်လို ပြောလိုက်ခြင်းပင်တည်း။

သည်လို မိန့်ခွန်းစကား မြွက်ကြားပြီးသည်နှင့် တစ်ပြိုင်နက် သူ့ရှေ့မှောက်တွင် ငြိမ်ငြိမ်ကလေး ရပ်နေသူ နှစ်ဦးဆီသို့ ဗိုလ်ကြီးသူတော် ခြေတစ်လှမ်းတိုး ရွေ့သွားလိုက်၏။

ဖြန်း ဖြန်း။

ထိုအသံမှာ ပါးရိုက်သံဖြစ်၏။ ဈေးသည်နှင့် ဆိုက်ကားသမားတို့ နှစ်ယောက်လုံး၏ ပါးပြင်ကို တစ်လှည့်စီ ရိုက်ပစ်လိုက်၏။

'ကဲ မှတ်ပြီလား၊ မြန်မာချင်းရန်ဖြစ်ဦး'

နောက်တစ်ခါ ထပ်မံအော်ငေါက်ပြောဆိုသံနှင့် တစ်ဆက်တည်း တဖြန်းဖြန်းမြည်သော ပါးရိုက်သံများ ပေါ်ထွက်လာပြန်လေတော့၏။

ဟင် ဟယ် ဆိုသည့်အသံတွေကတော့ မလှမ်းမကမ်းမှ ကြည့်ရှုနေသူတို့၏ပါးစပ်ဖျားက လွတ်ခနဲထွက်ပေါ်လာသော အသံများပင်ဖြစ်ချေသည်။

အမျိုးသားချင်း စည်းလုံးညီညွတ်မှုရှိရမည် ဖြစ်ပါလျက် မစည်းလုံးဘဲ ရန်ဖြစ်ကြသောကြောင့် ထိုသူနှစ်ဦးအား ပါးရိုက်ဆုံးမပစ်လိုက်၏။ ပါးရိုက်သည့်အလေ့မှာ မာစတာဂျပန်များ၏ အလေ့ဖြစ်၏။ မာစတာတို့ အတုကိုခိုးကာ ဗိုလ်ကြီးသူတော် ဤသို့ ပါးရိုက်ဆုံးမလိုက်ခြင်းဖြစ်၏။

'မြန်မာချင်းရန်မဖြစ်နဲ့၊ ကောင်းကောင်းနေကြ၊ အမျိုးသားတွေ သွေးစည်း

mgyoe.com

mgyoe.com


ညီညွတ်ရမယ့် အချိန်အခါဆိုတာကို နားလည်ကြစမ်းပါ'

နိဂုံးချုပ် ဩဝါဒစကားကို ဤသို့ပြောကြားပြီးသောအခါတွင်မူ တိုင်းပြည်နှင့် လူမျိုးအတွက် သစ္စာနံ့ထားသော မျိုးချစ်ပုဂ္ဂိုလ် ဗိုလ်ကြီးသူတော် ဆက်လက်လျှောက်လှမ်းသွားပါလေသတည်း။

ဟော ဟိုမှာ လှဲ့လှဲ့။

ဈေးကြီးအတွင်း တစ်နေရာမှာ ဈေးဆိုင်တည်ကာ ဆိုင်ထွက်နေသော လှဲ့လှဲ့ကို တွေ့ဖို့ ဗိုလ်ကြီးသူတော် ဈေးထဲဝင်လာလေတော့၏။

နံနက်ခင်း နေရောင်ခြည်အောက်ဝယ် ဈေးသူ ဈေးသားတွေရော၊ ဈေးသည်တွေပါ လန်းဆန်းစွာ ရောင်းဝယ်နေကြ၏။ ဈေးဆိုင်ပေါ်တွင် ကျုံ့ကျုံ့ထိုင်လျက် ဈေးထွက်နေသည့် လှဲ့လှဲ့၏ ပုံသွင်ကလည်း နံနက်ခင်းဝယ် နေခြည်ဖျန်း၍ လန်းဆန်းစွာ ပွင့်လန်းနေသည့်ပန်းနှယ် လှပတင့်တယ် ရှိလေသည်။

သူ့ဆိုင်တွင် ရောင်းချသောပစ္စည်းက အတော်ကလေး အမည်များ၏။ အကြမ်းသောက် လက်ဖက်ခြောက်၊ ကော်ဖီမှုန့်၊ သကြား၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ထန်းလျက်၊ ပဲမှုန့်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံသောက် ဆေးမှုန့် စသည်များ။

အပျိုချော ထိုင်ရောင်းနေသော ဈေးဆိုင်ကလေးရှေ့တွင် ဈေးဝယ်သူများ စည်ကားနေလေသည်။

အရေးပိုင်ရုံး၌ စာရေးအလုပ်ဖြင့် အစိုးရအမှုထမ်းခဲ့သော လှဲ့လှဲ့၏ ဖခင် ဦးအေးဖေမှာ ခေတ်ပျက်သောအခါ အလုပ်အကိုင်မရှိ ဖြစ်သွားခဲ့ရ၏။ ဂျပန်ဝင်လာပြီးနောက် အုပ်ချုပ်ရေးယန္တရားကို စနစ်တကျ ပြန်လည်ဖွဲ့စည်းခြင်း မပြုရသေးဘဲ ယာယီအုပ်ချုပ်ရေး အဖွဲ့နှင့် အုပ်ချုပ်နေသော အချိန်အခါ ဖြစ်သောကြောင့် အစိုးရအမှုထမ်း၊ အရာထမ်းများ အလုပ်ပြန်မရသေးချေ။

သို့ကြောင့် မိသားစု၏ ဝမ်းရေးအတွက် လှဲ့လှဲ့ ဈေးထွက်ရောင်းနေရခြင်းဖြစ်လေသည်။ လှဲ့လှဲ့တို့ မိသားစုသာမက အခြား များလှစွာသော အစိုးရအမှုထမ်း မိသားစုတို့သည်လည်း ဝမ်းရေးပြဿနာ ဖြေရှင်းရန်အတွက် ကျပန်း လုပ်ကိုင်စားသောက် နေထိုင်ကြရသော အချိန်ကာလ ဖြစ်ချေသည်။

ဈေးဆိုင်ရှေ့ဝယ် စစ်ဝတ်တန်ဆာဆင်၍ ဓားရှည်ကြီးခါးမှာ ချိတ်ဆွဲ

mgyoe.com

mgyoe.com


ထားသူတစ်ဦး မားမားရပ်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသော ကြောင့် ချိန်တွယ်ပြီး လက်ဖက်ခြောက်ကို စက္ကူနှင့်ထုပ်ပြီး ဈေးဝယ်သူအား ပေးရာကနေ လဲ့လဲ့ မော်၍ကြည့်လိုက်၏။

ဂိုက်ထွားထွား ရပ်လာသူ၏မျက်နှာထားက ခပ်ကြွားကြွား။

မော်ကြွားနိုင်သော အနေအထားကို တစ်ဖန်ရရှိလာပြန်သောကြောင့် မျက်စချီကာ ပြည်တည်တည် ပြုံးစိစိနှင့် လဲ့လဲ့အား ကြည့်ရှုနေလိုက်၏။

လှပသော လဲ့လဲ့၏ မျက်လုံးကလေးတွေ ပြူးကျယ်သွား၏။

ပြုံးစိစိ သူ့မျက်နှာထားက လဲ့လဲ့အသည်းကို ယားကျိကျိဖြစ်အောင် ကလိနေသည့်နှယ် ရှိသောကြောင့် လဲ့လဲ့ခမျာ မနေတတ်အောင် ဖြစ်သွား၏။ သို့ကြောင့် တစ်ဖက် မျက်နှာလွှဲပစ်လိုက်ရ၏။

ဈေးဝယ်သူ အခြားနှစ်ဦးကို ဆက်လက်ရောင်းချနေဆဲတွင် လဲ့လဲ့မှာ ရောင်းစရာပစ္စည်းကို ချိန်တွယ်ခြင်း၊ ထုပ်ခြင်း၊ ပိုက်ဆံရေတွက်ခြင်း၊ ပိုက်ဆံ အမ်းခြင်း စသော အမှုများကို ပြုရာတွင် ယောင်ယောင်မှားမှား ဖြစ်နေရှာ လေသည်။ အသက်ရှူမြန်ကာ မောဟိုက်သလိုလည်း ဖြစ်လာသည်။

ဗိုလ်ကြီးသူတော် စကားတစ်ခွန်းတလေမျှ မပြောသေး။ မိမိရှေ့မှောက် ကသားကောင်အား ဖမ်းစားဖို့ကြည့်နေသော သားရဲတိရစ္ဆာန်၏ မျက်လုံး မျိုးနှင့် အထက်စီးကကြည့်သလို ကြည့်ရှုနေလေသည်။

'ဈေးသည်ဖြစ်နေပြီကိုး၊ ရောင်းလို့ဝယ်လို့ ကောင်းရဲ့နော်'

ခဏကြာတော့ မချိုမချဉ် မျက်နှာထားနှင့် ပြုံးဖြဲဖြဲလုပ်ကာ ခနဲ့သံနှင့် မေးလိုက်၏။ လဲ့လဲ့ မျက်လွှာပင့်ပြီး ပြန်ကြည့်သော်လည်း အဖြေမပေးဘဲ တစ်ဖန် မျက်နှာလွှဲဖယ်ပစ်လိုက်၏။

ဈေးဝယ်သူများ ရှောင်ရှားသွားသောအခါ ဗိုလ်ကြီးသူတော် ဆိုင်ရှေ့ ပိုမိုတိုးကပ်ရပ်လိုက်၏။ လက်တစ်ဖက်က ခါးထောက်၍ အခြားတစ်ဖက် က ဓားရှည်ကိုကိုင်ကာ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း

'ဘာပစ္စည်းတွေ ရောင်းနေသလဲ၊ လူကိုကော မရောင်းသေးဘူးလား' ဟူ၍ တစ်ဖန် ကလိပြန်လေသည်။

'ရှင် ဝယ်ချင်လို့လား၊ ရှင့်ကိုဆိုရင် ရောင်းရမှာပေါ့၊ အခု ရှင် ဘယ်ဈေး များ ပေးဝယ်နိုင်မလဲ'

mgyoe.com

mgyoe.com


လဲ့လဲ့ကလည်း ခံပြင်းသည့်အတွက် အရွဲ့တိုက်ကာ ပြန်၍ပြောလိုက်၏။

'ဟင်း'

ဟင်းခနဲမြည်အောင် သက်ပြင်းရှူပြီးနောက် စိုပြည်ဖွံ့ဖြိုးသော လဲ့လဲ့တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ရင်း

'တစ်ချိန်တုန်းက ပက်ပက်စက်စက် ပြောလွှတ်လိုက်တာ မင်း သတိရသေးရဲ့လား၊ သည်မောင့်ကို အလကားကောင်ထင်ပြီး ပက်ပက်စက်စက် ရစရာမရှိအောင် ပြောလိုက်တာလေ၊ ရှင် အလကားလူတဲ့။ အခိုက်အလှည့်မသင့်လို့ ခဏကလေး နွမ်းပါးသွားတာတွေ့ရရုံနဲ့ တစ်ခါတည်း အထင်သေးပစ်လိုက်တယ်။ ခု ကြည့်စမ်းပါ၊ သည်မောင့်ကို ကြည့်လိုက်စမ်းပါ၊ ဘယ်လိုလူစားလဲဆိုတာ တွေ့ပြီမဟုတ်လား' ဆိုသည့်စကားကို မာန်ပါပါ ပြောလာလေတော့၏။

လောကဇာတ်ခုံမှာ ကိုယ့်ကိုယ်ကိုယ်တော့ ဇာတ်လိုက်ထင်နေသမို့ လောကခံကို ရှန်းကန်လာသည့် ဇာတ်လိုက်ကြီးပုံဟန်မျိုးဖြင့် နှစ်သိမ့်အားရစွာ ပြောဆိုနေခြင်း ဖြစ်ချေသည်။

'ဒီမှာရှင့်၊ အခုရှင်ဘာဖြစ်လာလို့ ဒီစကားတွေ လာပြောနေတာလဲ'

အသွင်ပြောင်းလာသော ထိုသူ၏ပုံပန်းသဏ္ဍာန်ကို မမြင်မတွေ့လို့ မဟုတ်၊ မြင်ပါ တွေ့ပါလျက်ကယ်နှင့် လဲ့လဲ့ကလည်း မသိကျိုးကျွန်ပြုကာ ပြန်၍မေးလေသည်။

စတင်ကလိသူက သူသာဖြစ်သော်လည်း လဲ့လဲ့ မေးလာသောစကားက သူ့ကိုပြန်၍ ကလိသလိုရှိသဖြင့် ထိုသူ မခံချိရုံမကဘဲ ထွန့်ထွန့်လူးအောင် မခံမရပ်နိုင် ဖြစ်သွားလေတော့၏။

'သည်ဖေကိုယ် ဘာဖြစ်လာတယ်ဆိုတာ မမြင်သေးဘူးလား'

သည်တစ်ခါတွင်တော့ လဲ့လဲ့က ရဲရဲပင်ကြည့်ပြီး ပြန်၍ပြောလိုက်၏။ သူ့ခေါင်းကိုလည်း ဆတ်၍ခါလိုက်၏။

'ဟင့်အင်း မသိသေးဘူး'

'ဒီမှာ ကြည့်စမ်းလေ၊ အမြင်သာကြီး'

'ကျွန်မ မြင်ဖူးတဲ့ ဂျော်ကီတွေကတော့ ဓားရှည်မချိတ်ဘူး၊ အဲဒီလို

mgyoe.com

mgyoe.com


ဘောင်းဘီမျိုးဝတ်ပြီး၊ အဲဒီလိုကက်ဦးထုပ်တော့ ဆောင်းပါရဲ့'

မပြုံးမမဲ့သော မျက်နှာထားနှင့် မသိကျိုးကျွန် ပြန်ပြောသည့် ဤမိန်းမပျို၏စကားက ငါလိုလူ ဇမ္ဗူရှိသေးသလားဆိုကာ သွေးမြောက်လာသူ ဤပုဂ္ဂိုလ်အား နားရွက်ကို တံတွေးနှင့်ဆွတ်လိုက်သလို ဆွေ့ဆွေ့ခုန်သွားစေလေသည်။

'ဟင်း ဟီး'

ကိုသူတော်၏ မျက်နှာတစ်ပြင်လုံး နီမြန်းသွားသော်လည်း ဘာကိုဘယ်လိုပြောရမှန်းမသိဖြစ်ကာ ဓားရှည်ဆွဲထားသည့် ကိုယ်ခန္ဓာ လေတိုးခံရသလို ယိမ်းထိုးသွားရှာလေတော့၏။

စလာတာက သူ၊ နောက်ပြီး မခံမရပ်နိုင် ဖြစ်သွားရသူမှာလည်း သူပင်ဖြစ်နေသည်။

'ဟင်း မမြင်ဘူးလား'

ပြောစရာစကားရှာမရသဖြင့် သည်လိုသာပြောရ၏။

'မြင်သားပဲ ဂျော်ကီလိုဝတ်လာတာ၊ အဲဒါနဲ့ ကျွန်မကို လာကြွားလို့ကော အထင်ကြီးမယ် ထင်သလား'

အထက်စီးယူကာ ပြောနိုင်လာသည့်ဘဝမို့ ပိုင်ပိုင်နိုင်နိုင်ပြောလိုက်နိုင်သည်ဟု အစပထမ အထင်ရောက်ကာ အသားယူဖို့ ဟန်ပြင်ဆဲမှာပင် ကိုသူတော်ခမျာ အထက်စီးမရဘဲ အောက်စီးသို့ လျှောကျသလို ဖြစ်သွားလေတော့၏။

'ဒီမှာ သေသေချာချာကြည့်စမ်း၊ ဒါ ဂျော်ကီလား' ဤသို့ ပြောပြောဆိုဆို ကော်လာနှစ်ခုကို လက်နှစ်ဖက်နှင့် စုံကိုင်ပြီး ရာထူးအမှတ်အသားတံဆိပ်များကိုပြလျက် 'ဗိုလ်ကြီး ဗိုလ်ကြီး' ဟူ၍ အော်ကြီးဟစ်ကျယ် ဆိုလိုက်၏။

သည်တော့ လဲ့လဲ့ ငေါ်တော့တော့ကြည့်ကာ ပြုံးပါလေတော့သည်။

'အဟိ ဗိုလ်ကြီးတဲ့'

အနိုင်ရလေမလား အောက်မေ့ပါသည်။ ခုတော့ ရှုံးပြီးရင်းသာ ရှုံးနေရလေပြီ။

ကိုယ့်မှာ ဘာမျှမရှိသူတို့မည်သည် လူတစ်ဖက်သားကို ကြည့်မြင်ရာ

mgyoe.com

mgyoe.com


တွင်လည်း လျှော့၍ကြည့်တတ်၏။ သူကသာလျှင် ပိုင်ပိုင်နိုင်နိုင်ပြောကာ အနိုင်ယူမည် ထင်ခဲ့သောအထင်ကို မိန်းမပျို၏ ထက်မြက်မှုက ဖြိုဖျက်ပစ်လိုက်၏။

ကဲ ဘာတတ်နိုင်သေးသလဲ။

စစ်ပွဲတစ်ပွဲမျှ မတိုက်ဖူးသော စစ်ဗိုလ်ကြီးမို့ စစ်ပွဲတစ်ရာနွှဲလိုက်ချင်ရဲ့၊ အချစ်တစ်ပွဲတော့ မနွှဲချင်ဘူးဆိုသောစကားမျှ ပြောနိုင်ရာခြင်းမရှိဘဲ ဖြတ်ထိုးဉာဏ်ထက်သော မိန်းမပျိုအား လက်မြှောက်အရှုံးပေးပြီးသကာလ နောက်လှည့် အမြန်လျှောက်ဆိုသည့် စစ်ဒရိမ်းပြ အမိန့်နှင့်အညီ ပြန်လှည့်ဆုတ်ခွာသွားရှာလေသတည်း။

# (၅)

စစ်သူကြီးအသွင်ဆောင်ကာ ကိုသူတော် လိုက်ပါလာသည့်တပ် ရှေ့ဆက်ချီသွားပြီဖြစ်သော်လည်း သူမူကား ဟသ်ာတမြို့မှာ ကျန်ရစ်နေလေသည်။

မြို့ရွာနယ်ပယ်ကို အုပ်ချုပ်ရန် ယာယီအုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းလိုက်သည်နှင့်တစ်ပြိုင်နက် ကိုသူတော် ယာယီအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ယောက် ဖြစ်သွားလေတော့၏။

သို့ကြောင့် တပ်ထွက်သောအခါ ဆက်လက်လိုက်ပါခြင်းမရှိဘဲ နေရစ်ခဲ့၏။ သည်တွင်နေရစ်ပြီး အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်တော့မည် ဖြစ်၏။

အာဏာပိုင်ပုဂ္ဂိုလ်တစ်ယောက်အဖြစ်ဖြင့် နေရပ်ဌာနေ ပြန်လည်ရောက်ရှိလာခဲ့ပါလေပြီ။

ဟယ် လောက။

အထက်စီးကနေ လောကကြီးကို ကြည့်လိုက်၏။

ဟယ် လောက လောက။ နင့်အကြောင်း ငါသိပကောဆိုကာ မျှားမကြာမီအချိန်က ကြုံးဝါးခဲ့ရ၏။

တစ်ချိန်က သူ့အား လက်သင့်မခံလိုကြောင်း မညှာမတာ ထုတ်ဖော်ပြသခဲ့သော ဤလောကလူ့ဘုံသည် ယခုအခါ သူ၏လက်အောက်ရောက်

mgyoe.com

mgyoe.com


ရှိလာပေပြီဆိုကာ နှစ်ထောင်းအားရ ဉဒါန်းကျူးရင့်လိုက်လေသည်။

ဟာယ် လောက။

နင် ငါ့ကို လက်သင့်မခံလို့ကော နေလို့ရသေးသလော။

တန်ခိုးအာဏာနှင့်လာသောအခါ လက်ခံကြရလေတော့သည်။ သို့သော် ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ဘယ်လို ဘယ်နည်း မဟူ ကိုသုတော်အဖို့ကား ဤလောက လူ့ဘုံက သူ့ကိုလက်ခံနေရပြီ ဆို ခြင်းကိုပင် စိတ်ကျေနပ်စရာ ဖြစ်လာခဲ့ပေသည်။

ယာယီအုပ်ချုပ်ရေးအဖွဲ့တွင် မြို့ပေါ်မှ အခြားပုဂ္ဂိုလ်များလည်း ပါဝင် ကြလေသည်။ သို့သော် ထိုအထဲတွင် လူတွင်ကျယ် လုပ်နေသူကတော့ ကိုသုတော်နှင့် သူလိုအလားတူ ပုဂ္ဂိုလ်တစ်ဦး၊ နှစ်ဦးသာ ဖြစ်ချေသည်။

သို့ဖြင့် ဤမြို့တွင်လည်းကောင်း၊ ဤမြို့နယ်တစ်လွှားတွင်လည်း ကောင်း နေထိုင်လျက်ရှိသည့် တိုင်းသူပြည်သား လူအများအား မိမိလက် အောက်ခံများအဖြစ် ကျရောက်လာချေပြီဟူ၍ ကိုသုတော် သဘောပိုက်ထား လိုက်လေသည်။

တောဘွတ်ကြီးကိုလည်း စီးမြဲစီးလျက်၊ ဘောင်းဘီကိုလည်း ဝတ်လျက် ပင် ရှိလေသည်။

ဓားရှည်ကို ခါးတွင်ချိတ်သည့်အခါ ချိတ်၍၊ တစ်ခါတစ်ခါတွင်မူ ဓားရှည်မချိတ်ဘဲ ပစ္စတို သေနတ်အိတ်ကို ချိတ်ချင်လည်း ချိတ်တတ်၏။

မြင်းစီးဘောင်းဘီ ဝတ်သည့်အခါဝတ်၍ အင်္ဂလိပ်ဘောင်းဘီရှည် ရိုးရိုး ဝတ်သည့်အခါလည်း ဝတ်သည်။

လုံချည်ဝတ်သောအခါတွင်မူ ဓားရှည်မချိတ်ဘဲ၊ ခါးပတ်ပတ်ပြီး ပစ္စတို သေနတ်အိတ် ချိတ်ဆွဲလာတတ်၏။

နိုင်ငံခြား အဝတ်အထည်တွေ မလာတော့သော်လည်း ဂျပန်ခေတ် ကနဦးအပိုင်းမှာ အဝတ်အထည်တွေ တော်တော် ရှိနေသေးသဖြင့် အဝတ် ကောင်းတွေ ဝယ်၍ ဝတ်လေသည်။

ထို့ကြောင့် စတိုင်အမျိုးမျိုး ထုတ်နေနိုင်ပြန်သည်။ သုံးနိုင်စားနိုင်ဖြစ် ကာ ဖြိုးနေပြန်လေသည်။

ဘကြီး ဦးရွှေအိုးနှင့် ကြီးတော် ဒေါ်စောလှတို့အိမ် တစ်ခေါက်သွား၍

mgyoe.com

mgyoe.com


လည်း ကြွားလိုက်ပေသေး၏။

'ဘကြီးနဲ့ ကြီးကြီးတို့က သူတော်ကို အလကားကောင်ထင်ပြီး မသဒ္ဓါလို့ ကျွေးမထားနိုင်တော့ဘူး၊ အိမ်မှာလည်း လက်ခံမထားနိုင်တော့ဘူးဆိုပြီး နှင်ချလိုက်တယ်။ ကျွန်တော် မပြောခဲ့ဘူးလား၊ အခိုက်အလှည့်မသင့်တဲ့အခါ ဆင်းရဲနေရတာလို့' ဆိုသည့် စကားကို ခပ်ကြွားကြွားပြောကာ အသားယူလိုက်၏။

'ဝပ်ရှော့မှာ အလုပ်သင်နေ့စား ဝင်မလုပ်ကောင်းလားဆိုပြီး ကျွန်တော့်ကို အပြစ်တင်ခဲ့ကြတယ်။ ကျွန်တော်လိုလူ ဒီအလုပ်မျိုး ဘယ်လုပ်နိုင်ပါ့မလဲ၊ မင်းဖြစ်မယ့်လူကို ခွေးကတက် အိပ်ခိုင်းလို့ ဘယ်ရမလဲ၊ သလွန်ညောင်စောင်းသာလျှင် ကျွန်တော်လိုလူမျိုးအတွက် လဲလျောင်းစရာနေရာဖြစ်ပါတယ်'

သည်လိုစကားကို အကျအန ပြောလာသော အာဏာပိုင်ပုဂ္ဂိုလ်အား ဘကြီးနှင့် ကြီးတော်တို့ မလှုပ်မယှက်သာလျှင် ပြန်ကြည့်နေကြရှာလေသည်။ ကြီးတော်၏ သားသမီးကလေးတွေကလည်း ထိုသူ၏ ပုံသွင်ကို အံ့သြသလို ငေးငိုင်ကြည့်ရှုရုံသာ ကြည့်ရှုနေကြ၏။

'အခု ကျွန်တော် ဘယ်လိုလူစားလဲဆိုတာ တွေ့ကြပြီ မဟုတ်လား' ဟူ၍ မေးလိုက်သော အခါတွင်မူ

'အေး တွေ့ပါပြီကွာ' ဟူသော စကားကို စိတ်မပါဘဲ ပြောလိုက်ကြလေသည်။

ထူးဆန်းသော မြင်ကွင်းအချို့ကို တိုင်းနေပြည်သူ ရှင်လူအများတို့တွေ့မြင်လာရ၏။

ခူးရကား၊ ခူးရကား ဟူ၍ အော်ငေါက်ပြီး ဂျပန်တို့က ဟိုလူ၊ သည်လူအား ပါးရိုက်ပုံများကို မပြတ်မလပ် မြင်တွေ့လာရရုံသာမက မိမိတို့ကိုယ်တိုင် ပါးရိုက်ခံလာရသူ လူပေါင်းများစွာ ရှိလာခဲ့လေသည်။

ရှေးရာဇဝင် ပုံဝတ္ထုများတွင် ကျောတစ်ရာ၊ ရင်တစ်ရာခတ်ပြီး မြိုင်ရပ်နှင်သည်ဆိုခြင်းကို သိရှိခဲ့ဖူးသော်လည်း ယခုလက်တွေ့မြင်ရပုံက ဤစကားနှင့် အနည်းငယ် ကွဲပြားခြားနားလျက်ရှိ၏။

ဂျပန်စစ်ရုံး ပြုလုပ်ထားသော အဆောက်အအုံရှေ့တွင် လူတွေဝိုင်းအုံ

mgyoe.com

mgyoe.com


ကြည့်ရှုနေကြ၏။

ဘာကို ကြည့်ရှုနေကြလေသနည်း။

ထူးဆန်းသော မြင်ကွင်းတစ်ခုကို တိုင်းနေပြည်သူ ရှင်လူအများ ဝိုင်းဝန်းကြည့်ရှုနေကြခြင်းပင်တည်း။

အသက်သုံးဆယ်နှင့် လေးဆယ်ကြားအရွယ် ယောကျ်ားကြီးတစ်ယောက်၊ ကိုယ်ခန္ဓာဗလာကျင်းလျက်ရှိပြီး မတော်ရာတွင်သာလျှင် လန်ကွတ်တီလေး ဖုံး၍ပေးထား၏။

'အောင်မယ်လေးဗျ၊ အောင်မယ်လေး ကြောက်ပါပြီ'

'အောင်မယ်လေးဗျ၊ ညှာတော်မူပါဦး'

တရှီးရှီး၊ တရှမ်းရှမ်း၊ တဖြန်းဖြန်းနေအောင် ရိုက်နှက်သည့်အသံတွေကြားကနေ မချိတရိကြုံး၍ အော်သည့်အသံကို ဤသို့ ကြားရလေသည်။

အဝတ်ဗလာကျင်းပြီး ထိုသူအား ကြိမ်နှင့် ဆက်ကာ၊ ဆက်ကာ ရိုက်နှက်နေခြင်းတည်း။

မချိအောင်နာသဖြင့် သံကုန်ညစ်ပြီး အော်ဟစ်နေသံက နားမချမ်းသာစရာ စူးစူးရှရှ ပေါ်ထွက်လာနေပါပေသည်။

'အောင်မယ်လေးဗျ၊ အောင်မယ်လေး၊ သေပါပြီဗျ'

'သနားပါဦးဗျ၊ အောင်မယ်လေး နာလှချေရဲ့'

'ဘုရား ကယ်တော်မူပါ'

'အောင်မယ်လေးဗျ၊ အောင်မယ်လေး လေး'

အတော်ကလေး ကြာသောအခါ မချိတရိ အော်နေသည့်အသံ ပျော့သွားလေတော့၏။ ထိုသည့်နောက် လုံးဝ အသံမထွက်တော့ချေ။ ကြိမ်ရိုက်ခံရသူ ပျော့ခွေသွားလေပြီ။

သေကောင်ပေါင်းလဲ အရိုက်ခံရသဖြင့် ပျော့ခွေသွားသူအား ဆွဲယူပြီး သကာလ တိုင်ငုတ်မှာ ကြိုးနှင့်တုပ်၍ ထားလိုက်၏။

ကောင်းကင်မှာ ထွန်းတောက်လျက်ရှိသော နေဝန်း၏ အပူရှိန်က ပြင်းသထက် ပြင်းထန်လာနေလေတော့၏။ ကိုယ်ခန္ဓာ အဝတ်ဗလာကျင်းနေသည့် ထိုသူအား အပူရှိန် ပြင်းပြသော နေရောင် ထိုးဟပ်ထား၏။ ဝိုင်းအုံကြည့်ရှုနေသူများပင် နေပူဒဏ်ကို မခံနိုင်သဖြင့် ဦးထုပ်ဆောင်းသူဆောင်း၊

mgyoe.com

mgyoe.com

ဦးခေါင်းကို အဝတ်ဖုံးသုံဖုံး၍ ထီးဖွင့်ဆောင်းသူ ဆောင်းထားကြရ၏။ အချို့မူကား သစ်ပင်ရိပ်များအောက် ဝင်ရောက်နေကြ၏။

ရာဇဝတ်သားဟူ၍ အမည်ပညတ် အတပ်ခံရသူအား ကြိမ်ရိုက်ပြီး နေလှန်းထားလိုက်ခြင်းပင်တည်း။

အရိုက်ခံရသည့်ဒဏ်ကြောင့် နာကျင်နေရသည့်အထဲ နေပူကျဲကျဲတွင် အပူရှိန်ပြင်းစွာ ထိုးဟပ်ခံရသဖြင့် ထိုသူ ပျော့ခွေရုံသာမက သတိများပင် မေ့မြောသွားတော့၏။

ဤကား နိပ္ပွန်မာစတာတို့ အပြစ်ဒဏ်ခတ်ပုံ ခတ်နည်းတည်း။

တန်ခိုးအာဏာစိုးပိုင်သော ကိုသူတော်သည် နိပ္ပွန်မာစတာတို့၏ ပါးရိုက်သောအတုကို ယူထားခဲ့ပြီးဖြစ်၏။ ယခုတစ်ဖန် ဂျပန်စစ်အာဏာပိုင်တို့က ရာဇဝတ်သားတစ်ယောက်အား အပြစ်ဒဏ်ခတ်ပုံကို တွေ့မြင်ရသောကြောင့် အတုယူပြန်လေတော့၏။

နှစ်ရက်သာကြာသည်။

ယာယီအုပ်ချုပ်ရေးရုံးရှေ့မှာလည်း ထူးဆန်းသောမြင်ကွင်း ပေါ်ပေါက်လာပြန်လေတော့၏။

'အောင်မယ်လေး၊ အောင်မယ်လေးဗျ၊ အောင်မယ်လေး လေး'

'သေပါပြီဗျ၊ အောင်မယ်လေး သေပါပြီ'

'နာလှချေရဲ့၊ တော်ကြပါတော့ဗျ၊ အောင်မယ်လေး လေး'

မခံမရပ်နိုင်အောင် နာလွန်းလှ၍ သံကုန်ညှစ်၍ အော်ဟစ်သံ စူးစူးရှရှ ပေါ်လာသည်ကို နားမချမ်းသာဖွယ် ကြားရရုံမက မြင်ရချက်လည်း မသက်သာ၊ ရှုရက်စရာလည်း မရှိသဖြင့် ဝိုင်းကြည့်နေသူ လူအုပ်ထဲက တချို့မျက်နှာလွှဲကာ ရှောင်ထွက်သွားကြ၏။

ကျောတစ်ရာ ရင်တစ်ရာခတ်ပြီး မြိုင်ရပ်နှင်သည်တော့ မဟုတ်၊

ကျောတစ်ရာ ရင်တစ်ရာခတ်ကာ နေပူလှန်းခြင်း ဖြစ်ချေသည်။ စူးစူးရှရှ အော်ဟစ်ပြီး ကြိတ်ကြိတ်ခဲခဲ ညည်းတွားသံများ တိမ်ဝင်သွားပြီးနောက်တွင် ကြိမ်ဒဏ်အရိုက်ခံရသူ ပျော့ခွေသွားလေသည်။

ထို့နောက် အဝတ်ဗလာကျင်းထားသော ထိုသူ၏ ကိုယ်ခန္ဓာကို အရှိန်အလျှံ ပြင်းထန်သည့် နေပူထဲတွင် လှန်းထားသောကြောင့် အစပထမ
mgyoe.com

mgyoe.com


အသားတွေနီမြန်း၍ ချွေးပေါက်ပေါက်ကျလာပြီး တစ်ဖန် အသားတွေ မည်းခြောက်၍ သတိမေ့မြောသွားရှာလေတော့၏။

ဤကား နီပွန်မာစတာတို့အတုကို ဗိုလ်ကြီးသူတော် ယူလိုက်ပြန်ခြင်းတည်း။

သည်လိုသည်ပုံ အပြစ်ဒဏ်ခတ်ဖို့ တရားစီရင်သည့်အဖွဲ့၏ နာယကမှာ ဗိုလ်ကြီးသူတော် ဖြစ်ချေသည်။

မချိမဆံ့ ခံစားနေရသူအား ကိုသူတော် အပါအဝင် တရားစီရင်ရေးအဖွဲ့ဝင်များ နှစ်ထောင်းအားရစွာ ကြည့်ရှုနေကြ၏။

'ဒီလိုမှ လူဆိုး သူခိုး၊ သူခိုးသူဝှက်ကို ဒီလိုဒဏ်ခတ်မှ နောင် မဆိုးဝံ့မှာဗျ'

ဗိုလ်ကြီးသူတော်ဆိုသည့် အကျော်အမော် ပုဂ္ဂိုလ်ကြီး ခါးထောက်ပြီး နေလှန်းထားသူအား ဇရာမပီတိဖြင့်ကြည့်၍ ဤသို့ဆိုလိုက်၏။

'ဟုတ်တာပေါ့၊ ကြီးလေးသော အပြစ်ဆို သေဒဏ်ပေး၊ ငယ်တဲ့အပြစ်ဆို ခုလို ကြိမ်ရိုက်နေလှန်းလိုက်၊ အဲဒါမှ နောက်နောင် ဘယ်သူမှ မဆိုးဝံ့၊ ခိုးဝံ့တော့မှာ မဟုတ်ဘူး။ ဒါမှ တစ်နိုင်ငံလုံး သူခိုးဓားပြ ကင်းပသွားမှာ'

ကိုသူတော်အား သည်လိုထောက်ခံ ပြောကြားလိုက်သူကား အုပ်ချုပ်ရေးအဖွဲ့ထဲတွင် အဖွဲ့ဝင်ဖြစ်နေသည့် ကိုသူတော်၏ လုပ်ဖော်ကိုင်ဖက် ကိုသစ္စာဆိုသူ ဖြစ်ချေသည်။

'ကြည့်စမ်း မလှုပ်နိုင်တော့ဘူး'

'ဒီလိုမှ ဒီလိုမှ'

ကိုသူတော်နှင့် ကိုသစ္စာတို့နှစ်ယောက် အတိုင်အဖောက် ပြောနေခိုက်တွင် ဝိုင်းကြည့်နေသော ပရိသတ်တို့မူကား စိတ်မချမ်းသာလွန်းသောကြောင့် စုတ်တသပ်သပ် ဖြစ်နေကြလေသည်။

မြင်ကြရဲ့လား ဆိုသော မျက်နှာထားနှင့် ထိုသူနှစ်ဦး လူထုပရိသတ်ဆီသို့ လှမ်းလင့်ကြည့်လိုက်၏။

'လူမြင်ကွင်းမှာ ခုလို အပြစ်ပေးတော့ မြင်သမျှ လူတွေ ကြောက်လန့်သွားကြလို့ နောက်နောင် ဘယ်သူမှ ဆိုးဝံ့ကြတော့မှာ မဟုတ်ဘူး'

ဤသို့နှယ်ဆိုလျက် ဝိုင်းဝန်းကြည့်ရှုနေသူ လူအများဆီသို့ ကိုသူတော်

mgyoe.com

mgyoe.com


လှမ်းလင့်ကြည့်ရှုပြန်လေသည်။ သူ့မျက်နှာထားက ကြည့်ထား၊ မင်းတို့လည်း မဆိုးကြနဲ့၊ ဆိုးရင် ဒီလိုခံရမှာပဲ ဟူ၍ ပြောနေသည့်အလား။

အသက် နှစ်ဆယ့်သုံးနှစ်ကျော်ရွယ် လူငယ်တစ်ဦး လူအုပ်အကြားပြေးလွှားဝင်ရောက်လာပြီး ကြိမ်ရိုက်ခံထားရရုံမကသေးဘဲ ချစ်ချစ်တောက်ပူသော နေပူထဲ အလှန်းခံထားရသဖြင့် မေ့မြောနေသူအား လှမ်းလင့်ကြည့်မိသောအခါ စိတ်မသက်မသာဖြစ်သွားသောကြောင့် ပင့်သက်ရှူလိုက်မိ၏။

ထိုသူမှာ ကိုယ်လုံးကိုယ်ထည် တောင့်တင်း၍ တည်ကြည်သော မျက်နှာထားရှိပြီး မဟောင်းလွန်း၊ မသစ်လွန်းသည့် တစ်ပတ်နွမ်းလုံချည်နှင့် ရှပ်လက်တို ဝတ်ဆင်ထား၏။

'ဒါ ဘာဖြစ်တာလဲ'

အဆန်းတကြယ်မြင်ကွင်းကို ယခုအကြိမ် ပထမဆုံး တွေ့မြင်ရခြင်းဖြစ်သောကြောင့် အနားကလူတစ်ယောက်အား အကြောင်းကို မေးမြန်းကြည့်လိုက်သည်။

'ရာဇဝတ်ပြစ်မှု ကျူးလွန်သူကို အပြစ်ဒဏ်ပေးနေတာ၊ ကြိမ်ဒဏ်ရိုက်ပြီး နေပူလှန်းတယ်လေ'

အနားကလူ ပြန်ပြောသည့်စကားကို ဤသို့ကြားရသောအခါ ထိုသူစုတ်သပ်ပြီး တစ်ဖန် ဆက်၍ မေးလေသည်။

'ဘယ်လိုပြစ်မှုမျိုး ကျူးလွန်တာတဲ့လဲ'

'အခု ကြိမ်ရိုက်ပြီး နေလှန်းခံရရှာသူဟာ သမ္မန်သမားဗျ'

သူ့အနားရပ်နေသူက သည်လိုပြောကာ နေလှန်းခံနေရသူဆီ စိတ်မချမ်းမသာ လှမ်း၍ကြည့်ရင်း ပင့်သက်ရှူလိုက်စဉ် အခြားတစ်ယောက်ကပါ တိုးတိုးဝင်ပြောလာလေသည်။

'ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ရရှာတဲ့ သမ္မန်သမားတစ်ယောက်ကို ဒီလောက်ရက်ရက်စက်စက် အပြစ်ဒဏ်ခတ်တာ မလျော်ပါဘူးဗျာ၊ အပြစ်က ဘယ်လောက်မှကြီးတာ မဟုတ်ဘူး'

'သူတို့ပြောတာကတော့ နောင်ကို သူခိုးသူဝှက် မပေါ်ပေါက်နိုင်အောင် စံနမူနာပြု အပြစ်ပေးတာတဲ့' ဟု ပထမလူက ပြောလိုက်၏။

'အပြစ်က ဘာမှမဟုတ်ပါဘူးဗျာ။ အဲဒီလူဟာ ဟသ်ာတနဲ့ သာရဝေါကို

mgyoe.com

mgyoe.com


သမ္ဗန်ခတ်ပို့နေတဲ့လူ၊ သူ့သမ္ဗန်ကို ခရီးသည်မျိုးစုံ စီးကြတယ်။ တစ်နေ့ သမ္ဗန်ပေါ်မှာ ဂျာကင်အင်္ကျီတစ်ထည် ကျန်နေရစ်တာ တွေ့သတဲ့။ ခရီးသည်တစ်ယောက်ယောက် မေ့ကျန်ရစ်တာ ဖြစ်မှာပေါ့။ ပိုင်ရှင်ဟာ မေ့ကျန်ရစ်တာ သတိရရင် ပြန်လာတောင်းလိမ့်မယ်ဆိုပြီး စောင့်နေသော်လည်း ရက်တော်တော်ကြာတဲ့အထိ ဘယ်သူကမှလာမတောင်းတာကြောင့် ကောက်ရတဲ့ပစ္စည်းလို သဘောထားပြီး အိမ်မှာ ယူထားသတဲ့'

ဒုတိယလူက ထိုအမှုအကြောင်းကို ဤသို့ စတင်ပြောကြားလေတော့၏။

'တစ်နေ့တော့ သမ္ဗန်သမားရဲ့မိန်းမဟာ ဈေးသုံးပြတ်တာကြောင့် အဲဒီအင်္ကျီကို ဈေးထဲက အဝတ်ဟောင်းဆိုင်လာရောင်းသွားသတဲ့။ အဟောင်းဆိုင်ကလည်း ဒီအင်္ကျီကိုဝယ်ထားပြီး ပြန်ရောင်းဖို့ သူ့ဆိုင်မှာ ခင်းထားလိုက်တယ်။ အဲဒီအင်္ကျီဟာ ယာယီအုပ်ချုပ်ရေးအဖွဲ့ဝင် ကိုသစ္စာရဲ့အင်္ကျီဖြစ်နေတာကိုး။ သူ ဈေးထဲလာရင်း ဒီအင်္ကျီသွားတွေ့တာနဲ့ ဆိုင်ရှင်ကို ဖမ်းစစ်တော့တာပဲ။ ဆိုင်ရှင်က လာရောင်းသူကိုဖော်တော့ သမ္ဗန်သမားမိန်းမကို ခေါ်စစ်တယ်။ သူ့ယောကျ်ား သမ္ဗန်ပေါ်ကရလာတဲ့ ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ကြောင်း ပြောတဲ့အခါ သမ္ဗန်သမားကိုဖမ်းပြီး ခိုးမှုနဲ့ ယိုးစွပ်တာပါပဲ'

'အဲဒါနဲ့ အပြစ်ရှိတယ်ဆိုပြီး ခုလိုအပြစ်ပေးလိုက်တာလား'

'ကိုသူတော်ရယ်၊ ကိုသစ္စာရယ်၊ တခြားလူတစ်ယောက်ရယ် သုံးယောက်ပါတဲ့ တရားစီရင်ရေးအဖွဲ့က စစ်ဆေးပြီး ခိုးရာပါပစ္စည်းဖြစ်ကြောင်း ထင်ရှားတာကြောင့် သမ္ဗန်သမားဟာ ခိုးမှုကျူးလွန်ကြောင်း ထင်ရှားတယ်ဆိုပြီး အပြစ်ရှိတယ် ဆုံးဖြတ်လိုက်တာပဲ'

'ကျွတ် ကျွတ် ကျွတ်'

ဝိုင်းအုံကြည့်ရှုနေသော ပရိသတ်များ တစ်စစ လျော့ပါးသွားသော်လည်း ရာဇဝတ်သား တရားခံမူကား အရှိန်အလျှံပြင်းထန်သည့် နေပူဒဏ်ကို မချိမဆံ့ ဆက်လက်ခံစားနေရတုန်းပင်တည်း။

ထူးဆန်းသောမြင်ကွင်းကို ယခုမှ ပထမအကြိမ် စတင်မြင်ဖူးသော ထိုသူသည် နေပူထဲတွင် မေ့မြောနေသည့် သမ္ဗန်သမားအား သနားကြင်နာ

mgyoe.com

mgyoe.com


စွာ ထပ်မံကြည့်ရှုရင်း သက်ပြင်းရှည်ကြီးရှူ၍ ထုတ်လိုက်၏။

အပြစ်ဒဏ်ခတ်ခြင်းကို ကြပ်မတ်နေသော အာဏာပိုင်ပုဂ္ဂိုလ် ကိုသူတော်နှင့် ကိုသစ္စာတို့ ရုံးအဆောက်အအုံတွင်း ပြန်လည်ဝင်ရောက်သွားသောအခါ သမ္မန်သမား၏ ဇနီးဖြစ်သူသည် မရှုမလှခံစားနေရသော ခင်ပွန်းသည်နား ပြေးကပ်သွားကာ ယုယစွာ ပွေ့ဖက်ပြီး နှာနှပ်ပေးလေသည်။ သို့သော် အနားတွင် စောင့်ကြပ်နေသူတစ်ဦးက တားမြစ်သောကြောင့်၊ ထိုမိန်းမသားအား အနားမလာရန် တားမြစ်သောကြောင့် လင်သားအပါးကနေ မချိတင်ကဲပြန်ခွာနေရရှာလေသည်။

ထူးဆန်းသောမြင်ကွင်းကို ယခုမှ စတင်တွေ့ဖူးသူသည် အတန်ကြာတွေတွေကြီးရပ်နေပြီးမှ တစ်စုံတစ်ရာ စိတ်ပိုင်းဖြတ်ချက် ချမှတ်ပြီး ရုံးထဲသို့ လျှောက်လှမ်းဝင်ရောက်သွားလေတော့၏။

'ဟော ကိုသက်ထွန်းပါကလား၊ ဘယ်တုန်းက ပြန်ရောက်လာသလဲ'

ရုံးခန်းထဲ စားပွဲတစ်လုံးတွင် ထိုင်နေသူတစ်ဦးက ဝမ်းသာအားရ လှမ်းလင့်မေးလိုက်၏။

'ဟေး ဖိုးသက်ထွန်း ပြန်ရောက်လာသေးသကိုး၊ မသေလို့ ပြန်ရောက်လာတာပဲ ဝမ်းသာတယ်၊ မသေမပျောက် ပြန်ရောက်လာတာတွေ့ရလို့ ဝမ်းသာတယ်'

အခြားတစ်ယောက်ကလည်း သူ့ကိုမြင်သောအခါ ဝမ်းသာအားရ လှမ်းအော်ပြောကြားရင်း ထိုင်နေရာမှထကာ သက်ထွန်းဆီ ပြေးလာလေတော့၏ ။

လူပေါင်းသုံးယောက်တို့ သက်ထွန်းဆီဝိုင်းလာပြီး ဖက်လဲတကင်း နှုတ်ဆက်လိုက်ကြ၏။

သို့သော် ရုံးထဲတွင်ရှိနေသည့် အခြားသူ လေးငါးခြောက်ဦးကမူ သက်ထွန်းကိုမြင်သောအခါ မျက်လုံးအကြောင်သားနှင့် ငေးကြည့်ရုံ ကြည့်ရှုနေကြ၏။ အပြစ်ဒဏ်စီရင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ကြပ်မတ်ရသောကြောင့် မောပန်းနွမ်းနယ်လာသည့်အတွက် မိမိတို့စားပွဲမှာ ပြန်ထိုင်ကာ အနားယူနေကြသည့် ကိုသူတော်နှင့် ကိုသစ္စာတို့ နှစ်ယောက်မူကား သက်ထွန်းကိုတွေ့လျှင် သူတို့ချင်း တစ်ယောက်မျက်နှာတစ်ယောက်

mgyoe.com

mgyoe.com


လှမ်းကြည့်လိုက်၏။

'ပြောစမ်းပါဦး၊ ဘယ်ပုံဘယ်နည်း မသေမပျောက် ပြန်ရောက်လာတယ် ဆိုတာကို'

သက်ထွန်းအား ဝမ်းမြောက်ဝမ်းသာ ဖက်လဲတကင်း လာရောက်နှုတ် ဆက်သူထဲမှ သခင်ကျော်အေးက သည်လိုမေးလျှင် –

'အဲဒါကို ထားပါဦး၊ နောက်မှ ဖြည်းဖြည်းပြောတာပေါ့။ အခု အရေး ကြီးတဲ့ကိစ္စ အရင်ပြောရအောင်' ဟု သက်ထွန်း ပြန်ပြောကာ ထိုသူသုံးဦး အား ရုံးခန်းအပြင်ဘက် ခေါ်ထုတ်လာခဲ့၏။

'ဟိုမှာ ကြည့်စမ်းပါဦး'

သက်ထွန်း စိတ်မချမ်းမသာပြောကာ လက်ညှိုးညွှန်ပြသော နေရာသည် ကား နေလှန်းခံထားရသူ ရှိရာတည်း။

'ကြည့်စမ်း ခင်ဗျားတို့ မလွန်ဘူးလား၊ ဘာမဟုတ်တဲ့ကိစ္စကလေးနဲ့ ဒီလောက်ရက်ရက်စက်စက် လုပ်ထားတာ မရမ်းလွန်းဘူးလား'

သက်ထွန်း သည်လိုပြောသောအခါ သခင်ကျော်အေးတို့သုံးယောက် ပြိုင်တူလိုပင် သက်ပြင်းရှုထုတ်လိုက်ကြ၏။

သခင်ကျော်အေးတို့တစ်တွေ တစ်စုံတစ်ရာ ပြန်မပြောနိုင်သေးဘဲ ငိုင် တွေနေသည့်အတွက် သက်ထွန်းပင်လျှင် ထပ်၍ပြောလေသည်။

'အာဏာကလေး ရှိလာတာနဲ့တစ်ပြိုင်နက် ရှိသမျှအာဏာကို အရမ်းကာ ရော သုံးချင်လာကြတာပဲ၊ ကြည့်စမ်းပါ ဒီလောက်လုပ်တာ တော်ရော့လား'

'ဟီး'

တစ်ယောက်သောသူက ဟီးချပြီး နောက်တစ်ယောက်က

'အခုအချိန် ကျွန်တော်တို့နဲ့ပိုပြီး တန်ခိုးထက်နေတာက သူတော်နဲ့ သစ္စာ ဗျ၊ ကျွန်တော်တို့တစ်တွေ အုပ်ချုပ်ရေးအဖွဲ့ထဲ ပါနေရတယ်ဆိုပေမဲ့ သူတို့ လောက် မတွင်ကျယ်နိုင်ကြဘူး။ အဲဒါ သူတို့နှစ်ယောက်လုပ်တာပဲ၊ ကျွန် တော်တို့လည်း မပြောချင်တာနဲ့ ကြည့်နေတယ်' ဆိုသည့် စကားကို ပြန် ကြားပြောဆိုလာလေသည်။

'လူတစ်ဖက်သားကို ဒီလောက်နှိပ်စက်ပြီးရင် တော်ရောပေါ့၊ နေပူ အလှန်းရပ်ပြီး ကာယကံရှင်တွေ ပြန်ခေါ်သွားခွင့်ပြုလိုက်တော့ဗျာ'

mgyoe.com

mgyoe.com


'ခက်တယ်ဗျာ၊ ကျွန်တော်တို့က သူ့လောက်အာဏာမပိုင်ဘူး၊ သူ့ကို ပြောမှဖြစ်မှာ'

'ဒီလူ ဘယ်လိုကဘယ်လို ဒီမှာလာပြီး တန်ခိုးထွားနေတာလဲ၊ အုပ်ချုပ်ရေးအဖွဲ့ထဲ သူ့ကို ဘယ်သူထည့်တာလဲ၊ သူ့အကြောင်း လူတကာသိနေကြတာပဲဟာ'

'ဒီအကြောင်းပြောရမယ်ဆိုရင် အရှည်ကြီးဗျ။ သူက မြစ်ကြောင်းချီတပ်နဲ့ ပါလာတာ။ အဲဒီတပ်ကနေ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့ပေးသွားတာ။ ဒီတပ်ခေါင်းဆောင်တွေ အနေနဲ့တော့ သူ့အကြောင်း မသိကြဘူးပေါ့။ သူတို့က ယာယီအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့ပေးပြီး သူ့ကိုထည့်သွားတာကြောင့် လက်ခံထားရတာ'

'ကဲ အချိန်ကြာနေဦးမယ်၊ ဒီပြင်စကား နောက်မှပြောတာပေါ့။ လွန်ပြီးတာတော့ မတတ်နိုင်ဘူးလေ။ နေလှန်းတာရပ်ပါတော့။ သူ့ကို ပြန်ခေါ်သွားကြပါစေ။ ဒါကို အရင်လုပ်စမ်းပါ' ဟု သက်ထွန်း ထပ်လာပြောဆိုသောအခါ သခင်ကျော်အေးက

'သူလုပ်ထားတဲ့ကိစ္စ သူ့ကိုပြောမှဖြစ်မှာဗျ။ လာလေ ခင်ဗျားပါ ဝင်ပြောပေါ့' ဆိုသဖြင့် သက်ထွန်းပါ ရုံးခန်းထဲ ပြန်ဝင်လိုက်ပါလာခဲ့၏။

အာဏာအပိုင်ဆုံး ပုဂ္ဂိုလ်ကြီး၏ စားပွဲရှေ့မှာ လေးယောက်သား လာရပ်ပြီးနောက် သခင်ကျော်အေးက စတင်ပြောလိုက်၏။

'ဦးသူတော်ခင်ဗျား၊ ကျွန်တော်တို့ရဲဘော် ကိုသက်ထွန်း ပြန်ရောက်လာတယ်၊ သူက နေလှန်းထားသူကို ဒီမျှနဲ့ပြန်လွှတ်ပေးဖို့ မေတ္တာရပ်ခံနေပါတယ်၊ သူ့ခမျာ မချိမဆံ့ ဖြစ်နေရှာတာကြောင့် တော်လောက်ပါပြီ ပြောနေတယ်'

ကိုသူတော်သည် သက်ထွန်းမျက်နှာကို တစ်ချက်ဝင့်ကြည့်ပြီးမှ သခင်ကျော်အေးကို ပြန်ကြည့်ကာ

'ဒီလို သူခိုးသူဝှက် ရာဇဝတ်သားကို သနားစရာမလိုဘူး။ ဒါ နိုင်ငံတစ်ဝန်းလုံးမှာ သူခိုးသူဝှက်မရှိရအောင် စံနမူနာပြ အပြစ်ဒဏ်ခတ်တာဗျ။ သတ်မှတ်ထားတဲ့အချိန်စေ့အောင် ထားကိုထားရမယ်' ဆိုစကားကို မာကျောစွာပင် ပြောကြားလေတော့၏။

mgyoe.com

mgyoe.com


ထိုအခါ သက်ထွန်း မနေနိုင် မအောင့်နိုင်ဖြင့် ပြန်ပြောလိုက်ရ၏။

'အဲဒီလူမှာ တကယ်အပြစ် ရှိ မရှိ အပထားဦး။ အခု အပြစ်ဒဏ်ပေးပုံက ရက်စက်လွန်းပါတယ်၊ တော်လောက်ပါပြီဗျာ။ ပြန်ခေါ်သွားကြပါစေတော့'

ဒုန်းခနဲ မြည်သံတစ်ချက် ရုတ်တရက် ပေါ်ထွက်လာသဖြင့် ရုံးခန်းထဲရှိနေသူ ဟူသမျှတို့ လန့်ဖျပ်သလို ဖြစ်သွားလေတော့၏။

ဗိုလ်ကြီးသူတော် စားပွဲကို လက်သီးနှင့် တအားထုလိုက်ခြင်းပင်တည်း။

'ခင်ဗျားနဲ့ ဘာဆိုင်လို့ လာစွက်ရတာလဲ။ ဒီမှာ ခင်ဗျားအာဏာပိုင်လား၊ ကျုပ်အာဏာပိုင်လား'

သူ့မျက်လုံးသေးသေးသော်လည်း တအားဖြဲ၍ပြူးသဖြင့် အတော်ကလေးကြီးလာသည် ထင်လိုက်ရ၏။ မျက်လုံးကို တအားဖြဲ၍ ပြူးတူးပြဲတဲ့ သက်ထွန်းကိုကြည့်ပြီး ကိုသူတော် ဒေါကြီးမောကြီး ပြောလိုက်လေတော့၏ ။

'မတော်တာမြင်လို့ ပြောတာပါဗျာ။ ကျုပ်ရဲဘော်တွေ ဒီမှာရှိနေတယ်ဆိုလို့ သူတို့ကို လာပြောကြည့်တာပါ' သက်ထွန်း စိတ်ချုပ်တည်းကာသည်လိုပြန်ပြောကြည့်သေး၏။

'မဆိုင်တာ ဝင်မပြောပါနဲ့၊ တာဝန်အရ ကျုပ်လုပ်နေတဲ့အလုပ်ကို ဝင်မစွက်ပါနဲ့'

ပြောပြောဆိုဆို ကိုသူတော် ထိုင်ရာမှ ဝုန်းခနဲထပြီး တစ်ဖက်သို့ လျှောက်သွားလေတော့ရာ ကိုသစ္စာလည်း ထ၍ လိုက်ပါသွားလေသည်။

သက်ထွန်း တစ်စုံတစ်ရာ ပြောစရာမရှိတော့ချေ။

သခင်ကျော်အေးတို့ကိုပင် နှုတ်မဆက်တော့ဘဲ ရုံးခန်းထဲကနေ တစ်ယောက်တည်း ပြန်လည်ထွက်ခွာသွားလေသတည်း။

❖

mgyoe.com

mgyoe.com

# အခန်း (၃)

## (၁)

'အနာခံတော့ အသာစံရသတဲ့။ မင်းလည်း ဒီစကားနဲ့အညီ ဖြစ်ရတော့မှာပေါ့'

ငယ်ချစ်နှစ်ဦးတို့ ပြန်လည်တွေ့ဆုံရသောကြောင့် ဝမ်းသာနေကြ၏။ အချိန်ကာလ အတိုင်းအတာအားဖြင့် ကြာရှည်စွာ ကွဲကွာနေပြီးခါမှ ပြန်လည်ဆုံတွေ့ရသည့်အတွက် ဝမ်းသာရရုံသက်သက် မဟုတ်သေး၊ မသေမပျောက် ပြန်ရောက်လာသောကြောင့် အလွန်အမင်း ဝမ်းသာမိကြ၏။ ထို့မျှသာမက ချစ်သူအတွက် အလားအလာကောင်းကို တွေ့ရသောကြောင့်လည်း လှဲ့လှဲ့ အလွန့်ကိုဝမ်းသာအားရ ဖြစ်မိလေတော့၏။

သို့မို့ကြောင့် အထက်ပါစကားကို ဝမ်းသာအားရ ပြောလိုက်လေသည်။

'အနာခံမှ အသာစံရတယ် ဆိုတဲ့စကားဟာ ကိုယ်ကျိုးအတွက် မျှော်မှန်းချက်ထားစေတဲ့ စကားမျိုးပါကွာ။ တစ်ချိန်တစ်ခါမှာ ကောင်းစားဖို့၊ အထက်တန်းရောက်စေဖို့အတွက်၊ အသာစံဖို့အတွက်ဆိုပြီး ကိုယ်ရေးကိုယ်တာ မျှော်မှန်းချက်နဲ့ ငါ အနစ်နာခံ လုပ်လာတာ မဟုတ်ပါဘူး'

mgyoe.com

mgyoe.com


'ဒါဖြင့် ဘာ့ကြောင့် အနစ်နာခံ လုပ်လာသေးသလဲ'

'တို့တိုင်း၊ တို့ပြည်၊ တို့အမျိုးသား ပြည်သူတွေရဲ့ အကျိုးအတွက် သက်သက် ငါလုပ်ခဲ့တာ။ ကိုယ်ရေးကိုယ်တာ တက်လမ်းရှာလုပ်တာ မဟုတ်ဘူး။ ငါ့အဖို့ ဘယ်လောက်ပဲ အနစ်နာခံရပါစေ၊ ကိုယ်ကျိုးစွန့်ရပါစေ တိုင်းပြည်အကျိုး ရှိရင်၊ လူအများ ကောင်းစားချမ်းသာရင် ငါ ကျေနပ်မှာပဲ။ တိုင်းပြည်အတွက် လုပ်လာတဲ့လူပါဆိုပြီး အသားယူ ကြွားဝါ၊ နောက်ပြီး အဲဒီလိုလုပ်ခဲ့တဲ့အတွက် အဖိုးအခအဖြစ်နဲ့ အခွင့်အရေးရှာတာမျိုးကို ငါမကြိုက်ဘူး။ အဲဒီစိတ်မျိုး ငါ့မှာမရှိဘူး'

သူ့စကားအဓိပ္ပာယ်ကို လှဲ့လှဲ့ နားမလည်နိုင်သလိုဖြစ်သွား၏။ သို့ကြောင့် မျက်ခုံးကလေးတွေ တွန့်ရှုံ့သွားအောင် မျက်မှောင်ကြုတ်ပြီးနောက် ကြည်လင်ဝင်းပသော မျက်လုံးအစုံကို ပြူးဖြဲကာ သက်ထွန်း၏မျက်နှာကို ပြူးတူးပြဲတဲ ကြည့်မိလေတော့၏။

အရှေ့အာရှ စစ်မီးတောက်လောင်လာခြင်း မရှိသေးမီကာလမှာပင် သက်ထွန်းတစ်ယောက် ထောင်ကျသွားခဲ့၏။ သူထောင်နန်းစံနေဆဲမှာပင် အရှေ့အာရှ စစ်မီးတောက်ကြီး ဟုန်းခနဲ ထတောက်လာခဲ့၏။

အမေရိကန်ကိုလိုနီ ဖိလစ်ပိုင်၊ ပြင်သစ်ကိုလိုနီ အင်ဒိုချိုင်းနား၊ ဒတ်(ချ်)ကိုလိုနီ ဂျားဗား၊ စူမတ္တြာ စသော ကျွန်းများ၊ ဗြိတိသျှပိုင် ဟောင်ကောင်တို့ကို ဂျပန်စစ်တပ်များ တက်ရောက်သိမ်းပိုက်လိုက်ကြ၏။ ဗြိတိသျှတို့၏ အရှေ့ဖျားစစ်စခန်းကြီးဖြစ်သော စင်္ကာပူခံတပ် ကျဆုံးသွားသောအခါ အင်္ဂလိပ်များ မြန်မာပြည်မှ ဆုတ်ခွာရန် တက်သုတ်ရိုက် ပြင်ဆင်လေတော့၏ ။

ထိုအတွင်း အောက်မြန်မာပြည် အကျဉ်းထောင် အသီးသီးတို့၌ အကျဉ်းကျနေသော နိုင်ငံရေးသမားတို့အား အထက်မြန်မာပြည်သို့ ခေါ်ဆောင်သွားသဖြင့် သက်ထွန်းသည်လည်း ပြည်ထောင်၊ မန္တလေးထောင်တို့မှတစ်ဆင့် ကသာထောင်သို့တိုင် ရောက်ရှိသွားလေသည်။

ဂျပန်လေယာဉ်ပျံများ လာရောက်ပြီး ကသာထောင်အုတ်ရိုးကို ဗုံးချဖောက်ခွဲပေးလိုက်သောအခါ နိုင်ငံရေးအကျဉ်းသားတို့အနက်မှ အချို့ ဗုံးဆန်များ ထိမှန်ခံလိုက်ကြရ၏။ ဗုံးဆန်ထိမှန်သောကြောင့် ဟံသာဝတီ

mgyoe.com

mgyoe.com


သခင်ကျော်လှုကလေး သေဆုံးသွားရရှာပြီး အချို့ ဒဏ်ရာရရှိသွားကြ၏။ သက်ထွန်း၏ လက်မောင်းတစ်ဖက်တွင် ဗုံးဆန်ထိမှန်ခံရကာ ဒဏ်ရာရရှိခဲ့သေးသော်လည်း အသက်မသေဘဲ ထောင်မှ ထွက်လာနိုင်ခဲ့၏။

ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်နှင့် ကျောင်းသွားဖော်သူငယ်ချင်းချစ်နှင့် တစ်ယောက်ကိုတစ်ယောက် ချစ်ခင်တွယ်တာနေခဲ့ရာမှ အပျို၊ လူပျို ဖြစ်လာသောအခါ သူတို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာ တစ်ဆင့်မြင့်မားကာ အသွင်ပြောင်းလဲပြီး သမီးရည်းစားချစ် ဖြစ်သွားခဲ့လေသည်။

ဤသည်ကို လဲ့လဲ့၏မိဘများ ရိပ်မိခဲ့ကြ၏။

မျိုးရိုးဇာတိ၊ မိဘအခြေအနေ၊ ရုပ်ရည်ရူပကာ၊ အကျင့် စာရိတ္တ၊ ပညာအရည်အချင်း စသည်တို့အရ မိမိတို့သမီးအား သက်ထွန်းနှင့် သဘောမတူစရာ မရှိရုံမက မိမိတို့ဘက်ကပင် လိုလိုချင်ချင် ဖြစ်လောက်သည်ဆိုခြင်းကို လဲ့လဲ့မိဘများ နားလည်ထားကြ၏။

သို့သော် နောင်များမကြာမီ အချိန်ကာလမှာပင် လဲ့လဲ့၏ မိဘများသည် သက်ထွန်းအား မကျေမနပ်ဖြစ်ကာ သမီးနှင့် သဘောမတူနိုင်လောက်သည်အထိ သဘောထားပြောင်းလဲသွားကြလေတော့၏။

သက်ထွန်း ရန်ကုန်တက္ကသိုလ်ရောက်ပြီးနောက် ဒုတိယနှစ်မှာပင် ၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့၏။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများ အတွင်းဝန်ရုံးဝိုင်း၍ ဆန္ဒပြသောအခါ သက်ထွန်း တက်ကြွစွာ ပါဝင်ဆန္ဒပြခဲ့၏။ နယ်ချဲ့လက်ပါးစေ ပုလိပ်တို့က နံပါတ်တုတ်ဖြင့် ရိုက်နှက်ပြီး ကျောင်းသားထုအား လူစုခွဲသောအခါ ကျောင်းသူ၊ ကျောင်းသားတို့ သွေးမြေကျကာ အာဇာနည်ဗိုလ်အောင်ကျော် ကျဆုံးသွားရ၏။

မြောက်မြားစွာသော ထိခိုက်ဒဏ်ရာ ရသူတို့ အထဲတွင် သက်ထွန်း ရရှိသောဒဏ်ရာ အတော်ကြီးမား ပြင်းထန်ခဲ့လေသည်။

တစ်လကျော်ကြာ ဆေးရုံတက်ရောက်ကုသနေရသော်လည်း ဆေးရုံမှ ဆင်းလာသောအခါ ကြောက်လန့်ပြီး နောက်တွန့်မသွားရုံမကဘဲ စိတ်ဓာတ်ပိုမိုတက်ကြွလာကာ ထက်ထက်မြက်မြက် ဆက်လက်ဆောင်ရွက်လေတော့၏။

mgyoe.com

mgyoe.com


နိုင်ငံရေးစိတ်ဓာတ် ပိုမိုပြင်းပြ ထက်သန်လာသောကြောင့် သက်ထွန်း ကျောင်းဆက်မနေတော့ဘဲ နိုင်ငံရေးနယ်ထဲသို့ ခြေစုံပစ်ဝင်ရောက် လုပ်ကိုင်လာခဲ့၏။

လဲ့လဲ့မိဘများ သက်ထွန်းကို သဘောမကျနိုင်ခြင်းမှာ အခြားအကြောင်း မဟုတ်ချေ၊

သက်ထွန်း နိုင်ငံရေးသမား ဖြစ်လာခြင်းပင်တည်း။

'သက်ထွန်းနဲ့ယူရင်ဖြင့် အလုပ်လက်မဲ့တစ်ယောက်ရဲ့ မယားဘဝမှာ ဆင်းရဲဒုက္ခရောက်လို့ ဆုံးနိုင်တော့မှာ မဟုတ်ဘူး။ လင်ဆိုးမယား တဖားဖားဆိုတာလို အချုပ်ထဲ ထောင်ထဲ ခဏခဏရောက်နေတဲ့ လင်သားကြောင့် ငါ့သမီးဟာ သားသမီး တိုးလိုးတွဲလဲနဲ့ ဒုက္ခရောက်နေတော့မှာပဲ'

မိခင်ရော ဖခင်ကပါ သည်လိုဆိုကာ သက်ထွန်းနှင့် သဘောမတူနိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်အထိ ဖြစ်လာခဲ့ဖူး၏။

သို့ကြောင့် ကိုယ်ရေးကိုယ်တာကိုသာကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ကောင်းစားအောင် ကိုယ်ကျိုးရှာနိုင်သူ ကိုသူတော်တစ်ယောက် ကောင်းစားချမ်းသာခိုက်တွင် လဲ့လဲ့နှင့်ပေးစားရန် ကြောင်းလမ်းစေ့စပ်သောအခါ လဲ့လဲ့မိဘများ သဘောတူညီလိုက်ခြင်းဖြစ်လေသည်။

မသေမပျောက် ပြန်ရောက်လာရုံသာမက အလားအလာကောင်းကိုပါ ထင်ရှားစွာ မြင်လာနေရသဖြင့် လဲ့လဲ့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိလေတော့၏။

ကဲ တွေ့ပြီလား။

သူ့မိဘတွေက သူ့ချစ်သူအား ယောင်သုံးဆယ်ဘဝမှာ တဝဲလည်လည်သာ ရှိနေတော့မည်။ အလုပ်လက်မဲ့တစ်ယောက်၏ မယားအဖြစ် ဖတ်သီဖတ်သီ ရှိနေရုံမျှမက လင်ဆိုးမယား တဖားဖား ဆိုတာလို အချုပ်တို့၊ ထောင်တို့ရှေ့မှာ လဲ့လဲ့ သားသမီး တိုးလိုးတွဲလဲ မျက်နှာငယ်ကလေးနှင့် တဝဲလည်လည် ဖြစ်နေပေရော့မည်ဆိုကာ အထင်သေးထားသော မိဘနှစ်ပါးအား ကဲ တွေ့ပြီလားဆိုသော မျက်နှာထားနှင့် ဂုဏ်မောက်စွာပင် ကြည့်လိုက်မိသေး၏။

သို့မို့ကြောင့်လည်း

mgyoe.com

mgyoe.com


'အနာခံတော့ အသာစံရသတဲ့၊ မင်းလည်း ဒီစကားနဲ့အညီ ဖြစ်ရတော့မှာပေါ့' ဟူ၍ အားတက်စွာ ပြောလိုက်မိခြင်းဖြစ်ချေသည်။

သို့သော် ချစ်သူစကားကြားရပုံ တစ်မျိုးကြီးပါကလားဆိုကာ မချင့်မရဲဖြစ်သွား၏။

'ဘယ့်နှယ်လဲ၊ မင်း ဘာစကားပြောတာလဲ သက်ထွန်းရယ်'

'ငါ ကိုယ်ကျိုးမျှော်ကိုးပြီး နိုင်ငံရေးလုပ်ခဲ့တာ မဟုတ်တဲ့အကြောင်း'

သက်ထွန်း မျက်နှာကို စေ့စေ့ကြည့်ကာ ပင့်သက်ရှူထုတ်ပြီးမှ မောဟိုက်သလို မေးလိုက်ပြန်လေသည်။

'ကိုယ့်တိုင်းပြည် လွတ်လပ်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်လာကြတဲ့ မင်းတို့လိုလူတွေ ဒီအချိန်မှာ ကောင်းစားမယ့်အရိပ်လက္ခဏာ ပေါ်လာနေပြီပဲ။ မင်းလည်း ရာထူးတစ်ခုခု ရမှာမဟုတ်လား'

သက်ထွန်း သူ့ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး ပြန်၍ပြော၏။

'အေး ငါ ကိုယ်ကျိုးမျှော်လုပ်ခဲ့တာ မဟုတ်ဘူးလို့ ဒါကြောင့်မို့ ပြောတာ'

'ဒီအချိန် ဒီအခါမှာ မင်းလို တကယ်တမ်း အနစ်နာခံ လုပ်လာသူမပြောနဲ့၊ ဘာမဟုတ်တဲ့လူတွေတောင်မှ ဘာဘာညာညာ ဖြစ်နေကြပြီဟာ။ အဲဒါကြောင့် မင်းလည်းပဲ တန်ခိုးအာဏာရှိတဲ့ နေရာတစ်နေရာရအောင် ယူစေချင်တာပေါ့ကွာ' ချစ်သူအား မော်ကြွားနိုင်သော ဘဝနှင့် တွေ့လို၊ မြင်လိုသောကြောင့် လဲ့လဲ့ သည်လိုပြောလိုက်၏။

သို့သော် သက်ထွန်း ပြန်မပြောသေးဘဲ စဉ်းစားနေသဖြင့် လဲ့လဲ့ကပင် ထပ်မံပြောဆိုပြန်လေသည်။

'တချို့ ဘာမဟုတ်တဲ့လူတွေ၊ ဟိုတုန်းက မင်းလောက် ထိထိရောက်ရောက် မလုပ်ခဲ့သူတွေတောင်မှ ကြီးကြီးမားမားတာ ဖြစ်နေကြပြီ။ ဒါတင်ဘယ်ဟုတ်မလဲ၊ တိုင်းပြည်အတွက် ဘာဆိုဘာမှ မလုပ်ခဲ့ဖူးတဲ့ ကိုသူတော်တို့၊ ကိုသစ္စာတို့ဆိုတဲ့ လူတွေတောင်မှ အခု ဘာဖြစ်နေပြီလဲ။ မင်းလိုလူမျိုးဆိုရင် ဘယ်ပြောစရာရှိမလဲ။ လဲ့အနေနဲ့ကတော့ ကိုယ့်ချစ်သူ ဟန်ကျပန်ကျဖြစ်တာ မြင်ချင်တာပဲကွာ။ ချစ်သူအတွက် ဂုဏ်ယူချင်တာပဲ'

သည်လိုပြောပြီး သက်ထွန်းမျက်နှာ ထပ်၍ကြည့်သောအခါ ယှဲ့ယှဲ့သော

mgyoe.com

mgyoe.com


အပြုံး ပေါ်ထွန်းနေသည်ကို တွေ့ရ၏။

'ဘာလဲ မင်းကကော ငါ့ကို ရာထူးရာခံတစ်ခုခုရမှ ကျေနပ်နိုင်မှာလား'

'ဘာဘာညာညာ မျှော်ကိုးပြီး ချစ်ခဲ့တာမဟုတ်ပါဘူး။ မင်းကို ငါချစ်တာ လူကိုသာချစ်တာမို့ ဘယ်ဘဝမှာပဲဖြစ်ဖြစ် ချစ်နေမှာပဲ။ ဒါပေမဲ့ ကိုယ့်ချစ်သူကောင်းစားတာ၊ အထက်တန်းရောက်တာကိုတော့ ကြည့်ချင်တာပဲ။ ဖေဖေနဲ့ မေမေကိုလည်း သက်ထွန်းဟာ သူတို့ထင်သလို ယောင်သုံးဆယ်သမား မဟုတ်ဘူး၊ ဟောဒီလိုလူဆိုတာ ပြချင်တယ်'

'မပြချင်နဲ့ဦး၊ မပြချင်နဲ့ဦး။ အဲဒီ ပကာသနစိတ်ဟာ မမှန်ဘူး။ ငါတို့ဘဝဟာ အရှည်ကြီးကျန်သေးတယ်။ ငါတို့တိုင်းပြည်နဲ့ ငါတို့အမျိုးသားပြည်သူတွေအတွက် လုပ်စရာတွေ အများကြီးရှိသေးတယ်။ အခု ငါတို့တိုက်ပွဲပြီးသေးတာ မဟုတ်ဘူး'

'ဟင်'

လှဲ့လှဲ့ အံ့သြသွားလေတော့၏။ သို့ကြောင့် မချင့်မရဲနှင့်။

'ဟင် ဘာပြောလိုက်တာလဲ။ မင်းတို့တစ်တွေ အခု အင်္ဂလိပ်အစိုးရကို တိုက်ထုတ်ပစ်လိုက်ပြီးပြီ မဟုတ်လား။ ဒါကြောင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်ခဲ့သူတွေ တိုင်းပြည်မှာ အာဏာရလာပြီ မဟုတ်လား'ဟူ၍ မေးလိုက်၏။

သက်ထွန်း ပြုံးလေသည်။ သူပြုံးပုံ လေးနက်သော အဓိပ္ပာယ်ဆောင်နေသော်လည်း လှဲ့လှဲ့ခမျာ သည်လိုနက်နဲသောအဓိပ္ပာယ်ကို နားမလည်နိုင်ရှာချေ။

သို့ကြောင့် မချင့်မရဲဖြစ်သည်ထက် ဖြစ်လာပြီး ထပ်မံမေးမြန်းပြန်လေသည်။

'တို့နှစ်ယောက် ချစ်ကြတယ်ဆိုပေမဲ့ လောလောဆယ်ယူဖို့ စိတ်မကူးနိုင်သေးဘူး။ တစ်ယောက်အချစ်ကို တစ်ယောက် ယုံကြည်စိတ်ချစွာနဲ့ သင့်တင့်လျောက်ပတ်တဲ့ အချိန်တစ်ချိန် ရောက်အောင် စောင့်ဆိုင်းကြမယ်ဆိုတဲ့ စကားကို ဘယ်လိုအဓိပ္ပာယ် မင်းပြောခဲ့တာလဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တို့နှစ်ယောက် အကြင်လင်မယားရယ်ဆိုပြီး တင့်တောင့်တင့်တယ် နေနိုင်တဲ့ ဘဝ ရောက်လာမယ်ဆိုတဲ့ မျှော်လင့်ချက်ကို ယုံယုံကြည်ကြည်ထားပြီး

mgyoe.com

mgyoe.com


ဒီလိုပြောခဲ့တာ မဟုတ်လား။ ငါကလည်း မင်းကို တကယ်ချစ်တာကြောင့် သစ္စာရှိစွာ စောင့်စားနေခဲ့တယ်။ အခု ဒီလို အခွင့်အာဏာရနိုင်တဲ့အချိန် ရောက်လာတဲ့အခါမှာ ဒါမှမဟုတ်သေးဘူးဆိုတော့ ဒီစကားကို ဘာသဘော နဲ့ ပြောခဲ့တာလဲ'

ပြောရင်း မချင့်မရဲဖြစ်ကာ စိတ်တိုလာသည့်အတွက် နောက်ဆုံးစကား လုံးများကို ဒေါသကလေးနှင့် ပြောလိုက်၏။

'သင့်တင့်လျောက်ပတ်တဲ့ အချိန်တစ်ချိန်ရောက်မှ တို့ချင်း ယူကြမယ်၊ ဒီကြားထဲ စောင့်ပါဦးဆိုတာက ရာထူးရာခံရပြီး ကောင်းစားချမ်းသာမယ့် အချိန် ရောက်လာအောင် စောင့်ခိုင်းတာ မဟုတ်ဘူးကွ'

သက်ထွန်း တည်ငြိမ်အေးဆေးစွာ ပြောသော်လည်း လှဲ့လှဲ့မှာမူကား ကြား ရသောစကားကြောင့် ပို၍ပိုကာ စိတ်တိုလာလေသည်။ သို့ကြောင့်

'ဒါဖြင့် ဘာအတွက် စောင့်ခိုင်းတာလဲ'ဟု ဒေါသနှင့် မေးမိလေတော့ ၏။

'တိုင်းပြည်လွတ်လပ်ရေးနဲ့ ပြည်သူ့လွတ်မြောက်ရေးအတွက် လုပ်စရာ တာဝန်တွေ ရှိသေးလို့၊ သားတွဲလဲ မယားတွဲလဲဆိုရင် အဲဒီတာဝန်တွေ ထမ်း ဆောင်တဲ့အခါ နောက်ဆံတင်းပြီး စိတ်သွားတိုင်းကိုယ်မပါဘဲ အနှောင့် အယှက် ဖြစ်နေမှာစိုးလို့'

'အခု အဲဒီတာဝန် ထမ်းဆောင်ပြီးပြီ မဟုတ်လား။ အဲဒါကြောင့် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်လာသူတွေ တန်ခိုးအာဏာရပြီး ရာထူး ရာခံတွေနဲ့ ဖြစ်ကုန်ပြီ မဟုတ်လား။ နိုင်ငံရေးသမားတွေရော၊ တချို့ လူထု တွေနဲ့ ဂျပန်တွေဆုံမိတဲ့အခါ နိပ္ပွန်ဘန်ဇိုင်း၊ ဘီရုမာဘန်ဇိုင်းနဲ့ ဝမ်းသာအားရ အော်နေကြပြီ မဟုတ်လား'

'ဟား ဟား ဟား'

သက်ထွန်း ဟက်ဟက်ပက်ပက် ရယ်မောလေလေ၊ လှဲ့လှဲ့ မချင့်မရဲ ဖြစ်လာလေလေတည်း။

'ဟား ဟား ဟား အဲဒါ ငရဲပန်းကို ရွှေပန်းထင်ပြီး အော်နေတာ၊ ဝမ်း သာစရာရယ်လို့ အထင်မှားပြီး ဝမ်းသာအားရ အော်ဟစ်ကြုံးဝါးနေကြတာ'

သည်စကားကြားသောအခါ လှဲ့လှဲ့ သာလွန်အံ့ဩပြီး ပြူးတူးပြဲတဲ ဖြစ်

mgyoe.com

mgyoe.com


သည်ထက် ဖြစ်လာလေတော့၏။

'မင်း ဘာစကားတွေ ပြောနေတာလဲ၊ လူတိုင်းလိုလိုက တို့ခေတ်ရောက်ပြီ ပြောနေကြတယ် မဟုတ်လား'

'တို့ခေတ် မရောက်ဘူး၊ အခုရောက်လာတာက သူတော်တို့၊ သစ္စာတို့ ခေတ်လေကွာ၊ မြင်တယ်မဟုတ်လား။ မင်းဆိုင်ရှေ့ကိုလည်း ဓားရှည်ကြီး တကားကားနဲ့ လာသွားသေးတယ်ဆိုတဲ့အကြောင်း မင်းပြောပြလို့ ငါသိရတယ်။ တို့ခေတ် မရောက်ဘူး၊ သူတော်နဲ့ သစ္စာတို့ခေတ် ရောက်တာကွ'

'မင်းစကားကို ငါနားမလည်ပါဘူးကွာ'

မောဟိုက်စွာ ပင့်သက်ရှူထုတ်ပြီး လဲ့လဲ့ သည်လို ညည်းညူပြောဆိုလိုက်လေသည်။

'အင်္ဂလိပ် ပြေးတာနဲ့ ငါတို့တစ်တွေ လွတ်လပ်ပြီလို့ လူ တော်တော်များများ အထင်မှားနေကြတယ်။ တကယ်က ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုတာလို အင်္ဂလိပ်လက်အောက်က လွတ်ချင်တာကြောင့် ဘန်ဇိုင်း၊ ဘန်ဇိုင်း အော်ပြီး ဂျပန်ကို ကြိုကြတယ်။ တို့နိုင်ငံရဲ့ တကယ့်အဖြစ်က အင်္ဂလိပ် ကျွန်ဘဝထက်ဆိုးတဲ့ ဖက်ဆစ်ကျွန်ဘဝ ကျရောက်လာတာ။ တို့နိုင်ငံတစ်ဝန်းလုံး ဖက်ဆစ်အမှောင်ထုကြီး ပိတ်ဖုံးခံလိုက်ရပြီလေ'

'သက်ထွန်း၊ မင်း ဘာတွေပြောနေသလဲ၊ အကြာကြီး ကွဲနေရတဲ့ တို့ချစ်သူနှစ်ဦး ပြန်တွေ့တဲ့အခါမှာ အချစ်စကားမပြောဘဲ နိုင်ငံရေးစကားကိုချည်း ပြောနေတာပဲ'

'ချစ်တာကို အထူးပြောစရာ ဘာလိုသေးသလဲ။ မင်းနဲ့ငါ ငယ်ငယ်လေးထဲက ချစ်လာခဲ့တယ်၊ ခုလည်း ချစ်မြဲ ချစ်နေကြတာပဲဟာ'

သူ့ချစ်သူ လဲ့လဲ့ အားမလိုအားမရဖြစ်ပြီး စိတ်ဆိုးနေပြီဆိုခြင်းကို သိနားလည်သဖြင့် သက်ထွန်း ဤသို့ပြောကာ နူးညံ့ပြည့်ဖြိုးသော လဲ့လဲ့၏ လက်ကလေးတစ်ဖက်ကို ဆွဲကိုင်ပြီး ယုယစွာ ပွတ်သပ်ပေးလိုက်၏။

လဲ့လဲ့မှုကား မကျေမနပ်မှုကြောင့် စူအောင့်နေလိုက်၏။

'ချစ်ပါတယ်ကွယ်၊ ဘယ်တော့မဆို ချစ်လျက်ပါပဲ။ ခုလို ပြန်တွေ့ရတော့ မင်းဝမ်းသာသလို ငါလည်း ဝမ်းသာနေတယ်။ သွေ့ခြောက်နေတဲ့

mgyoe.com

mgyoe.com


အသည်းဟာ မေတ္တာရေစင် ပက်ဖျန်းခံရလို့ စိုပြည်လန်းဆန်းလာပြီး ငါ့စိတ်ထဲ အပျော်ကြီး ပျော်နေမိပါတယ်။ ပျော်သမှ သိပ်ကိုပျော်တာ'

သက်ထွန်း သည်လိုပြောလာသောအခါ လဲ့လဲ့ ဝမ်းသာရွှင်ပျော်လာလေသည်။ သို့ကြောင့်

'အဲဒီတော့ တို့နှစ်ယောက်ရေ့ရေးကို မင်း ဘယ်လိုတွေးသလဲ' ဟူ၍ မျှော်လင့်ခြင်းရောင်ခြည် တောက်ရွှန်းလာသည့် မျက်လုံးကို ဝင့်ပြီး မေးလိုက်၏။

'ရှေ့လည်း ချစ်မှာပဲလေ'

'ချစ်တယ်ပြောရုံနဲ့ မပြီးဘူး၊ နှစ်ယောက်အတူနေဖို့အရေးကို တွေးရမယ်'

'ဒီအတွက် ငါ့အနေနဲ့ ရှောင်ဖယ်လိမ့်မယ် မဟုတ်ဘူးဆိုတာ ယုံထားစမ်းပါကွာ။ ဘဝခရီးကို လက်တွဲပြီး ရဲရဲကြီးလျှောက်ကြစို့လို့ စိန်ခေါ်လာတဲ့အချိန်မှာ ကိုယ်ကလည်း စိန်ပြန်ခေါ်မှာ အသင့်ပဲ'

ခေါင်းငုံ့လျက်ရှိသေးသော လဲ့လဲ့၏မေးဖျားကို ကိုင်တွန်း၍ မျက်နှာကို လှန်မော့ပြီး ချစ်စနိုးကြည့်ကာ သက်ထွန်း ပြုံးလိုက်သောအခါ

'အဲဒီအတွက် ပြောနေတာပေါ့။ ယူမယ်ဆုံးဖြတ်ရင် အလုပ်အကိုင်နေရာကျအောင် စီစဉ်ရမယ်မဟုတ်လား။ ဒီကဖြင့် ဝမ်းသာအားရ မျှော်လင့်တကြီးနဲ့မို့ ဒီလိုပြောမိတာ။ မင်းလိုလူတစ်ယောက် အခုအချိန်မှာ ရာထူးတစ်ခုရဖို့ မခဲယဉ်းပါဘူးကွာ။ အဲဒီအတွက် ကြိုးစားမလား မေးနေတာ'

'အို အသက်မွေးဝမ်းကျောင်းအတွက် အလုပ်တစ်ခုခုလုပ်ဖို့ ကိုယ့်အနေနဲ့ ဝန်မလေးပါဘူးကွာ။ ကိုယ် လူပျင်းမှမဟုတ်တာ'

သက်ထွန်း၏စကားကို အေးစက်စက်နိုင်သည်ထင်ကာ လဲ့လဲ့ အားမရနိုင်ဖြစ်နေသည်။ ရေထဲ ဖော့ချသလို မနက်နဲ မထိရောက်ဘဲ ပေါ့တော့တော့နှင့် သူ့စိတ်တွေ့ထိမှုတွင် ထိထိမိမိမရှိသဖြင့် လဲ့လဲ့ မချင့်မရဲသာလျှင် ဖြစ်နေရလေသည်။

'အဲဒါကြောင့် ရာထူးတစ်ခုခုရအောင်လုပ်ဖို့ ပြောတာပေါ့။ ကိုသူတော်တို့လို ဘာမဟုတ်တဲ့လူတွေတောင် ရာထူးရပြီး ကောင်းစားနေပြီဟာ'

'အေး ဒီခေတ်က ကိုသူတော်တို့လိုလူတွေနဲ့သာ လိုက်ဖက်တဲ့ခေတ်

mgyoe.com

mgyoe.com


ကွ၊ ဒီခေတ် ဒီစနစ်အောက်မှာ ဒီလိုလူမျိုးတွေ နေရာရပြီး ကောင်းစားတာ မဆန်းပါဘူး၊ သဘာဝကျတယ်'

'ဒါဖြင့် မင်းက ဘာလုပ်မှာလဲ'

'တို့ချင်းယှူရင် ငါ အလကားမနေပါဘူး၊ အလုပ် လုပ်စားရမှာပေါ့။ တိုင်းပြည်အတွက် လုပ်ခဲ့ပါတယ်ဆိုပြီး အခွင့်အရေး တောင်းနေစရာ မလိုဘူး'

လဲ့လဲ့အနေနှင့်တော့ သက်ထွန်းပြောသည့်စကားကို ဘယ်လိုမျှ ဘဝင် မကျနိုင်တော့ချေ။

## (၂)

ဟိုလူနှစ်ယောက်အထင်ကတော့ တစ်မျိုးတစ်မည် ဖြစ်နေသည်။

သက်ထွန်းဆိုသူမှာ သူတို့နှင့်မတူ၊ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ကွဲပြားသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ထက်မြက်စွာ ပါဝင်ခဲ့သူဖြစ်သည်။ ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးအစဉ်အလာရှိသူဖြစ်သည်။ သို့ကြောင့် နိုင်ငံရေးနယ်ပယ်တွင် ထိုသူ မိမိတို့ထက်သာလွန်နေသည်။ နေရာပြဿနာပေါ်လာပါက ထိုသူမှာ မိမိတို့ထက် အခွင့်အရေး ပိုမိုရရှိသွားနိုင်သည်။ မိမိတို့အား ကျော်လွှားသွားနိုင်သည်။ ကျော်လွှားသွား ရုံမကသေး ထိုသူမျိုးတွေ နေရာဝင်ယူပါက မိမိတို့အား ဘေးဖယ်ပစ်မှာ စိုးရသည် စသည့် စိုးရိမ်သောက ပူပြင်းစွာ ဖြစ်ပေါ်လာသောကြောင့် ထို အရေးကို ခေါင်းချင်းရိုက်ကာ ဆွေးနွေးတိုင်ပင်နေကြ၏။

'သက်ထွန်း ကျုပ်တို့ကို အနှောင့်အယှက်မပေးဘူးဆိုနိုင်မလား'

ရောင်းရင်းကြီး ကိုသစ္စာ၏ မျက်နှာကို အားကိုးတကြီးကြည့်ပြီး ကိုသူ တော် သည်လိုမေးလိုက်၏။

'အနှောင့်အယှက် မပေးဘူးလို့ မဆိုနိုင်ဘူး'

ကိုသစ္စာကလည်း ကိုသူတော်နှင့် တူညီသော အမြင်ရှိကြောင်းကို ဤ သို့လျှင် ပြန်လည်တင်ပြပါလေသည်။

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

အဖြေကို ရုတ်ခြည်း မပေးနိုင်သေးသည့်အတွက် သူ့မေးဖျားတွင် လက်

mgyoe.com

mgyoe.com


နှစ်ဆစ်ခန့်ရှိနေသော ဇော်ဂျီမုတ်ဆိတ်မွေးကို လက်တစ်ဖက်နှင့် ကိုင်တွယ်ပွတ်သပ်ပြီး ကိုသစ္စာ တွေးတောစဉ်းစားနေလိုက်၏။

နိုင်ငံနှင့် လူမျိုးအတွက် အရိုးကြေကြေ အရေခန်းခန်း ဆောင်ရွက်မည်ဟူ၍ ဟစ်ကြွေးရင်း ဤယာယီအုပ်ချုပ်ရေးအဖွဲ့တွင်း ဝင်ရောက်လာသည့်အချိန်မှစ၍ ကိုသစ္စာ မုတ်ဆိတ်မွေးထားရှိလာခဲ့၏။

'ဟုတ်ကဲ့ ဒီကိစ္စဟာ ကျွန်တော်တို့အတွက် လေးနက်စွာ စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ် ဗိုလ်ကြီးဦးသူတော်ခင်ဗျား'

အတန်ငယ်ကြာသောအခါတွင်မှ ကိုသစ္စာ ဤသို့ ပြောလိုက်၏။ ကိုသူတော်အား အချို့က ဗိုလ်ကြီးသူတော်ဟူ၍လည်းကောင်း၊ အချို့က နာမည်မထည့်ဘဲ ဗိုလ်ကြီးဟူ၍လည်းကောင်း၊ အချို့ကမူ ဦးသူတော်ဟူ၍လည်းကောင်း ရှိသေသမှုကို ပြသသောအားဖြင့် အမျိုးမျိုးခေါ်နေကြ၏။ ထိုအထဲတွင် ကိုသစ္စာမူကား ဗိုလ်ကြီးရော ဦးနှစ်မျိုးလုံးပေါင်းကာ သူတကာထက်ပိုကဲသည့် လေးစားမှုကို ပြသောအားဖြင့် ဗိုလ်ကြီးဦးသူတော်ဟူ၍ခေါ်ဆိုလာခဲ့၏။

သို့ကြောင့်လည်း ကိုသူတော်သည် ကိုသစ္စာအား အခြားသူများထက်ပိုမိုသဘောကျနေခြင်း ဖြစ်လေသည်။

ဘယ်သူမျှ စကားမပြောဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေပြန်လေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြည့်ကာလည်းကောင်း၊ ခေါင်းငုံ့ပြီး စားပွဲကြမ်းပြင်ကို စူးစိုက်ကြည့်ကာလည်းကောင်း၊ တစ်ယောက်က ခေါင်းကိုကုတ်ကာလည်းကောင်း၊ အခြားတစ်ယောက်က ဇော်ဂျီမုတ်ဆိတ်မွေးကို ပွတ်ကာပွတ်ကာလည်းကောင်း အရေးကြီးသော ပြဿနာကိုနက်နဲစွာ စဉ်းစားနေကြ၏။ ပူပြင်းစွာ ဖြစ်ပေါ်လာသည့် သောကကြောင့်ခေါင်းပူနေကြ၏။

စီးကရက်သံဘူးကို ကိုသူတော် ဖွင့်လိုက်၏။

အင်္ဂလိပ်စီးကရက်အကောင်းစား သုံး သုံးလုံး သံဘူးကြီးပင်ဖြစ်လေတော့သတည်း။

အင်္ဂလိပ်စီးကရက် လက်ကျန်တွေရှိနေသေးသောကြောင့် ကိုသူတော်

mgyoe.com

mgyoe.com


တို့လို တန်ခိုးရှိသူတို့အနေနှင့် သည်လိုစီးကရက်များကို လိုသလို ရရှိနိုင်လေသည်။ သည်လိုစီးကရက်မျိုးကို ယခင်က ယခုလို ဖောသီစွာ သောက်ခဲ့ဖူးသည် မဟုတ်ချေ။

ကိုသူတော် ကောင်းစားနေပုံကဖြင့် အဲသည်လို။

သံဘူးထဲက ဆေးလိပ်ဖြူဖြူဖွေးဖွေး တစ်လိပ်ကို နှိုက်ယူ၍ ပါးစောင်တွင်ခဲပြီးသကာလ ရောင်းရင်းကြီးထံ ကမ်းပေးလိုက်သောအခါ ကိုသစ္စာကလည်း တစ်လိပ်ကို နှိုက်ယူလိုက်၏။ ထို့နောက် တောက်ပြောင်သောနိုင်ငံခြားလုပ် ဓာတ်မီးခြစ်ကိုခြစ်၍ သူ့စီးကရက်ကို မီးညှိပြီးလျှင် ကိုသစ္စာကိုပါ မီးတို့ပေးလိုက်၏။

စီးကရက်မီးခိုးတို့ ထောင်းထောင်း ထလာသည်ကား အရေးကြီးသောပြဿနာကို နက်နဲစွာတွေးတောစဉ်းစားနေရခြင်း အသွင်လက္ခဏာ ပေါ်ထွက်လာခြင်းတည်း။

ထောင်းထောင်းထလာသော မီးခိုးတွေ စားပွဲအလယ်တွင် ပေါင်းဆုံလိမ်ယှက်ကာ အပေါ်သို့ တလူလူ လွင့်တက်နေသည်နှင့်အမျှ စီးကရက်နှစ်လိပ်တို့ ပြိုင်တူ တိုတိုသွား၏။ သုံးပုံနှစ်ပုံမျှ တိုသွားပြီးသည့်တိုင်အောင်လည်း ထိုသူနှစ်ယောက်စလုံး၏ နှုတ်ဖျားမှ အသံမပြည်သေးဘဲ တိတ်မြဲတိတ်နေပေသေး၏။

ထို့နောက် စီးကရက်တိုများကို ပြာခွက်ထဲ ထိုးခြေထည့်လိုက်၏။

'ကျုပ်တို့ ပြင်ဆင်မှုတစ်ခုခု လုပ်ရလိမ့်မယ်'

ကိုသူတော် သည်လိုပြောသောအခါ ကိုသစ္စာ ခေါင်းညိတ်ပြီး

'ဟုတ်ကဲ့ ဗိုလ်ကြီးဦးသူတော်၊ ကျွန်တော် ဒါကို နက်နဲစွာ စဉ်းစားနေတာပါပဲ။ ကျွန်တော်တို့အတွက် အနှောင့်အယှက်တစ်ခု တွေ့နေရင် ဒါကိုဖယ်ရှားပစ်နိုင်မှသာ အနှောင့်အယှက် ကင်းဝေးနိုင်ပါလိမ့်မယ်။ အဲဒီတော့ တစ်ခုခုလုပ်ဖို့ အကြံထုတ်ရလိမ့်မယ်' ဟူ၍ ပြန်လည်ပြောဆိုလေတော့၏။

'ဒါဖြင့် ဘယ်လိုနည်းနဲ့ သူ့ကို ဖယ်ရှားပစ်နိုင်မလဲ'

'ကျွန်တော်တို့က လက်ဦးမှုရအောင်ယူမှ ဖြစ်မယ်'

'ကောင်းပြီ၊ ကျုပ်တို့ တစ်ခုခုလုပ်ကြစို့'

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးသကာလ သက်ပြင်းကို

mgyoe.com

mgyoe.com


ပြိုင်တူရှုထုတ်၍ ခေါင်းညိတ်ခြင်းအားဖြင့် တစ်ယောက်နှင့်တစ်ယောက် သဘောတူကြောင်း ဖော်ပြလိုက်ကြ၏။

ထို့နောက် ယခင်က မသောက်စဖူး သောက်ရသော အကောင်းစား စီးကရက်တစ်လိပ်စီကို မီးညှိဖွာရှိုက်နေပြန်လေတော့၏။

ကိုသစ္စာဆိုသူမှာ တိုင်းရေးပြည်မှုဆို၍ ယခင် ဘာတစ်ခုမျှ လုပ်ခဲ့ဖူးသူ မဟုတ်ချေ။

ဂျပန်စစ်တပ်များ ဝင်ရောက်လာသောအခါ ဘန်ဇိုင်း၊ ဘန်ဇိုင်း အော်ကာ ပျာပျာသလဲထွက်၍ ကြိုခဲ့၏။ ဘီအိုင်အေ တပ်များ ရောက်လာသောအခါ တွင်လည်း စိတ်ဓာတ်တက်ကြွနေသော လူထုတွေအတွင်း ဝင်ရောကာ ဘီအိုင်အေတပ်များကို ကြိုဆိုခဲ့၏။ ထို့နောက် နိုင်ငံနှင့် လူမျိုးအတွက် အရိုးကြေကြေ အရေခန်းခန်း ဝင်ရောက် လုပ်ကိုင်တော့မည်ဟူ၍ ကျယ်လောင်စွာ ဟစ်ကြွေးပြီး ယောင်တောင်ပေါင်တောင် ဝင်ရောရာကနေ ယာယီအုပ်ချုပ်ရေး အဖွဲ့ ဖွဲ့သောအခါ အချောင်နှိုက်ပြီး နေရာယူလိုက်နိုင်လေသည်။

ဂျပန်ဝင်လာပြီးသောအခါ တစ်မတ်သခင်ဆိုသည်များ ပေါ်ထွက်လာခဲ့၏။

တို့ဗမာ အစည်းအရုံးဝင် သခင်များ ဂျပန်နှင့် ပေါင်းကြသဖြင့် ဂျပန်ဝင်ချိန်၌ တို့ဗမာအစည်းအရုံး၏ တန်ခိုးသြဇာ ကြီးမားလာသောကြောင့် ယခင်တုန်းက အစည်းအရုံးသို့ ဝင်ရောက်ခြင်း မပြုခဲ့သူ အများအပြား တို့ဗမာအစည်းအရုံးထဲသို့ ဝရုန်းသုန်းကား ဝင်ရောက်လာကြလေတော့၏။ တို့ဗမာအစည်းအရုံး၏ ဝင်ကြေးမှာ တစ်မတ်ဖြစ်သောကြောင့် ဝင်ကြေးတစ်မတ်ပေးကာ အစည်းအရုံးသို့ဝင်ပြီး သခင်အမည် ခံယူလာကြ၏။

ထိုအချိန်တွင် အခွင့်အရေးကို မျှော်ကိုးပြီး တို့ဗမာအစည်းအရုံး ဝင်ရောက်ကာ သခင်အမည် ခံယူလာသူများအား တစ်မတ်သခင်ဟူ၍ ခေါ်စမှတ်ပြုခဲ့၏။

ကိုသစ္စာဆိုသူသည်လည်း တစ်မတ်သခင် ဖြစ်လာခဲ့လေသည်။

ကိုသစ္စာသည် ဂျပန်ဝင်ချိန်၌ တို့ဗမာ အစည်းအရုံးထဲသို့ ကမန်းကတန်း ဝင်ရောက်လာပြီးလျှင် တိုင်းပြည်နှင့် လူမျိုးအတွက် အရိုးကြေ

mgyoe.com

mgyoe.com


ကြေ အရေခန်းခန်း လုပ်ကိုင်ဆောင်ရွက်မည်ဆိုသော စကားကို ကျယ်လောင်စွာ ဟစ်ကြွေးပြောဆိုရင်း နေရာရအောင် ယူလာခဲ့သူ ဖြစ်ချေသည်။

အစည်းအရုံးဝင် ကတ်ပြားတွင် သူ့အမည် ဘယ်လိုရေးမည်ဆိုသော အခါ သခင်သစ္စာဟု ရေးပါ ဆိုလေသည်။

သို့ဖြင့် သခင်သစ္စာ၊ ထို့နောက် ဗိုလ်သစ္စာဖြစ်လာသည်။

ဗိုလ်သစ္စာအဖြစ်ဖြင့် ဇော်ဂျီရုပ်မှာ တွေ့ရသည့် မုတ်ဆိတ်မျိုး ထားလာသဖြင့် မုတ်ဆိတ်တိုနံ့နံ့နှင့်ဗိုလ် ဆိုသည့် ထိုသူကို အများတကာတို့က ဗိုလ်မုတ်ဆိတ် ဟူ၍လည်း ခေါ်တွင်လာကြ၏။

ယခု သူတို့နှစ်ဦး ခေါင်းချင်းဆိုင်ကာ အကြံထုတ်နေပါပေသည်။

'သည်လိုလုပ်ရင် မကောင်းဘူးလား'ဟု အစချီကာ ပေါ်လာသော စိတ်အကြံကို ဗိုလ်ကြီးဦးသူတော်က ဟောသည်လို ပြောပြလေတော့၏။

'အကြောင်းတစ်ခုခု ရမယ်ရှာပြီး သက်ထွန်းကို ဖမ်းချုပ်လိုက်တာပေါ့။ ကျုပ်တို့မှာ အာဏာရှိနေတာပဲ။ လူတစ်ယောက်ကို ဖမ်းနိုင်၊ ချုပ်ထားနိုင်တယ်။ ကြိမ်ရိုက်နေပူလှန်းတာရော၊ သေဒဏ်ရော ပေးနိုင်တဲ့အာဏာပါ ရှိနေတာပဲဟာ။ ဘာခက်သလဲ။ သူ နေရာမယူနိုင်ခင် ကျုပ်တို့က လက်ဦးမှု ယူပြီး ဖမ်းလိုက်တာပေါ့။ ကျုပ်တို့ အုပ်ချုပ်ရေးအဖွဲ့ကနေ ဘယ်လိုအပြစ်မျိုး ပေးစေကာမူ အယူခံနိုင်ခွင့်ရှိတာမှ မဟုတ်ဘဲ။ ဒီကနေ့ ဆုံးဖြတ်ချက်ချပြီးရင် ဒီကနေ့ပဲ လုံ့စွပ်ထိုးသတ်ချင်သတ်၊ သေနတ်နဲ့ ပစ်သတ်ချင် သတ်နိုင်တယ်။ အဲဒီလို လက်ဦးအောင် လုပ်လိုက်ရင် ကိစ္စပြီးသွားမယ်၊ သူ မြေကြီးထဲရောက်သွားရင် ပြန်ထမလာနိုင်တော့တာကြောင့် ကျုပ်တို့နေရာလုမှာ ပူစရာ မလိုတော့ဘူး'

သခင်သစ္စာခေါ် ဗိုလ်မုတ်ဆိတ်သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ဗိုလ်ကြီးဦးသူတော်၏ အကြံအစည် ဟန်နိုင်၊ မဟန်နိုင်ကို အသေအချာ စဉ်းစားကြည့်လေသည်။ စဉ်းစားဉာဏ် ထုတ်ရသောကြောင့် အလိပ်ငါးဆယ်ဝင် သုံး သုံးလုံး စီးကရက်သံဘူးကို ဆွဲယူဖွင့်ပြီး စီးကရက်တစ်လိပ်ကို နှိုက်ယူမီးညှိ ဖွာရှိုက်နေလိုက်၏။ သူကား ကိုသူတော်ထက် ပို၍ ဆင်ခြင်ပိုင်းခြားဉာဏ်ရှိသူ ဖြစ်သောကြောင့် ကိစ္စတစ်ခုကို အလောတကြီး ပြုလုပ်လေ့မရှိချေ။ သေသေချာချာ စဉ်းစားပြီးမှ လုပ်တတ်သူ ဖြစ်လေသည်။

mgyoe.com

mgyoe.com


'ဘယ့်နှယ်လဲ ကျုပ်အကြံ မကောင်းဘူးလား' ဟု ကိုသူတော်က သူ့စိတ်ကူးကို ဟုတ်လှပြီအထင်ရောက်ကာ မေးလိုက်၏။

'သက်ထွန်းနဲ့ ပတ်သက်ရင် ကျွန်တော်တို့ သေသေချာချာ စဉ်းစားပြီးမှ လုပ်ရမယ်ခင်ဗျ။ သူက တခြားလူတွေနဲ့ မတူဘူး။ သူ့မှာ ဘက်ဂရောင်းရှိတယ်ဗျ၊ ဘက်ဂရောင်းနဲ့လူ။ ကျွန်တော်တို့ တစ်နေ့က ဖိုးချိုကို အင်္ဂလိပ်သူလျှိုဆိုပြီး ပစ်သတ်လိုက်တာ လွယ်တယ်။ တခြားတစ်ယောက်ကို ဖမ်းချင်ဖမ်း၊ သတ်ချင်သတ် ဘယ်သူမှ ဝင်မပြောရဲဘူး။ သက်ထွန်းကို အင်္ဂလိပ်သူလျှိုဆိုပြီး သတ်လို့မဖြစ်နိုင်ဘူးဗျ။ ဘာအကြောင်းပြချက်နဲ့ ဖမ်းဖမ်း၊ သူ့ကိုဖမ်းတယ်ဆိုရင် သူ့ဘက်ဂရောင်းက စကားပြောလာမယ်။ ဗဟိုက ပုဂ္ဂိုလ်တွေ သူ့ကိုသိတယ် မဟုတ်လား၊ သူက အစောကြီးကတည်းက နိုင်ငံရေးလုပ်လာတဲ့လူ၊ ဒီတော့ ဗဟိုကိုလိုက်သွား တင်ပြရင် ကျွန်တော်တို့ လုပ်တာ မအောင်မြင်တဲ့အပြင် ကျွန်တော်တို့ကိုတောင် ပြန်ပြီး ထိခိုက်လာနိုင်တယ်။ ဒါကို သေသေချာချာ စဉ်းစားရမယ်'

သူ့ထက်ပို၍ စဉ်းစားတတ်သော ဗိုလ်မုတ်ဆိတ်၏ စကားကြောင့် ဗိုလ်ကြီးသူတော် မောသလို ဖြစ်သွား၏။

အင်း ကလိမ်ကျတယ်ဆိုတာလည်း လွယ်တာမဟုတ်၊ ပညာ ပါရဦးမှာပါကလား။

'ဒါဖြင့် ဘယ်လိုကြံမလဲ၊ ခင်ဗျားအကြံကကော ဘယ်လိုလဲ။ ခင်ဗျားအကြံ ကျုပ်ထက်ဟန်ရင် ကျုပ် လက်ခံရမှာပေါ့'

သူ့မုတ်ဆိတ်မွေး တိုနံ့နံ့ကို ဆုပ်ကိုင်ပွတ်သပ် စဉ်းစားတွေးတောပြီးနောက် ဗိုလ်မုတ်ဆိတ်သည် စားပွဲ၌ ကိုသူတော်နှင့် မျက်နှာချင်းဆိုင်ထိုင်နေရာမှ ထ၍ရပ်လိုက်၏။

ပြီးနောက် သူထိုင်သည့်ကုလားထိုင်ကို ဗိုလ်ကြီးဦးသူတော်၏ ကုလားထိုင်ဘေးရောက်သည်ထိ ဆွဲယူသွားပြီး အနားကပ်ကာ ထိုင်လိုက်၏။ တစ်ဖန် အနီးပတ်လည်ကိုကြည့်ရှုပြီး သူပြောမည့် စကားသံကို ကြားလောက်သည့်နေရာတစ်ဝိုက်တွင် အခြားသူများ ရှိ မရှိ လှည့်ပတ်ကြည့်ရှုလိုက်သေး၏။

ဗိုလ်ကြီး ဦးသူတော်မှလွဲ၍ အခြား မည်သူတစ်စုံတစ်ယောက်မျှ သူပြော

mgyoe.com

mgyoe.com


မည့်စကားကို မကြားနိုင်ကြောင်း စိတ်ချလောက်သည်ကို တွေ့ရမှ တိုးတိုးကလေး ပြောကြားလေတော့၏။

တကယ့်ကို ဘယ်သူမျှ မကြားရချေ။

သူ ဘာပြောသည်ဆိုခြင်းကို ဗိုလ်ကြီးဦးသူတော် တစ်ယောက်တည်းသာလျှင် ကြားနိုင်ပါပေသတည်း။

## (၃)

'မေမေ့မှာ နေ့ရှိသရွေ့ သားအတွက် ပူနေရတာ၊ ခုမှ စိတ်အေးရတော့တယ်'

သက်ထွန်း၏ မိခင် ဒေါ်အေးမြသည် မသေမပျောက် ပြန်လည်ရောက်ရှိလာသည့် သားကြီးသြရသကို ကိုယ်တိုင်ကိုယ်ကျ တကယ်တွေ့ရတော့မှပင် စိတ်သက်သာရာရရှိသဖြင့် သက်မ ချကာ ဤသို့ပြောလိုက်နိုင်လေသည်။

'ပြန်ရောက်လာလို့သာပေါ့ကွာ၊ နောက်နှစ်လ၊ သုံးလလောက်ကြာလို့မှ ပြန်မရောက်ရင် မင့်မေမေ ဒုက္ခဖြစ်မှာ သေချာတယ်။ မင်းအတွက် ပူရတာကြောင့် မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်နဲ့ နေ့ရှိသရွေ့ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတော့တာပဲ။ မင့်သား မသေနိုင်ပါဘူး။ တစ်နေ့ ပြန်ရောက်လာပါလိမ့်မယ်လို့ အားပေးပေမဲ့လည်း သူ့မှာ စိတ်မအေးနိုင်ဘူး။ အထက်ကို ပါသွားပြီဆိုတဲ့ နောက်ပိုင်းမှာ ဘာသတင်းမှလည်း မကြားရတော့ ပိုပြီးပူတော့တာပေါ့'

မိခင်ဖြစ်သူ ပူပန်သောက ရောက်ခဲ့ရသည့်အကြောင်းကို ဖခင် ဦးဘလှကပါ ဝင်ရောက်ပြောပြလာလေသည်။

ယခုတော့ စိတ်အေးသွားရုံသာမက မိဘနှစ်ပါးရော၊ ညီအစ်ကို မောင်နှမများပါ အားတက်လာကြ၏။

သက်ထွန်း ထောင်ကျသည့် အချိန်မှစ၍ သူတို့မိသားစု၏ ဘဝအခြေအနေ ဆုတ်ယုတ်ပျက်ပြားလာခဲ့ရလေသည်။

သက်ထွန်းတို့မှာ ညီအစ်ကိုမောင်နှမ ငါးယောက်ရှိရာ သူက အကြီးဆုံးဖြစ်သည်။ သူ့ထက်အငယ် ညီတော်မောင် ကျော်မင်းမှာ စစ်ဖြစ်မည့်နှစ်တွင် ၁၀ တန်းအောင်သော်လည်း စီးပွားရေး အခြေအနေ ယိုယွင်းဆုတ်

mgyoe.com

mgyoe.com


ယုတ်လာသောကြောင့် တက္ကသိုလ် ဆက်၍ မနေနိုင်ခဲ့ချေ။

သက်ထွန်းအောက် ကျော်မင်း၊ ကျော်မင်းအောက် တင့်တင့်ဆိုသော နှမက ကိုးတန်းကျောင်းသူ။ ထို့နောက် ဆင့်ဆင့်ဆိုသည့် နှမငယ်က ခုနစ်တန်း၊ အငယ်ဆုံး ညီကလေး ထွန်းလင်းက လေးတန်းကျောင်းသား ဖြစ်သောကြောင့် ဖခင်ကြီး ဦးဘလှမှာ ကြီးမားသော အိမ်ထောင်တာဝန်ကို ထမ်းဆောင်လာရ၏။

ဦးဘလှ၏ စီးပွားရေးလုပ်ငန်းမှာ သစ်များကို ဝယ်ယူခွဲစိတ်ပြီး ပြန်လည်ရောင်းချသော လွှထောင်နှင့် သစ်ဆိုင်လုပ်ငန်း ဖြစ်လေသည်။

ထိုအချိန်ကာလတွင် လွှစင်များ၌ သစ်ခွဲသော အလုပ်ကို လူအားသက်သက်နှင့်သာ လုပ်ကိုင်သည်က များခဲ့၏။ လွှဆွဲသူ အလုပ်ကြမ်းသမားများကို အရင်းအနှီးစိုက်ထုတ်နိုင်သူ လွှထောင်များက အခကြေးငွေနှင့် ငှားရမ်းလုပ်ကိုင်ခဲ့ကြ၏။

စီးပွားရေး အခြေအနေ ကောင်းမွန်နေသောကြောင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက လွှစင်လုပ်ငန်းကို လူအားသက်သက်သာမကဘဲ စက်အားပါ တွဲဖက်အသုံးပြုရန်အတွက် သစ်ခွဲစက် အငယ်စားတစ်ခုကို ဦးဘလှ ဝယ်ယူခဲ့လေသည်။ သစ်ခွဲစက်ကလေး ဝယ်ယူပြီးသောအခါ စက်အားနှင့် နိုင်ရာကို စက်အားသုံး၍လည်းကောင်း၊ လူအားနှင့်နိုင်ရာကို လူအားသုံး၍လည်းကောင်း စက်အား၊ လူအား နှစ်မျိုး ပေါင်းစပ်လုပ်ကိုင်လာခဲ့၏။

သို့ကြောင့် စီးပွားရေးချောင်လည်စွာဖြင့် သင့်တင့်လျောက်ပတ်စွာ နေနိုင်၊ စားနိုင်၍ သားသမီးတွေကို ကျောင်းထားပြီး သက်ထွန်းအား တက္ကသိုလ်ပို့နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဦးဘလှမှာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း တီဘီရောဂါ စွဲကပ်လာခဲ့၏။

ဦးဘလှ တီဘီရောဂါစွဲကပ်လာခြင်းနှင့် သက်ထွန်းအဖမ်းခံရခြင်းသည် စီးပွားရေး ယိုယွင်းပျက်စီးဖို့ရာ အကြောင်းရင်းခံ နှစ်ရပ်ဖြစ်လာရလေသည်။

တီဘီရောဂါဟူသည်ကား တစ်နေ့တခြား လုံးပါးပါးစေသော ဝေဒနာဆိုးဖြစ်သောကြောင့် ဦးဘလှမှာ အလုပ်လုပ်ရာ၌ စိတ်သွားတိုင်း ကိုယ်မပါဘဲ လစ်ဟင်းမှုတွေ ဖြစ်လာခဲ့ရ၏။ ကျောင်းတက်နေရသောကြောင့် ကျော်

mgyoe.com

mgyoe.com


မင်းကလည်း ထိထိရောက်ရောက် အကူအညီပေးနိုင်ခြင်း မရှိချေ။

သူ့ငွေးရောဂါဟုခေါ်သည့် တီဘီရောဂါ ခံစားနေရသည် ဖြစ်သော ကြောင့် ငွေကုန်ကြေးကျ အလွန်များလေသည်။ ထိုစဉ်က တီဘီရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သောဆေးဝါးလည်း မပေါ်ခဲ့သေးပေ။ ထို့ကြောင့် ထိုရောဂါစွဲကပ်ခံရလျှင် တဖြည်းဖြည်း လုံးပါးပါးရသည်သာ ဖြစ်ချေသည်။ အားရှိအောင် အစားကောင်းစား၊ အကောင်းဆုံးအားဆေး မှီဝဲပြီး ရောဂါတိုးပွားမှုမမြန်အောင် တားနိုင်သမျှတားကာ အချိန်ဆွဲ ထားခြင်းလောက်သာလျှင် အတတ်နိုင်ဆုံး လုပ်နိုင်သောအရာ ဖြစ်လေသည်။

ရောဂါရင့်လာချိန်၌ သက်ထွန်းရှိနေမည်ဆိုပါက ထိုလုပ်ငန်းကို ထိန်း သိမ်းလုပ်ကိုင်သွားနိုင်ဦးမည် ဖြစ်လေသည်။

ညီငယ်၊ ညီမငယ်အားလုံး ကျောင်းသူ၊ ကျောင်းသားများဖြစ်ခြင်း၊ စား အိုးကြီးခြင်းအပြင် ဆိုးဝါးသည့် ရောဂါစွဲကပ်ခံရသောကြောင့် ငွေကုန်ကြေး ကျများရခြင်း၊ လုပ်ငန်းတွင် လစ်ဟင်းမှုများရှိလာခြင်းကြောင့် စီးပွားရေး အခြေအနေ ဆုတ်ယုတ်ကျဆင်းလာရလေတော့၏။

ဦးဘလှ၏ ကျန်းမာရေး ယိုယွင်းပျက်ပြားပြီး လုံးပါးပါးရသည်နှင့် အမျှ စီးပွားရေးသည်လည်း ယိုယွင်းပျက်ပြား လုံးပါးပါးလာခဲ့ရ၏။

သို့ဖြင့် စစ်ဖြစ်မည့်နှစ်မှာပင် ကြွေးရှင်လက်သို့ သစ်ခွဲစက်ကလေး ထိုး အပ်လိုက်ရ၏။

ကျော်မင်း ဆယ်တန်းအောင်၍ တက္ကသိုလ် ဆက်မနေနိုင်သောကြောင့် ဖခင်ကြီး ကွပ်ကဲသည့် ထိုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ခဲ့သော်ငြားလည်း ပြန်လည် နာလန်ထူလာနိုင်ခြင်း မရှိသေးခင်အတွင်းမှာပင် ခေတ်ပျက်သွား လေသည်။

ယခု ချွတ်ခြုံကျနေချိန်တွင် သက်ထွန်း ပြန်ရောက်လာခြင်းဖြစ်သော ကြောင့် မိဘနှစ်ပါးရော ညီအစ်ကို မောင်နှမများပါ ဝမ်းသာအားတက်လာ ကြ၏။

အကယ်၍ သက်ထွန်းသာရှိနေခဲ့လျှင် စီးပွားရေးအရ ယခုလို ချွတ်ခြုံ ကျသွားလိမ့်မည် မဟုတ်ပေ။

ဤသည်ပင်လျှင် တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် ကိုယ်ကျိုး

mgyoe.com

mgyoe.com


စွန့် အနစ်နာခံရခြင်း ဖြစ်ချေသည်။

'ဒီအချိန်မှာ သားကြီးပြန်ရောက်လာတော့ မေမေတို့ အားရှိသွားတယ်' ဟု မိခင်ကြီးက ပြောလိုက်၏။

'ခုနေအခါမှာ အစ်ကို့အနေနဲ့ နေရာကောင်းရနိုင်တယ်။ အဲဒီလို နေရာရရင် ကျွန်တော်တို့မိသားစု ရပ်တည်ရေးကို ထိန်းသွားနိုင်မယ်။ ဒါတင်မကဘဲ ကျွန်တော့်ကိုပါ အလုပ်တစ်ခုခုရအောင် အစ်ကို လုပ်ပေးပေါ့။ အဲဒီလိုဆို ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လုံး ဝင်ငွေရတာကြောင့် ပြန်မတ်လာနိုင်တယ်' ဟု ကျော်မင်းက ဝမ်းသာအားရ ပြောလိုက်၏။

စီးပွားရေး ချွတ်ခြုံကျကာ နွမ်းပါးနေသော မိသားစုကိုတွေ့ရသောကြောင့် သက်ထွန်းစိတ်ဝယ် ကြေကွဲမိလေသည်။

'ကိုကိုကြီး ဘာရာထူးရမလဲဟင်၊ ကိုကိုလေး အလုပ်ရအောင်လည်း ကိုကိုကြီး တတ်နိုင်မှာပဲနော်။ ညီမတို့တစ်တွေရဲ့ စီးပွားရေးအခြေအနေပြန်ကောင်းလာတော့မှာ အသေအချာပါပဲလေ။ ညီမ ဝမ်းသာလိုက်တာ။ ကိုကိုကြီး အနစ်နာခံ ဆောင်ရွက်ခဲ့တာ အလကားမဖြစ်တော့ဘူး။ အနစ်နာခံရကျိုးနပ်တယ်။ အစကတော့ အလကားသက်သက် အနစ်နာခံနေရတာ အောက်မေ့ခဲ့သေးတယ်။ ကိုကိုကြီးလုပ်တာ အဓိပ္ပာယ်မဲ့ မဟုတ်ကြောင်း ညီမ ခုမှ သဘောပေါက်လာတယ်'

ညီမဖြစ်သူ တင့်တင့်က ဤသို့ပြောပြီး တင့်တင့်ထက်အငယ် ဆင့်ဆင့်ကလည်း

'ဟော့ တူနိုင်မယ် မထင်ကြနဲ့ဟော့၊ ငါတို့ ကိုကိုကြီးက ဟို ကလေကချေလူတွေထက် အဆရာထောင်သာကြောင်း လူတကာသိတယ်။ သူတို့တောင်မှ ဒီလောက်ကောင်းစားနေရင် ကိုကိုကြီးက သူတို့ထက် ကိုးဆယ်ဆ သာရမဟော့' ဟူ၍ ဝမ်းသာအားရ ကြုံးဝါးပစ်လိုက်၏။

'ကိုကိုကြီးရေ၊ ကျွန်တော်တော့ မော်တော်ကား သိပ်စီးချင်တာပဲဗျာ။ ဗိုလ်သူတော်ဆိုတဲ့လူကြီးနဲ့ ဗိုလ်မုတ်ဆိတ်တို့ နှစ်ယောက်ဟာလေ စက်သူဌေးတစ်ယောက်ရဲ့ မော်တော်ကားကြီးကို သိမ်းယူထားပြီး စတိုင်နဲ့စီးနေကြတယ်ဗျ။ သူတို့တောင်မှ ဒီလိုစီးနိုင်သေးရင် ကိုကိုကြီးဆို ဘယ်ပြောစရာရှိမလဲ'

mgyoe.com

mgyoe.com


အငယ်ဆုံး ညီကလေး ထွန်းလင်းကလည်း အားကိုးတကြီးနှင့် ဤသို့ ပြောလိုက်ပေသေး၏။ ဝမ်းသာအားရ ပြောနေကြသော မိခင်၊ ဖခင်၊ ညီငယ်၊ ညီမငယ်တို့၏ မျက်နှာတွေကို သက်ထွန်း ကြေကွဲစွာပင် ကြည့်နေမိလေသည်။

သားအမိ၊ သားအဖတွေ စကားပြောဆိုနေခိုက်တွင် ဧည့်သည်သုံးဦး ဝင်ရောက်လာကြ၏။

ဧည့်သည်တွေကား ဦးဘလှ၏ မိတ်ဆွေများဖြစ်၍ သက်ထွန်းကိုလည်း ကောင်းကောင်းသိသဖြင့် သက်ထွန်းအား နှုတ်ဆက်ရန် လာရောက်ကြခြင်း ဖြစ်လေသည်။

'ဝမ်းသာတယ်ကွာ၊ မင်းပြန်ရောက်တယ် ကြားရတာ၊ သိပ်ကို ဝမ်းသာတယ်။ ဘေးမသီရန်မခ ပြန်ရောက်လာပြီး မိသားစုတွေ ပြန်တွေ့ရလို့ ပျော်ရွှင်နေကြမှာကို တွေးပြီးတော့လည်း ငါတို့ ဝမ်းသာတယ်။ နောက်ပြီး လူထုတွေ စိတ်မချမ်းမသာ ဖြစ်နေရတုန်း မင်းလိုလူတစ်ယောက် ပြန်ရောက်လာတာကြောင့်လည်း ဝမ်းသာတယ်။ သူတော်တို့၊ သစ္စာတို့လိုကောင်တွေ ကြီးစိုးမင်းမူပြီး ထင်ရာစိုင်းနေတာကြောင့် လူတော်တော်များများ စိတ်မချမ်းမသာဖြစ်နေကြရတယ်။ မောင်သက်ထွန်းလို တကယ်တမ်း ဟုတ်တိပတ်တိ လုပ်လာတဲ့လူ ပြန်ရောက်လာတော့ကာ ထင်ရာစိုင်းပြီး ရမ်းကားနေတဲ့ကောင်တွေကို ဇက်သတ်ချုပ်ကိုင်ပေးနိုင်တော့မယ်ဆိုပြီး တို့တစ်တွေ ဝမ်းသာနေကြတယ်'

လူလတ်ပိုင်းအရွယ် ဦးအောင်သိန်းဆိုသူက သည်လိုပြော၍

'ဒီကောင်တွေဟာလေ တစ်မြို့လုံး၊ တစ်နယ်လုံးရှိသမျှ လူတွေကို သူတို့ရဲ့ လက်အောက် ခြေသားတွေအောက်မှာပြီး နိုင်ထက်ကလူ အမျိုးမျိုးနှိပ်စက်ညှဉ်းဆဲ နေတော့တာပဲကွာ။ ကိုယ်ကျိုးရှာလိုက်တာဆိုလည်း အလွန်ပဲ၊ အာဏာပြလိုက်တာကလည်း အရမ်းကာရော။ နောက်ပြီး တစ်သက်လုံး မစားဖူးတာတွေစား၊ တစ်သက်လုံး မနေခဲ့ဖူးတဲ့ အိမ်ကောင်းတွေပေါ် တက်နေ၊ တစ်သက်လုံး မသုံးစဖူး အသုံးအဆောင်တွေသုံးပြီး ဖိမ်ခံနေကြတာကလည်း အမြင်ကတ်စရာကောင်းလွန်းလို့ လူတိုင်းမြင်ပြင်းကတ်နေတယ်' ဟု ဦးဘလှနှင့် သက်တူရွယ်တူလောက်ရှိသော ဦးထွန်းမြတ်ဆိုသူ

mgyoe.com

mgyoe.com


က ပြောလိုက်၏။

'မောင်သက်ထွန်းလိုလူကတော့ သူတို့ရဲ့ အထက်ကနေရမှာပါ။ ကိုယ်ယူရမယ့်တာဝန်ကို မြန်မြန်ဆန်ဆန် ဝင်ယူပြီး အဲဒီဖွတ်မိကျောင်းတွေကို ရှင်းပစ်ပေတော့ကွာ'

ဦးအေးမောင်ဆိုသူကလည်း သည်လိုပြောလေသည်။

ထို့နောက် ကိုသူတော်နှင့် ကိုသစ္စာတို့ မင်းမူနေသည့် အချိန်ကာလတစ်လျှောက်တွင် အာဏာပြပုံများ၊ နှိပ်စက်ညှဉ်းဆဲပုံများ၊ မောက်မာ ထောင်လွှားပုံများနှင့် ကိုယ်ကျိုးရှာပုံများကို တစ်ခုပြီးတစ်ခု သူတို့သိသမျှ ပြောပြသွားကြ၏။

မြန်မာပြည်သို့ ဖက်ဆစ်ဂျပန်များ ရောက်လာခြင်းသည် ကိုသူတော်နှင့် ကိုသစ္စာတို့လို လူတွေအတွက် ရတနာပုံဆိုက်လာခြင်းပင်တည်း။

'တို့ခေတ်ရောက်ပြီ၊ တို့ခေတ်ရောက်ပြီ'

အဲသည်လို အကျယ်လောင်ဆုံး ဟစ်ကြွေးနေသူကား ထိုသူများပင်တည်း။

'ဒီအချိန်မှာ မောင်သက်ထွန်း ပြန်ရောက်လာတာ နေရာကျသကွာ၊ မင်းလိုလူကတော့ သူတို့ထက်ပိုပြီး အထက်တန်းရောက်နိုင်တာကြောင့် ဒီလို မဖွယ်မရာ လုပ်နေတာတွေကို အထက်ကနေ ထိန်းချုပ်ပေးပေတော့ဟေ့'

ဧည့်သည်တို့ နောက်ဆုံး သည်လိုပြောသည့်အခါ မိဘနှစ်ပါးရော၊ ညီမငယ်အားလုံး သူတို့၏သားကြီးဩရသနှင့် အစ်ကိုကြီးအား ဂုဏ်ယူစွာပင် ကြည့်မိကြလေသတည်း။

## (၄)

'ဒိုင်း ဒိုင်း ဒိုင်း'

သေနတ်သံများ ရတ်တရက် ထွက်ပေါ်လာပြီး ထိုနေရာတစ်ဝိုက် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့၏။

သေနတ်ပြောင်းဝချိန်ရွယ်နေသည်က သက်ထွန်း၏ကျောပြင်ဆီ ဖြစ်ချေသည်။

မြို့လယ်ကောင် လမ်းတစ်လမ်းပေါ်မှာဖြစ်ပြီး အချိန်မှာမူကား အလင်းကို

mgyoe.com

mgyoe.com


ဆောင်နေသည့် နေဝန်းမျက်ကွယ်ပြုသွားသည့် အကာလ ညချမ်းချိန်ခါဖြစ်၏။

သက်ထွန်းနှင့် ကျော်မင်း ညီနောင်နှစ်ဦးတို့ ညဥ့်ဦးယံဝယ် မြို့လယ်လမ်းတစ်လမ်းပေါ် လျှောက်လှမ်းနေခိုက် တစ်စုံတစ်ယောက် ချောင်းမြောင်းကာ သေနတ်နှင့် လှမ်းပစ်လိုက်ခြင်း ဖြစ်ချေသည်။

မြို့လယ်လမ်းတစ်လမ်းဖြစ်သော်လည်း မှောင်နေသောကြောင့် လူသွားလူလာကျဲလေသည်။

ချောင်းမြောင်းပစ်ခတ်သူသည် သက်ထွန်းအား သေသေချာချာ ထိမှန်အောင် ချိန်ရွယ်ပစ်ခတ်လိုက်၏။ လမ်းဘေးရှိ သစ်ပင်တစ်ပင်အကွယ်ကနေ မှောင်ခိုပြီး ပစ်ခတ်ခြင်းဖြစ်၏။

ကံသီလို့သာပဲ။

သေသေချာချာ ချိန်ရွယ်ပစ်ခတ်သော်လည်း သက်ထွန်းကို မထိချေ။

သက်ထွန်းကို မထိသော်လည်း ကျော်မင်း၏ ပခုံးတစ်ဖက်က သွေးတွေ ယိုစီးကျဆင်းလာလေတော့၏။

သေနတ်သံများကို ကြားရသော်လည်း ထိုသေနတ်သံများ ဖုံးလွှမ်းထားသဖြင့် လူနှစ်ယောက်တို့ အော်လိုက်သည့် အသံကိုမူ အနီးအပါးကလူများကြားမိခြင်းမရှိချေ။

ဟေး ဟေး။

သစ်ပင်အကွယ်တွင် မှောင်ရိပ်ခို ရပ်နေသူတစ်ဦးက သေနတ်ကိုထုတ်၍ လမ်းပေါ်လျှောက်သွားသူနှစ်ဦးဆီ ချိန်ရွယ်လိုက်သည်ကို အိမ်တစ်အိမ်ထဲကနေ လမ်းပေါ်ထွက်လာသူနှစ်ယောက်က ရုတ်ခနဲမြင်လိုက်ကြရသဖြင့် တစ်စုံတစ်ယောက်အား လုပ်ကြံနေပြီဆိုသည်ကို ချက်ချင်းသိကာ အော်ဟစ်လိုက်ကြ၏။

ခေတ်ပျက်နေချိန်မို့ ညအခါ လမ်းထွက်ခိုက်တွင် တုတ်တစ်ချောင်းစီကိုင်ဆောင်လာသူနှစ်ဦးသည် သားကောင်ကိုသာ မဲနေသည့်မုဆိုးလို သူ့နောက်နား အခြားသူနှစ်ဦး ရောက်လာခြင်းကို မသိနိုင်ဖြစ်နေသော လုပ်ကြံသူအား တစ်ယောက်ပြီးတစ်ယောက် တစ်ဆက်တည်း တုတ်နှင့် ရိုက်နှက်ပစ်လိုက်၏။ သေနတ်က ကျည်ဆန်ထွက်သွားသော်လည်း ထိုသည်နှင့်

mgyoe.com

mgyoe.com


တစ်ချိန်တည်းတွင် သေနတ်သမား မြေပေါ်ဝမ်းလျားထိုး လဲကျသွားလေတော့၏။

သေနတ်မောင်းကိုကား ဖြုတ်လိုက်နိုင်ပါ၏။ သို့သော် ချိန်ရွယ်ရာသို့ ကျည်ဆန်တည့်တည့် မသွားတော့ချေ။

ဤသို့ဖြင့် သက်ထွန်း၏ကျောပြင်ကို ထိမှန်ခြင်းမရှိဘဲ ကျည်ဆန်တစ်တောင့်က ကျော်မင်းပခုံးကိုသာ ခွင်းလိုက်နိုင်ပြီး နောက်တစ်ချက်အောက် စိုက် ထွက်သွားရလေသည်။

လူသတ်ရန် ကြံစည်ကြိုးစားသည့် တရားခံကို လက်ပူးလက်ကြပ် ဖမ်းဆီးမိလေပြီ။

တိုက်တိုက်ဆိုင်ဆိုင် ထိုသူ့နောက်နား ရောက်လာသူတို့က နှောင့်နှေးတွန့်ဆုတ်ခြင်းမရှိဘဲ တုတ်နှင့်ရိုက်ပစ်သောကြောင့် ရှေ့စိုက်လဲကျသွားသူ၏ လက်ထဲက သေနတ်လွတ်ကျသွားသည်ကို တစ်ယောက်သောသူက ချက်ချင်းကောက်ယူလျက် အနီးအပါးမှ လူများကိုပါ အော်ခေါ်ပြီး တရားခံအား ဖမ်းဆီးနိုင်လိုက်၏။

ကျော်မင်း၏ပခုံးကို ထိမှန်ဒဏ်ရာရရှိသွားသဖြင့် ကျော်မင်းအား ဆေးရုံပို့ပြီး တရားခံအား အုပ်ချုပ်ရေးအဖွဲ့ရုံးခန်းသို့ ခေါ်ဆောင်ပို့အပ်လိုက်ကြ၏ ။

တရားခံအား သက်ဆိုင်ရာသို့ သွားရောက်အပ်နှံခြင်းမပြုမီ အခြားသူများနှင့်အတူ သက်ထွန်းကိုပါ မေးမြန်းစစ်ဆေးကြည့်သော်လည်း တရားခံသည် ဖြောင့်ချက်မပေးရုံမက အဖြေပေးရန်ကိုပင် ခေါင်းမာစွာ ငြင်းဆန်နေခဲ့၏ ။

ဘာကြောင့် မိမိတို့အား လုပ်ကြံပစ်ခတ်သနည်း။

ဘယ်သူက အပစ်ခိုင်းသနည်း။

တရားခံသည် ထိုမေးခွန်းနှစ်ရပ်စလုံးကို အဖြေပေးရန် ခေါင်းမာစွာပင် ငြင်းဆန်လေတော့၏ ။

'ခင်ဗျားတို့ အာဏာပိုင်မဟုတ်ဘူး၊ ကျုပ် မဖြေနိုင်ဘူး။ သက်ဆိုင်ရာ အာဏာပိုင်တွေဆီရောက်မှ ကျုပ်ကိုစစ်ဆေးပါစေ'

တရားခံ၏ ဦးခေါင်းမှာ တုတ်ချက်ကြောင့် ကွဲအက်ပြီး သွေးသံရဲရဲ

mgyoe.com

mgyoe.com


ရှိနေသော်လည်း တရားခံ၏ ပြောပုံဆိုပုံ မာကျောလှ၏။ အတန်တန်မေး သော်လည်း အဖြေမပေး ငြင်းမြဲ ငြင်းသဖြင့် နောက်ဆုံး လူအုပ်ကြီးတစ်ခု လုံး သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်တို့၏ စခန်းတစ်နေရာအရောက် ထိုသူကို ခေါ်ဆောင်သွားကာ အပ်နှံလိုက်ရ၏။

ညီနောင်နှစ်ဦးတို့ လမ်းထွက်လာသည်ကား အလည်အပတ်ထွက်လာ နေခြင်း မဟုတ်ချေ။

စီးပွားရေးအခြေအနေ ယိုယွင်းပျက်ပြားနေသော မိသားစုတစ်ခုလုံး၏ ရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခုလုပ်ဖို့ ကြံစည်ကြိုးစားရင်း သွားလာလှုပ်ရှားနေရခြင်း ဖြစ်လေသည်။

လဲ့လဲ့၏အမြင်၊ သက်ထွန်း၏ မိဘများနှင့် ညီငယ်၊ ညီမငယ်တို့၏ အမြင်ရော၊ အခြားသူတွေ၏ အမြင်က သက်ထွန်းတစ်နေရာရာရပြီး ကောင်း စားချမ်းသာလာဖို့သာ ရှိသည်ဆိုသောအမြင်ဖြစ်၏။

သို့သော် သက်ထွန်းလုပ်ပုံက အမြင်နှင့် တခြားစီ ဖြစ်နေလေတော့ ၏ ။

ဘယ်လိုအခွင့်အရေးကိုမှ ရအောင်မကြိုးစားဘူး၊ ဘာရာထူးမှလည်း မတောင်းဘူး။ ကိုယ့်ဘာသာ လုပ်စားမယ်ဆိုသည့် စကားကိုသာလျှင် သက် ထွန်း ပြောကြားခဲ့လေသည်။

'ဖေဖေ မကျန်းမာဖြစ်နေတာကြောင့် မိသားစုတာဝန်ကို ကျွန်တော် ကိုယ်တိုင် ဦးဆောင်ထမ်းရွက်ရမယ်ဆိုတာ နားလည်တယ်။ ဖေဖေ့ကိုပြုစု ရမယ့် ဝတ္တရားကိုလည်း ကျွန်တော် နားလည်တယ်။ ဒါ့ကြောင့် ဝင်ငွေရနိုင် မယ့် အလုပ်တစ်ခုခုလုပ်မယ်။ ကျွန်တော်တို့ညီအစ်ကို ပညာအရည်အချင်း လည်းရှိတယ်။ လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းအားလည်းရှိတယ်။ အဲဒီတော့ ကိုယ့် အရည်အချင်း၊ ကိုယ့်စွမ်းအားနဲ့ ကိုယ့်ဘာသာကိုယ် လုပ်စားမယ်၊ နိုင်ငံရေး လုပ်ခဲ့တာ အကြောင်းပြပြီး အခွင့်အရေး မရှာလိုဘူး။ ကိုယ့်ဘာသာ လုပ်စား မယ်'

ဤသို့ပြောပြီးနောက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခုလုပ်ဖို့ သက်ထွန်း ကြံစည်ကြိုးစားခဲ့လေသည်။

လယ်ထောင်လုပ်ငန်း၊ သစ်ဆိုင်လုပ်ငန်း လုပ်မလား။

mgyoe.com